The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 10 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 7 , 2016



# များများ ရောင်းနိုင်မှ ကောင်းမည့်ကြက်သွန်နီ

| မျိုးသူ -ကုန်သွယ်မြှင့် | ၁၈

## မျက်မှောက်ခေတ် ကုန်သွယ်ရေး ကိုလိုနီဝါဒသစ်



၁၂

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်အသစ်အား စတင်ထုတ်လွှင့် ၄

ရှမ်းကြက်သွန်ဖြူအသစ်များ ဈေးကွက်သို့စတင်ဝင် ၆

ယင်းမာပင်ခရိုင်တွင် ဝါဂွမ်းဈေးကောင်းရလျက်ရှိ ၁၅



ပူပြင်းတဲ့ နွေရာသီကို အေးမြလန်းဆန်းစွာ ဖြတ်ကျော်နိုင်ဖို့ ယနေ့လူကြိုက်များနေတဲ့
နာမည်ကြီး လျှပ်စစ်ပစ္စည်း များကို တစ်နေရာတည်းမှာ စုံလင်စွာရရှိနိုင်မည့် အစီအစဉ်..
Ocean
SUPERCENTER
it's a Cool Summer
Aircon, Air Cooler, Refrigerator, Air Purifier, ပန်ကာ
စသည်များကို လက်ဆောင်ပစ္စည်းများနှင့် အထူးလျှော့ဈေး
2nd to 8th March 2016
@ North Point and Shwe Ghone Daing Branch
18th to 24th March 2016
@ Pazundaung, Ottarathiri, Mingalar Mandalay, Monywa and Mawlamyaing Branch
Kangaroo
In cooperation with
ELBA
HITACHI Inspire the Next
Kangaroo
Midea
MITSUBISHI HEAVY INDUSTRIES, LTD. AIR CONDITIONERS
NIBBAN
Panasonic
Whirlpool
North Point Branch - ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-652959, 652960, 652961, 652962
Pazundaung Branch - မဟာဗန္ဓုလတံတားအနီး၊ မဟာဗန္ဓုလလမ်းနှင့် ဘာဝတီသာလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-397146, 49, 397906, 07
Shwe Ghone Daing Branch - ရွှေဂုံတိုင်လမ်းနှင့် ဗညားဒလလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph : 01-8603868
Ottarathiri (Nay Pyi Taw) Branch - ဇေယျာဌာနီလမ်းနှင့် မန္တလေးလမ်းထောင့်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ Ph : 067 417621 – 22
Mingalar Mandalay Branch - ၇၃လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား၊ မင်္ဂလာမန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ Ph : 02 2000112 – 115
Monywar Branch - အမှတ် (၆၈၁)၊ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းကြား ၊ မုံရွာတောင်ရပ်ကွက်၊ ကားလေးကွင်းအနီး၊ မုံရွာမြို့။ Ph : 071-28372 / 28373
Mawlamyaing Branch - သံလွင်ဥယျာဉ်ဝင်း၊ သိမ်ကုန်းလမ်းနှင့် တနင်္သာရီလမ်းထောင့်၊ မော်လမြိုင်အထက်လမ်းမကြီး ဘိုကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။ Ph : 057 24271, 057 24273
www.oceansupercenter.com.mm
OceanSupercenterMyanmar
oceansupercenter

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်အသစ်အား စတင်ထုတ်လွှင့်



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းများအား ယခင်ကထက် ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုလွယ်ကူစွာ ဖြန့်ဖြူးပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်အသစ်ကို မတ် ၇ ရက်မှစတင်ကာ ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဝက်ဘ်ဆိုက်အသစ်စတင် ထုတ်လွှင့်ရန်အတွက် မိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၁ ရက်က ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပခဲ့သည်။

ယင်းမိတ်ဆက်ပွဲအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက "အဓိက ကတော့ကျွန်တော်တို့မြန်မာနိုင်ငံမှာ လာပြီးရင်းနှီးမြှုပ်နှံနေကြတဲ့ နိုင်ငံခြားသားတွေရော၊ ပြည်တွင်းမှာရှိနေတဲ့လုပ်ငန်းရှင်တွေရော လုပ်ငန်းတစ်ခုကို ဘယ်လိုလုပ်ရမလဲ၊ သတင်းအချက်အလက်ကို ဘယ်လိုယူရမလဲဆိုတဲ့အခက်အခဲတွေ အများကြီးကြုံတွေ့နေရပါတယ်။ ဒါကြောင့် အဲဒီကိစ္စတွေနဲ့ပတ်သက်ပြီး ပြည်သူ တွေကြားထဲကို၊ နိုင်ငံတကာကို သတင်းတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိအောင် ကျွန်တော်တို့ရဲ့ရှိနေတဲ့ ဝက်ဘ်ဆိုက်ကို Upgrade လုပ်တာဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်ကို လုပ်လိုက်တဲ့အတွက် ပထမဆုံးအကျိုးခံစားရမှာကတော့ မြန်မာနိုင်ငံအတွင်းမှာ စီးပွားရေးလုပ်ဆောင်နေကြတဲ့နိုင်ငံသားရော၊ နိုင်ငံခြားသားလုပ်ငန်းရှင်များအနေနဲ့ပါ အကျိုးခံစားကြရမှာဖြစ်ပါတယ်။ အဓိကအချက်ကတော့ မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့လိုအပ်တဲ့သတင်းအချက်အလက်တွေ ကိန်းဂဏန်းတွေ ပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး စီးပွားရေးဆောင်ရွက်ဖို့ရောက်ရှိလာတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ သံရုံးတွေ၊ ပြည်ပမှာရှိတဲ့မြန်မာသံရုံးတွေအနေနဲ့ သိချင်တဲ့အချက်အလက်တွေကို စာပေးစာယူနဲ့ မေးစရာမလိုတော့ဘဲ သိချင်တဲ့အကြောင်းအရာတွေကို ဒီဝက်ဘ်ဆိုက်မှာ အချိန်နဲ့တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ အခုလိုကျွန်တော်တို့ရဲ့ဝက်ဘ်ဆိုက်ကို Upgrade လုပ်လိုက်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတိုးတက်ဖို့အတွက် အများကြီးအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါဝက်ဘ်ဆိုက်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားပြီး မိမိသိရှိလိုသည့်အကြောင်းအရာများကို ကလစ်တစ်ချက်နှိပ်ရုံဖြင့် သိရှိနိုင်မည်ဖြစ်သည်။ အဆိုပါဝက်ဘ်ဆိုက် ဖြစ်ပေါ်လာရေးအတွက် ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (GIZ) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး GIZ မှ နည်းပညာသာမက ငွေကြေးထောက်ပံ့မှုများပါ ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

Upgrade ပြုလုပ်ခဲ့သည့် ဝက်ဘ်ဆိုက်အသစ်တွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များအား ဖတ်ရှုရလွယ်ကူစေပြီး မြန်ဆန်စွာဖတ်ရှုနိုင်ရန် ဖော်ပြထားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝက်ဘ်ဆိုက်အသစ်တွင် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို အစဉ်လိုက်ဖော်ပြထားပြီး ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်များ မည်ကဲ့သို့လျှောက်ထားရမည်ကိုလည်း ဖော်ပြထားကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာ သတင်းအချက်အလက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းအင်းများ၊ မှတ်ပုံတင်ထားသော ကုမ္ပဏီအမည်များအား ရှာဖွေခြင်းနှင့်မေးလေ့ရှိသော မေးခွန်းများနှင့် အဖြေများကိုလည်း ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။ အဆိုပါဝက်ဘ်ဆိုက်ကို ကွန်ပျူတာများတွင်သာမက မိုဘိုင်းဖုန်းများတွင်ပါ အလွယ်တကူကြည့်ရှုနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ယင်းဝက်ဘ်ဆိုက်၏ လိပ်စာမှာ www.dica.gov.mm ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မန္တလေးတိုင်းဒေသကြီး စားသုံးဆီ စားသုံးသူများအကျိုးကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးရုံးမှ ဦးစီးကျင်းပသည့် စားသုံးဆီစားသုံးသူများ အကျိုးကာကွယ်စောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့ပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မန္တလေးတိုင်းဒေသကြီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (MITS) မှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်စန်းစန်းဝင်း၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်(ငြိမ်း) ပါမောက္ခ ဒေါက်တာအောင်မြင့်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ ပါတယ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက အမှာစကား ထပ်မံပြောကြားခဲ့ပါတယ်။ ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဆွေတင့်ကြူးက စားသုံးသူနှင့်ပတ်သက်၍ စားသုံးသူများအတွက် ဘေးကင်းလုံခြုံမှုရှိရန် လိုအပ်ခြင်းနှင့် စားသုံးသူများ ထိခိုက်နစ်နာမှု၊ လိမ်လည်ခံရခြင်း မရှိရန်အတွက် "စားသုံးဆီ စားသုံးသူများအကျိုး ကာကွယ်စောင့်ရှောက်ရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါတယ်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲ နေ့လယ်ပိုင်းတွင် လက်လီရောင်းချသူများအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဆန်းရီက စားသုံးဆီတင်သွင်း၊ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် လက်လီရောင်းချသူများအပိုင်းမှ ဆွေးနွေးပြောကြားခဲ့ပြီး အောင်မြင်သူဆီ တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီက ဆီတင်သွင်းဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းကုမ္ပဏီ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်စန်းစန်းဝင်းက ဆီအရည်အသွေးစစ်ဆေးမှုအပိုင်းများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးရှင်းလင်းမှုများအပြီးတွင် ဆွေးနွေးမှုများအပေါ် အုပ်စုများဖွဲ့၍ သုံးသပ်၊ အကြံပြုချက်များ တင်ပြရာတွင် ဆီပေပါများ သယ်ယူစဉ်လမ်းတစ်လျှောက် လုံခြုံစိတ်ချမှုရှိစေရန် ချိတ်ပိတ်ခြင်း၊ ကျန်းမာရေး ကောင်းမွန်သည့် စားသုံးဆီများရရန်၊ ကောင်းမွန်သော ထုပ်ပိုးသည့်စနစ်ဖြင့် ပြုလုပ်ကြရန်၊ Packing တွင် ကုန်အမှတ်တံဆိပ်များ ပြည့်စုံစွာဖော်ပြရန်၊ ဆီပေပါများဆေးကြောသည့်ဝန်ဆောင်မှု အဖွဲ့(သို့မဟုတ်) သန့်ရှင်းသောအဖွဲ့များပြုလုပ်ပေးရန်၊ တင်သွင်းဖြန့်ဖြူးသူများအတွက် အစိုးရ၏ထောက်ပံ့ကူညီပေးမှုများအား ထုတ်ပြန်ထားရန်၊ တိကျသော ဥပဒေများဖြင့် အရေးယူမှုများ ဆောင်ရွက်ပေးရန်၊ ဆီပေပါအသစ်များဖြင့် တင်သွင်းခွင့်ပြုရန်၊ ရောနှောဆီများ ရောင်းချခွင့်မပြုရန်၊ ပရဟိတစစ်စစ် NGO အဖွဲ့များနှင့် ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန်၊ သုတေသန ပြုလုပ်ခြင်းများကို နိုင်ငံတော်အဆင့်ထားရှိရန်၊ ရောနှောဆီနှင့်ပတ်သက်၍ ရောင်းချလျှင် စံချိန်စံညွှန်းသတ်မှတ်ပြီးမှသာ အဆိုပါ စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချစေလိုကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် မိမိကိုယ်တိုင်လည်း စားသုံးသူဖြစ်ကြောင်း သတိထားလာနိုင်စေရန်၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် အစရှိသည်တို့ကိုအုပ်စုအလိုက် ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

အုပ်စုအလိုက် တင်ပြမှုများအပေါ် သဘာပတိက သုံးသပ်ရာတွင် ဆီစားသုံးမှုပုံစံကို ထိထိရောက်ရောက် ပညာပေးရန်လိုကြောင်း၊ ထုပ်ပိုးမှုအန္တရာယ်ကင်းစေရန် ကုန်သည်ကြီးများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ ဆောင်ရွက်စေလိုကြောင်း၊ ပြည်တွင်းစားသုံးဆီ တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထပ်ဆင့်ရောင်းချသူများအနေဖြင့် ရောနှောရောင်းချခြင်းမပြုရန်၊ စိစစ်ပေးရန် လိုအပ်ကြောင်း၊ ရောနှောသူများကိုလည်း ထိထိရောက်ရောက် အရေးယူရန် လိုအပ်ပါကြောင်း၊ ပရဟိတ စစ်စစ် NGO အဖွဲ့များနှင့်လည်း ပူးပေါင်းလက်တွဲရန် လိုအပ်ပါကြောင်း၊ နည်းဥပဒေတွင် ပြည်သူက ဥပဒေရဲ့အကျိုးကို မခံစားရသည်များကိုပြင်ဆင်သင့်ကြောင်း၊ မိမိထုတ်လုပ်သည့် ကုန်ပစ္စည်းအပေါ် အာမခံနိုင်မှုပေးရန် လိုအပ်ပါကြောင်း၊ MITS လုပ်ငန်းများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုပါကြောင်း၊ ပေပါခွံများကိုစစ္စမှာ အာမခံရှိတာကို သုံးသင့်ပါကြောင်း၊ ရောနှောဆီများကို အတိအကျအရေးယူရန် လိုအပ်ပါကြောင်း အစရှိသည်တို့ကို ပြန်လည်သုံးသပ်ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**မြို့ရီ-စားသုံးသူ(မန္တလေး)**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၃၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 16, No.10 Monday March 7 2016



# ဝါးတန်းဒိုင်မှာ အရည်အသွေးကောင်း ဆန်ချောများ ဈေးမာပြီးအရောင်းအဝယ်အေး

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)ရဲ့ မတ် ၄ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၉၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၁၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၄၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း ပြောင်းလဲမှုမရှိဘဲ ဈေးငြိမ်နေပါတယ်။ နယ်စုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၁၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၉၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စက ဈေးငြိမ်ပြီး လတ်စတစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးမြင့်လာတာ တွေ့ရပါတယ်။

ရွှေဘိုပေါ်ဆန်းဆန်သစ် ဈေးနှုန်းကတော့ ၃၈၅၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်ဖြစ်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ဆန်ချောဖြစ်တဲ့ ပေါ်ဆန်းဆန် ထိပ်စများကတော့ ဈေးအနည်းငယ်မြင့်လာပေမယ့် ကုန်စည်ဒိုင်သို့ ပုံမှန်ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်အေးတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ် ၂၃၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ရင် ဧည့်မထဆန် ထိပ်စ၊ လတ်စ ဆန်တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဆက်လက်ပြီး ဈေးကျလာတာ တွေ့ရပါတယ်။ မနောသုခရှယ်သစ်ဈေးနှုန်း ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်နဲ့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့်ဈေးကျလာပါတယ်။ ရေကျနောက်စိုက်ဧည့်မထဆန်တစ်အိတ် ၂၂၂၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်ဖြစ်လို့ယခင်တစ်ပတ်ထက် ၆၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နွေရှယ်ဆန်(သီးထပ်) ဧည့်မထ တစ်အိတ်ဈေး ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ဆန်တစ်အိတ်ကို ၁၅၀၀ ကျပ်-၁၀၀၀ ကျပ် ဈေးကျလာကြောင်း ကုန်စည်ဒိုင်များမှ စုံစမ်းသိရှိရပါတယ်။

ဧည့်မထဆန်မှာ ဈေးမကိုက်လို့ ပြည်ပတင်ပို့မှုမရှိဘဲ ပြည်တွင်းစားသုံးမှုသာရှိပြီး ပြည်တွင်းဈေးကွက်သာရှိတဲ့ အတွက် ဈေးအေး၊ အရောင်းအဝယ် အေးလျက်ရှိတယ်လို့ သိရပါတယ်။ ဒိုင်သို့လည်း အဝင်ပုံမှန်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မူဆယ်ဆန်ဈေးကွက်ရဲ့ မတ် ၄ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ်ကို ၁၄၅-၁၅၀ ယွမ်၊ စူပါတစ်အိတ် ၁၄၅-၁၄၈ ယွမ်၊ ဧည့်မထ ၁၀ မှတ် မော်ဘီ တစ်အိတ် ၁၄၂-၁၄၄ ယွမ်၊ စူပါတစ်အိတ် ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၄၀-၁၄၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၇-၁၃၉ ယွမ်၊ ရွှေဝါထွန်း ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၅-၁၃၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၀-၁၄၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၈-၁၃၉ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၆-၁၃၇ ယွမ် အသီးသီးဖြစ်ပြီး၊ ယခင်တစ်ပတ်ထက် ဆန်တစ်အိတ်ကို တစ်ယွမ်မှ သုံးယွမ်ခန့်ထိ ဈေးတက်လာပါတယ်။ ယနေ့ မတ် ၄ ရက်ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၅ ဒသမ ၄၃ ကျပ် ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁၁ ဒသမ ၈၃ ကျပ်ခန့် ဈေးကျလာကြောင်း မူဆယ်ဈေးကွက်မှ သိရှိရပါတယ်။ မူဆယ်သို့ ပြည်တွင်းနယ်စုံမှ နေ့စဉ်ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၆၉၀ ကျော်ခန့်ဝင်ရောက်လျက်ရှိပြီး၊ ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၃၄၇၈ တန် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲ ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ တန်ချိန် ၁၃၉၄၉၈၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၉၀ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၅၄၇၆၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၈၅ သန်းကျော်ရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၁၉၅၅၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၈ သန်းကျော်ဖိုး၊ လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၄၀၂၂၂ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၄ ကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက်တန်ချိန် ၈၀၄၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT-YGN**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၃-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၇ | ၃၈၈ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၂ | ၃၈၀ | ▽ | ၃၅၀ | ၃၅၅ | △ | ၃၆၀ | ၃၆၅ | △ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၂ | ၃၇၁ | ▽ | ၃၄၀ | ၃၄၅ | △ | ၃၂၅ | ၃၃၀ | △ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၅၀ | ၃၅၅ | △ | - | - | - |

***Source: oryza.com***

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၃-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၅ | ၄၅၅ | □ | ၄၄၅ | ၄၄၅ | □ | ၄၃၅ | ၄၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၄-၃-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၆၃၆ | □ | ၃၀၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၇၁၈၀ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | △ | ၂၁၀၀၀ | □ | ၆၉၀၀ | △ | ၂၉၀၀၀ | △ |
| ရွှေဘို | ၆၇၅၀ | △ | ၂၅၀၀၀ | □ | ၁၂၀၀၀ | △ | ၃၄၅၀၀ | △ |
| စစ်တွေ | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၈၀ | □ | ၂၂၀၀၀ | ▽ | - | - | ၂၉၀၀၀ | △ |
| မန္တလေး | ၇၀၀၀ | △ | ၂၅၀၀၀ | △ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၁၀၀၀ | △ | ၆၇၀၀ | □ | ၂၆၀၀၀ | △ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၈၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီအထိ ကုန်သွယ်ရေး စခန်းများမှ ဆန်တန်ချိန် ရှစ်သိန်းကျော်တင်ပို့

ယခုဘဏ္ဍာနှစ်စ ဧပြီမှ ဖေဖော်ဝါရီအထိ ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ တန်ဖိုး ကန်ဒေါ်လာ ၃၁၆ ဒသမ ၂၁၁ သန်း၊ တန်ချိန် ၈၆၅၄၅၈ တန်နဲ့ ဆန်ကွဲတင်ပို့မှုမှာ ကန်ဒေါ်လာ ၆၉ ဒသမ ၄၈၇ သန်း၊ တန်ချိန် ၂၁၀၈၁၈ တန်ရှိပြီးဖြစ်ပါတယ်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်မှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၇၃၇ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန်တန် ၁၉၁၀ တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန် ၅၀၊ အီးယူနိုင်ငံများသို့ ငစိန်ဆန်တန် ၅၁၀၊ ဧည့်မဆန် တန် ၇၀၀ နဲ့ ပေါင်းဆန်တန် ၆၅၀ ဖြစ်ပါတယ်။ ဖေဖော်ဝါရီ တစ်လလုံးမှာ ကန်ဒေါ်လာ ၆ ဒသမ ၄၅၅ သန်းဖိုးရှိ ဆန် ၁၇၅၇၆ တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဇန်နဝါရီ တင်ပို့မှုထက် ၁၉၂၄၃ တန်လျော့နည်းခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ ဖေဖော်ဝါရီနောက်ဆုံးပတ်မှာ အီးယူနိုင်ငံများသို့ တန် ၅၀၁၀ တန် တင်ပို့ခဲ့ပြီး၊ ကန်ဒေါ်လာ ၁ ဒသမ ၄၃၉ သန်းဝင်ငွေရရှိခဲ့ပါတယ်။ ဆန်တင်ပို့မှု လျော့ကျသော်လည်း ဖေဖော်ဝါရီ တစ်လလုံးမှာ ဆန်ကွဲ ၁၁၅၇၅ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် အနီးစပ်ဆုံးကာလထက် ၂၈၉၂ တန်ပိုမို တင်ပို့နိုင်ခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှုမှာ ဖေဖော်ဝါရီ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ ၂ ဒသမ ၅၀၂ သန်းဖိုးရှိ ဆန် ၆၈၄၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှု ထက် ၇၇၃၂ တန်လျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ ကန်ဒေါ်လာ သုည ဒသမ ၈၃၄ သန်းဖိုးနဲ့ တန်ချိန် ၂၅၆၆ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၃၉ တန်လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ဆန်ရောဆန်ကွဲပါ တင်ပို့မှု လျော့ကျခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၂-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၂ | ၄/၃ | ပြောင်းလဲမှု | ၂၆/၂ | ၄/၃ | ပြောင်းလဲမှု | ၂၆/၂ | ၄/၃ | ပြောင်းလဲမှု | ၂၆/၂ | ၄/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၂၇၉ | ၂၀၃၀ | ▼ | - | ၂၀၅၀ | - | ၂၁၅၀ | ၂၀၂၅ | ▼ | ၂၂၀၀ | ၂၀၇၅ | ▼ |
| ၂ | ပဲစင်းငုံ | ၂၁၀၃ | ၁၉၀၄ | ▼ | - | - | - | ၂၁၄၀ | ၁၉၅၅ | ▼ | ၂၁၂၅ | ၁၉၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၅၀၀ | ၁၅၅၀ | ▼ | ၂၁၁၆ | ၁၀၆၇ | ▼ | ၁၇၀၉ | ၁၇၀၉ | ■ | ၁၆၁၀ | ၁၇၄၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၁၀၀ | ■ | - | - | - | - | - | - | ၁၅၀၀ | ၁၄၆၅ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၂၀၀ | ၁၀၀၀ | ▼ | ၁၁၀၀ | - | | ၁၁၇၅ | - | - | ၁၁၀၅ | ၁၀၀၀ | ▼ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | ၉၇၀ | - | ၀၄၂ | ၇၁၇ | ▼ | ၇၄၀ | ၇၆၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၃-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၅/၂ | ၃/၃ | ပြောင်းလဲမှု | ၂၅/၂ | ၃/၃ | ပြောင်းလဲမှု | ၂၅/၂ | ၃/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၅၀ | ၁၁၁၀ | ▼ | ၁၄၅၈ | ၁၄၈၄ | ▲ | ၁၃၁၂ | ၁၃၃၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၈၀ | ၁၀၇၀ | ▼ | ၁၁၁၅ | ၁၀၈၄ | ▼ | ၁၁၃၇ | ၁၁၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၅၀ | ■ | ၉၃၃ | ၉၅၀ | ▲ | ၁၀၀၆ | ၁၀၂၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၁၁ | ၆၆၁ | ▲ | ၆၄၉ | ၆၆၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၀.၂.၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၂၇.၂.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၂၇.၂.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၈၆၆၁ | ၁၂၉၂၄ | ၃၈၀၆၇ |
| ပဲတီစိမ်း | ၅၉၁၅ | ၄၅၆၅ | ၄၁၉၆၃ |
| ပဲစင်းငုံ | ၄၄၁၃ | ၈၂၅၆ | ၅၆၃၅၈ |
| ကုလားပဲ | ၆၇ | ၂၄၂ | ၃၆၅ |
| ပဲလွန်းဖြူ | ၄၅၃ | ၆၂၅ | ၂၁၄၃ |
| မြေထောက်ပဲ | ၁၅၃ | ၁၈၆ | ၇၂၂ |

# ပဲမျိုးစုံတန်ချိန် ၁၀ သိန်းကျော်တင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ၂၆ ရက်အထိ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ကုလားပဲ၊ပဲလွန်းဖြူ မြေထောက်ပဲ၊ထောပတ်ပဲ၊ပဲယင်း၊ပဲကြီး၊ ပဲကတ္တီပါ(စွန်တာနီ/ပြာ)၊ ပဲဖြူလေး၊ဘိုကိတ်ပဲ၊ ပဲပုပ်စေ့၊ ပဲနီကြား၊ နိုင်လွန်ပဲ၊ မြေပဲဆန်နဲ့ အခြားပဲ) တင်ပို့နိုင်မှုမှာ တန်ချိန်အားဖြင့် ၁၀၁၅၃၂၈ တန်ကျော်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သန်း ၉၈၀ ကျော်ဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူထက် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့နိုင်ခဲ့တဲ့ ပဲများရဲ့ တင်ပို့မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| ပဲအမျိုးအမည် | တင်ပို့မှု တန်ချိန်-ကိန်းပြည့် | တင်ပို့မှု ကန်ဒေါ်လာသန်း |
|---|---|---|
| ပဲတီစိမ်း | ၂၆၄. ၂၃၂ | ၂၆၂၀၃၂. ၆၉၆ |
| ကုလားပဲ | ၁၁. ၅၃၅ | ၂၃၆၀၃. ၄၀၇ |
| မြေထောက်ပဲ | ၁၂. ၅၃၀ | ၉၀၂၀. ၀၃၆ |
| ပဲယင်း | ၆. ၁၅၈ | ၁၂၇၉၉. ၄၀၉ |
| ပဲပုတ်စေ့ | ၂. ၁၂၃ | ၃၈၂၄. ၇၇၀ |
| နိုင်လွန်ပဲ | ၀. ၄၀၅ | ၄၈၀. ၉၅၀ |
| အခြားပဲ | ၁၀. ၉၃၃ | ၁၂၉၅၀. ၉၉၆ |

MIRT

## ဈေးကွက်သို့အဝင်များလာတဲ့ ပြည်မြေပဲဆန်များ အရောင်းအဝယ်ဖြစ်

ဆီထွက်သီးနှံဖြစ်တဲ့ ပြည်မြေပဲဆန်များ ပွဲရုံ (ဈေးကွက်) များသို့ အဝင်များနေတာတွေ့ရပါတယ်။ ကံမ၊ မင်းတုန်း၊ ရွှေတောင်၊ ကျီးသဲစတဲ့မြို့နယ်များမှ ဝင်ရောက်နေခြင်းဖြစ်ပါတယ်။ တစ်ရက်လျှင် အိတ် ၁၀၀၀ နီးပါးနေ့စဉ်အဝင်ရှိပါတယ်။ မြေပဲ (ဆီဆန်) များကို ဆီစက်သမားများနဲ့ရန်ကုန်ဆီစက်သမားတွေ အဝယ်ရှိပြီး (လုံးဆန်) များကို ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရကြောင်းသိရပါတယ်။ ရန်ကုန်၊ မန္တလေးမြို့များသို့ တစ်ရက်ကို အိတ် ၇၀၀ ထိ တင်ပို့လျက်ရှိပါတယ်။

ယခုတစ်ပတ် ပြည်မြေပဲဆန်ဈေး (မြေပဲဆီဆန်) တစ်ပိဿာ ၁၉၅၀ ကျပ်၊ (လုံးဆန်) အဖြူ ၂၄၃၀ ကျပ်၊ (လုံးဆန်နီ) ၂၃၅၀ ကျပ်တို့ဖြစ်ပြီး ဈေးငြိမ်ပြီး အကျဘက်သို့အနည်းငယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာသမျှ မြေပဲဆန်များအား လက်ကျန်မရှိအောင် ဝယ်လက်တွေအဝယ်ရှိနေကြောင်းသိရပါတယ်။

ဝေဝေမင်း-ပြည်

## မုံရွာကုန်စည်ဒိုင် မတ်လဆန်းပဲဈေးကွက်
## Export ဝယ်လက် အဝယ်လေးလို့ ပဲမျိုးစုံအရောင်းအဝယ်အေး

မုံရွာကုန်စည်ဒိုင် မတ်လဆန်းပဲဈေးကွက်မှာ ဆောင်းစိုက်ပဲသစ်တွေ ဒိုင်ကိုအဝင်ပါးလာတာနဲ့အမျှ Export ဝယ်လက် အဝယ်ကလည်း အနည်းငယ်လေးသွားခဲ့လို့ ပဲမျိုးစုံနီးပါးအရောင်းအဝယ်အေးကာ ဈေးလည်း အေးသွားတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ပဲစင်းငုံနီဟာ ဒီရက်ပတ်အတွင်း တစ်တင်း ၄၃၁၀၀ ကျပ်အထိသာ အမြင့်ဆုံးဈေးပေါက်ခဲ့ရာကနေ Export ဝယ်လက်ဝယ်လိုအား ပျော့လာတာနဲ့အမျှ တစ်တင်း ၄၀၃၀၀ ကျပ်အထိ အနိမ့်ဆုံးကျဈေးဖြစ်ခဲ့ပြီး အရောင်းအဝယ် အားဖြင့်လည်း တစ်ရက်အိတ် ၁၀၀၀ ခန့်သာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ နယ်ကပဲအဝင်လျော့နည်းလာပြီး အဝယ်လည်းအေးခဲ့လို့ စိမ်းကြီး တစ်တင်း ၃၁၀၀၀ကျပ်ဝန်းကျင်နဲ့ စိမ်းသေးတစ်တင်း ၂၉၅၀၀ ကျပ်ဝန်းကျင်မှာ ဈေးတန့်နေခဲ့ပြီး၊ နယ်အဝင်ရှိသလောက် တစ်ရက် အိတ် ၁၅၀ ခန့်စီ အရောင်းအဝယ်ဖြစ်ခဲ့ကာ နွေပဲတီစိုက်ဖို့မျိုးအဖြစ်ရောင်းမယ့် စိမ်းကြီးကတော့ တစ်တင်း ၃၄၀၀၀ ကျပ်အထိ ပေါက်ဈေးဖြစ်ပေါ်ခဲ့တယ်လို့ဆိုပါတယ်။

ဖေဖော်ဝါရီနောက်ဆုံးပတ်က တစ်တင်း ၅၀၀၀၀ ကျပ်အထိ ဈေးရခဲ့တဲ့ မတ်ပဲကတော့ Export ဝယ်လက် ပုံမှန်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တင်း ၄၂၅၀၀ ကျပ်အထိ ဈေးထိုးကျသွားခဲ့ပြီး နယ်အဝင်ရှိလို့ တစ်ရက်အိတ် ၅၀၀ မှ ၇၀၀ အကြား အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ ပွဲရုံရပ်ကွက်က သိရပါတယ်။

ပြီးခဲ့တဲ့ ပဲရာသီပိတ်ချိန်မှာ ပဲဟောင်းလက်ကျန်မရှိလို့ ဈေးမြောက်ခဲ့တဲ့ ကုလားပဲမျိုးစုံလည်း ယခုတစ်ပတ် အတွင်း ဒေသတွင်းနဲ့ပြည်တွင်းလုပ်ငန်းသုံး အဝယ်ပုံမှန်ရှိတာတောင် ဈေးအသီးသီးအေးလာခဲ့ရာ ထိုင်ဝမ်တစ်တင်း ၂၈၂၀၀ ကျပ်၊ 929 တစ်တင်း ၂၈၀၀၀ ကျပ်နဲ့ V2 တစ်တင်း ၂၆၃၀၀ ကျပ် အသီးသီးပေါက်ဈေး အနိမ့်ဆုံးဖြစ်ခဲ့ကာ ကုလားပဲမျိုးစုံ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ အကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။

ဒေသသုံး အခြားပဲမျိုးစုံဈေးကွက်မှာလည်း ပဲအများစု အရောင်းအဝယ်အေးပြီး ကျဈေးအသီးသီးဖြစ်ပေါ် နေရာ တစ်တင်း ပေါက်ဈေးအားဖြင့် ပဲကြီး (ကြီး) ၂၂၇၀၀ ကျပ်၊ (ကုန်း) ၁၆၅၀၀ ကျပ်၊ စွန်တာနီ ၁၄၅၀၀ ကျပ်၊ ပဲနီလုံးကြား ၁၆၀၀၀ ကျပ်၊ ပဲဖြူလေး ၁၆၀၀၀ ကျပ်၊ ပဲပုပ်စေ့ ၁၅၂၀၀ ကျပ်၊ ပဲယင်းဝါ (ကြီး) ၁၄၅၀၀ ကျပ်၊ ပုဂံပဲ ၁၉၀၀၀ ကျပ်၊ မြေထောက်ပဲ ၁၈၀၀၀ ကျပ်၊ ၁၆၀၀၀ ကျပ်၊ ထောပတ်ပဲ ၁၄၇၀၀ ကျပ်၊ (ယော) ၁၅၂၀၀ ကျပ်၊ လွန်းပြာ ၂၀၃၀၀ ကျပ် အသီးသီး ဖြစ်ပေါ်ခဲ့ရာ ပြည်တွင်သုံးပဲနဲ့ Export ဝယ်လက်ရှိတဲ့ ပဲမျိုးစုံဟာ ပြည်ပအဝယ်အလှုပ်ကို စောင့်ကြည့်ရင်း အရောင်းအဝယ်လျော့လာတဲ့အတွက် အခုလိုအရောင်းအဝယ်လေး၊ ဈေးအေးလာခြင်းဖြစ်တယ်လို့ ဈေးကွက်ကလေ့လာသိရှိရပါတယ်။

ထွန်းလှိုင်-မုံရွာ

## ပြည်ပဲပုပ် လက်လီအဝယ်သာဖြစ်လို့ဈေးငြိမ်ခဲ့

ပြည်ပဲဈေးကွက်အတွင်း ပဲပုပ်သစ်များဝင်ရောက်မှုရှိနေသော်လည်း လက်ကားသမားထက် လက်လီသာ ပိုအရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ ဈေးငြိမ်နေတဲ့အတွက် တစ်တင်း ၁၉၀၀၀ ကျပ်သာရရှိနေ ပါတယ်။ ဇန်နဝါရီလအစမှာ တစ်တင်း ၁၇၀၀၀ ကျပ်မှ လလယ်မှစတင်ကာ တစ်တင်းကျပ် တစ်ထောင်ခန့်စီမြင့်တက်လာ လို့ ၁၈၀၀၀ ကျပ်မှ ၁၉၀၀၀ ကျပ်ထိရရှိခဲ့ပြီး ဝယ်လက်သမားများ လက်လီအဓိကထားဝယ်ယူမှုရှိလို့ အိတ်အနည်းငယ်သာ ဇန်နဝါရီလမှစလို့ ယခုအချိန်ထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲပုပ်သီးနှံထွက်ပေါ်ချိန်၊ အထွက်လှိုင်ချိန်များတွင်သာ လက်လီလက်ကား အဝယ်သွက်တဲ့သီးနှံဖြစ်ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ထောပတ်ပဲသစ် ဈေးအနိမ့်သာရရှိနေ

ပြည်ပဲဈေးကွက်မှာ အခြားဆောင်းပဲသစ်အားလုံးလိုလို ဝင်ရောက်နေပြီး နှစ်ဆန်းပိုင်းမှစ၍ အရောင်းအဝယ်ဖြစ်ခဲ့ကြသော်လည်း လက်လီအရောင်းအဝယ်များတဲ့ပဲထဲမှာ ထောပတ်ပဲသီးနှံ ဝင်ရောက်မှုနောက်ကျနေပြီး ပဲလက်ကျန်များနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိရာမှ ယခုမတ်လဆန်းတွင် ပဲသစ်ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ အိတ်အနည်းငယ်သာ ဝင်ရောက်မှုရှိလို့ အရောင်းအဝယ်သိပ်မဖြစ်သေးဘဲ ဈေးလည်းအေး အရောင်းအဝယ်လည်းအေးနေခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာလည်း တစ်တင်း ၁၂၅၀၀ ကျပ်သာရရှိခဲ့တဲ့အတွက် ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံးရခဲ့တာကို တွေ့ရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ပြည်ဘိုကိတ် ရန်ကုန်ဝယ်လက်ရော လက်လီပါ အရောင်းအဝယ်ဖြစ်

မတ်လဆန်း ပြည်ဈေးကွက်သို့ ဘိုကိတ်ပဲသစ်အဝင် ဆက်ရှိလို့ တစ်ရက် အိတ် ၅၀ ကျော် ဝင်ရောက်ပြီး၊ ဒေသတွင်း လက်လီသမားများအပြင် ရန်ကုန်ဝယ်လက်ပါ အဝယ်ရှိနေတာကြောင့် အိတ် ၅၀ ကျော်မှ ၁၀၀ ကျော်ထိ နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပန်းတောင်း၊ ကံမနှင့် ပြည်-အောင်လံမြို့နယ်များမှ ဝင်ရောက်ခြင်းဖြစ်ပြီး ပဲဈေးနှုန်းမှာ တစ်တင်း ၂၀၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်က ဈေးထက် တစ်တင်း ၅၀၀ ကျပ်လျော့နည်းသွားခဲ့ပါတယ်။ ဖေဖော်ဝါရီလအတွင်း ဘိုကိတ်ပဲသစ် ကိုင်းသီးများ ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်ကာ ယခုချိန်ထိ ကိုင်းသီးများ ဝင်ရောက်နေခြင်းဖြစ်ပြီး နေ့စဉ် အိတ် ၁၀၀ ကျော်ထိ ပုံမှန်ရောင်းဝယ်မှုရှိတယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း-ပြည်

# မတ်လဆန်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲတီစိမ်း အဝင်ပါးသွားပေမယ့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ အဝင်များပြီး အရောင်းသွက်ခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း ပဲသစ်များအားလုံးလိုလို ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေပြီး ဝင်ရောက်မှုပမာဏလည်း များခဲ့ပေမယ့် ဆောင်းပဲတီစိမ်းသီးနှံကတော့ အဝင်ပါးသွားတာကြောင့် ယခုမတ်လဆန်းမှာ အရောင်းအဝယ် နေ့စဉ်မဖြစ်တော့ဘဲ ရက်ခြားသာ အိတ် ၂၀၀ ကျော် မန္တလေးဝယ်လက်မှ ဝယ်ယူနေခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲသီးနှံကတော့ နယ်စုံတွင် ရိတ်သိမ်းနေပြီဖြစ်လို့ ဈေးကွက်သို့လည်း အိတ် ၅၀၀ကျော်အထိ ယခုတစ်ပတ်တွင် နေ့စဉ်ဝင်ရောက်လာသလို ရန်ကုန်ဝယ်လက်မှလည်း ဝယ်ယူခဲ့တဲ့အတွက် အရောင်းအဝယ်သွက်နေခဲ့တာကို တွေ့ရပါတယ်။ ပဲသစ်ပေါ်စတွင် ကျပ်ငါးသောင်းခန့်ရရှိသော်လည်း ပဲအဝင်များလာတာနဲ့အမျှ ပဲဈေးနှုန်းကလည်း လျော့သွားခဲ့တဲ့အတွက် တစ်တင်း ၄၄၂၀၀ ကျပ်သာ ယခုမတ်လဆန်းရက်မှာ ရရှိခဲ့လို့ လှော်သမားအချို့လည်း ဝယ်ယူနေကြကာ ဝင်လာသမျှပဲအားလုံး အရောင်းအဝယ်သွက်ခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း မတ်ပဲထက် ပဲအဝင်ပိုသွားခဲ့လို့ အိတ် ၇၀၀ ကျော် ၈၀၀ ထိ ပန်းတောင်း၊ ပေါင်းတလည်၊ မင်းတုန်း၊ ကံမဘက်မှ နေ့စဉ်ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ ယခုသီတင်းပတ်မှာ ဈေးပိုပေးဝယ်ယူခဲ့လို့ တစ်တင်း ၄၂၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် ဈေးအနည်းငယ်ပိုလာသော်လည်း မတ်ပဲဈေးကိုတော့ မမှီခဲ့ဘဲ အရောင်းအဝယ်ဖြစ်မှုပမာဏကတော့ ယခုမတ်လဆန်းအတွင်း ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံထက် အရောင်းအဝယ် ပိုသွက်နေခဲ့ကြောင်း သိရပါတယ်။

ကုလားပဲသီးနှံကလည်း ပန်းတောင်း၊ ကံမ၊ မင်းတုန်းဘက်မှ ဝင်ရောက်ခဲ့တဲ့အတွက် အိတ် ၃၀၀ ကျော် အဝင်ရှိခဲ့ကာ အရောင်းအဝယ်ကတော့ ခွဲစက်သမားများအဓိကထား ဝယ်ယူနေကြတာကြောင့် အိတ် ၃၀၀ ကျော် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲဈေးနှုန်းကလည်း တစ်တင်း ကျပ်လေးသောင်းအောက်လျော့သွားပြီး ယခင်လကုန်ပတ်ဈေးထက်လျော့နည်းခဲ့ပါတယ်။ လကုန်ပတ်တွင် ကုလားပဲသီးနှံ တစ်တင်း ၄၇၅၀၀ ကျပ်အထိ ဈေးကောင်းရခဲ့တာကြောင့် ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံနည်းတူ ယခုနှစ်မှာ ဈေးကောင်းရခဲ့တဲ့ နှစ်ဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ပဲအဝင်များလာတဲ့အတွက် အိတ် ၆၀၀ ကျော် ၇၀၀ အဝင်ရှိကာ ပဲကြော်ဖိုသမားရော၊ လှော်ပဲသမားများပါ ဝယ်ယူလို့ အိတ် ၉၀၀ ကျော် ၁၀၀၀ နီးပါးအထိ အရောင်းအဝယ်သွက်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးကတော့ ဈေးငြိမ်လျက်ရှိကာ ဖေဖော်ဝါရီ ကုန်ဈေးအတိုင်း (ရွှေကျွန်း) တစ်တင်း ၂၄၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၀၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့လို့ ကုလားပဲသီးနှံထက် ဈေးသိသိသာသာ လျော့နည်းခဲ့ပါတယ်။ ယခင်နှစ်က မတ်လဆန်းပိုင်းတွင် ပဲကြီးဈေးမှာ ယခုနှစ်နည်းတူ ကျပ်နှစ်သောင်းကျော် ရရှိခဲ့ပေမယ့် ကုလားပဲသီးနှံကတော့ ယခင်နှစ်က မတ်လ အတွင်း တစ်တင်း ကျပ်နှစ်သောင်းအောက်သာရရှိလို့ ပဲကြီးသီးနှံထက် ဈေးလျော့ခဲ့ပါတယ်။

ယခုနှစ်ကတော့ ကုလားပဲသီးနှံဟာ ဈေးမြောက်တက်လာလို့ ပဲကြီးသီးနှံဈေးအေးပေမယ့် ကုလားပဲသီးနှံဈေး တစ်စထက်တစ်စ ဈေးကောင်းခဲ့တဲ့ ပဲဖြစ်နေခဲ့ပါတယ်။ လက်လီသမားများနဲ့ အများဆုံး အရောင်းအဝယ်ဖြစ်တဲ့ ပဲတွေထဲမှာ ပဲလွန်းဖြူသီးနှံ အဝင်နည်းလို့ ဈေးလဲလျော့ သွားကာ တစ်တင်း ၂၃၀၀၀ ကျပ်ရရှိပြီး ပဲနီပြားသီးနှံအသစ်အဝင်များလို့ အိတ် ၁၀၀ ကျော်ဝင်ရောက်ခဲ့သလို ဈေးကလည်း လျော့သွားတဲ့အတွက် တစ်တင်း ၂၇၀၀၀ ကျပ်ရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း -ပြည်**

# ပခုက္ကူနှင့် ဆိပ်ဖြူတို့တွင် ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ စတင်ဝင်ရောက်လာ

ပခုက္ကူနှင့် ဆိပ်ဖြူမြို့နယ်များတွင် ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများ ဈေးကွက်တွင်းသို့ စတင်ဝင်ရောက်လာရာတွင် ပင်ရင်းလက်ကားဈေးအနေဖြင့် ထိပ်စ တစ်ပိဿာ ၅၀၀ ကျပ်-၄၇၀ ကျပ်၊ အလတ်စ တစ် ပိဿာ ၄၅၀ ကျပ်-၄၀၀ ကျပ်၊ အောက်စ တစ်ပိဿာ ၃၇၀ ကျပ်-၃၅၀ ကျပ် ဈေးနှုန်းများဖြစ်၍ ယခင်နှစ်ကာလတူ ဈေးဖြစ်သော ကြက်သွန်နီ(ပင်စိုက်) တစ်ပိဿာ ထိပ်စ ၂၅၀ ကျပ်၊ အလတ်စ ၂၀၀ ကျပ်၊ အောက်စ ၁၀၀ ကျပ်များနဲ့ နှိုင်းယှဉ်ကြည့်ပါက တောင်သူများအနေဖြင့် အဖွင့်ဈေးကောင်းလျက်ရှိပါတယ်။

ကြက်သွန်နီစိုက် တောင်သူများအနေဖြင့် ဆောင်းကြက်သွန်နီ (ပင်စိုက်)များ စိုက်ပျိုးချိန်တွင် ယခင် မိုးစိုက် (ဥစိုက်) ကြက်သွန်နီပင်ရင်း လက်ကားဈေးမှာ တစ်ပိဿာ ၂၄၀၀ ကျပ်-၁၄၀၀ ကျပ်-၁၀၀၀ ကျပ်အထိရှိသဖြင့် ယခင်ထက်များစွာ တိုးချဲ့၍စိုက်ပျိုးလာသည်ကို တွေ့ရပါတယ်။

စိုက်ပျိုးထုတ်လုပ်သူတောင်သူများရဲ့ စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်မှာ တူညီမှုမရှိဘဲ ကိုယ်ပိုင်မျိုးရှိသူ၊ ဝယ်ယူစိုက်ပျိုးသူ ထည့်သွင်းထားသော သွင်းအားစုကုန်ကျစရိတ်များမှာ တူညီမှုမရှိဘဲ ကွာခြားသကဲ့သို့ အထွက်နှုန်းနှင့် အရည်အသွေးတို့မှာလည်း မတူညီနိုင်ပါ။ ကြက်သွန်နီတစ်ပိဿာ ကုန်ကျစရိတ်မှာ ၂၇၅ ကျပ်-၃၀၀ ကျပ်-၃၇၅ ကျပ် အသီးသီးရှိနေသည့်အတွက် ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ထိပ်စဈေးဖြစ်သော ၅၀၀ ကျပ်- ၄၇၀ ကျပ်ဈေးများ ရောင်းချနိုင်မှသာ အကျိုးအမြတ်ဖြစ်ထွန်းနိုင်၍ အလတ်စများနေရင် အကျိုးအမြတ်နည်းပါတယ်။

အောက်စများပါက အရှုံးဘက်သို့ ဦးတည်မှာဖြစ်၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူတစ်ဦးချင်းရဲ့ သွင်းအားစုကို ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ရာ ပံ့ပိုးမှုနှင့်ထိုက်သင့်သည့် အကျိုးခံစားခွင့်ရှိမှသာ နှစ်စဉ်တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ ခံစားခွင့်မရှိခဲ့ရင် ထုတ်လုပ်နိုင်သည့်စွမ်းအားနှင့် စိုက်ပျိုးနိုင်သည့် မြေပမာဏကျဆင်း၍ အထွက်နှုန်းကို ထိခိုက်စေနိုင်ပါတယ်။

ကြက်သွန်နီသည် တစ်လပြီးတစ်လ တဖြည်းဖြည်းလျော့နေသော ပုပ်ကုန် ကုန်စိမ်းသဘာဝသီးနှံဖြစ်ခြင်းကြောင့် အချိန် အခါနှင့်ရောင်းဝယ်မှုပြုမှသာ တောင်သူများကို မနစ်နာစေပဲ လာမည့်နှစ်အတွက် စိုက်ပျိုးပမာဏကို ပြည့်မီအောင် စိုက်ပျိုးနိုင်ကြမယ်လို့ သိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

## ယင်းမာပင်ခရိုင်တွင် ကြက်သွန်ဖြူဈေးကောင်းလျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာများဟာ ယမားချောင်းကို အခြေခံပြီး စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ တစ်ခရိုင်လုံး စိုက်ပျိုးဧက ၁၁၃၁၃ ဧကစိုက်ပျိုးပါတယ်။ အဓိကစိုက်ပျိုးတဲ့ သီးနှံများမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူး၊ ငရုတ်တို့ဖြစ်ပါတယ်။

ကြက်သွန်ဖြူစိုက်ပျိုးမယ်ဆိုရင် တစ်ဧကပိဿာချိန် ၂၅၀ ဖြစ်ပြီး၊ တစ်ဧကအထွက်နှုန်း ၂၅၀၀ ပိဿာမှ ၃၀၀၀ ပိဿာအထိ ထွက်ရှိနိုင်ပါတယ်။ စိုက်ပျိုးစရိတ်ကုန်ကျငွေမှာ ၁၀ သိန်းကျော်ရှိပြီး ယခင်နှစ်သီးနှံပေါ်ချိန် တစ်ပိဿာ ၁၃၀၀ ကျပ်ဖြစ်ခဲ့ပြီး၊ ယခုနှစ်သီးနှံပေါ်ချိန် တစ်ပိဿာ ၃၀၀၀ ကျပ်မှ ၃၅၀၀ ကျပ်အထိ ရှိနေသဖြင့် ယခင်နှစ်ထက် ဈေးနှုန်း ၁၇၀၀ ကျပ်မှ ၂၂၀၀ ကျပ်အထိ ပိုမိုရောင်းချရကြောင်း နုံးကြီးရွာ ကြက်သွန်စိုက်တောင်သူ ဦးပေါ်အေးရဲ့ ပြောပြချက်အရ သိရှိရပါတယ်။

**သန်းပို-ယင်းမာပင်**

## ရှမ်းကြက်သွန်ဖြူအသစ်များ ဈေးကွက်သို့စတင်ဝင်

ရှမ်းပြည်နယ်တောင်ပိုင်းရဲ့ အဓိကသီးနှံတစ်မျိုးဖြစ်တဲ့ ကြက်သွန်ဖြူအသစ်တွေ ဒီတစ်လမှာ စပြီးဝင်လာပါပြီ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ ပြန်စိုက်ကြပြီး၊ တပေါင်း၊ တန်ခူးမှာ ပြန်ပေါ်လေ့ရှိပါတယ်။ အစောဆုံးဖေါ်တဲ့ အချိန်ကတော့ မတ်လဆန်းမှာဖြစ်ပြီး၊ ဧပြီမှာဆိုရင်တော့ လှိုင်လှိုင်ဝင်လာတော့မှာဖြစ်ပါတယ်။

အခုတစ်ပတ်မှာလည်း တောင်ကြီး၊ တောင်ဘက်ခြမ်းကကြက်သွန်ဖြူတွေ စပြီးတော့ ဈေးကွက်ကို ဝင်လာပါပြီ၊ မနှစ်ကတော့ တစ်ရာသီလုံး ဈေးအတက်အကျ သိပ်မရှိခဲ့ပေမယ့် ရာသီကုန်ခါနီးမှာ ဈေးကကောင်းလာပါတယ်။ လက်ကျန်နည်းသွားတဲ့ ဒီဇင်ဘာ၊ ဇန်နဝါရီမှာ ဈေးစပြီးတက်လာခဲ့တာ ဖေဖော်ဝါရီလမှာတော့ လက်ကားဈေး တွေမရှိတော့ဘဲ လက်လီဈေးက တက်လာပါတယ်။ လက်လီဈေးကွက်မှာ အမွှာဆိုရင် တစ်ပိဿာကို အနိမ့်ဆုံး ၆၀၀၀ ကျပ်မှ အမြင့်ဆုံး ၇၂၀၀ ကျပ်ရှိပြီး၊ ဥ တစ်လုံးဆိုရင် အနိမ့်ဆုံး ၉၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၀၀၀၀ ကျပ်ဈေးပေါက်ခဲ့ပါတယ်။

လူမှုကွန်ရက်တွေကနေ ရှမ်းကြက်သွန်ဖြူစားသုံးရင် ကျန်းမာရေးအတွက် ကောင်းကြောင်း၊ ရေးသားမှု ကျယ်ပြန့်လာတဲ့အတွက် စားသုံးသူတွေကလည်း တရုတ်ကြက်သွန်ဖြူထက် ရှမ်းကြက်သွန်ဖြူကို ပိုမိုပြီး ကြိုက်နှစ်သက်၊ ဝယ်ယူမှုများလာတယ်လို့လည်း သိရပါတယ်။ အဲဒါကြောင့် ကြက်သွန်ဖြူဈေးတက်လာပြီး လက်ကျန်ကုန်သလောက်အထိ ရောင်းရတယ်လို့လည်း ကြက်သွန်ဖြူလုပ်ငန်းရှင် တွေထံမှသိရပါတယ်။ ရှမ်းကြက်သွန်ဖြူအသစ်တွေကတော့ ဈေးကွက်မှာ အဝင်နည်းနေသေးပါတယ်။ တောင်ကြီးဈေးကွက်သို့ တောင်ကြီးတောင်ဘက်ခြမ်းက ပစ္စည်းနဲ့ အောင်ပန်းဈေးကွက်ကို ပင်လောင်း၊ တီကျစ်ကထွက်တဲ့ ကြက်သွန်ဖြူတွေ စပြီးဝင်လာတာလို့လည်း သိရပါတယ်။ အစိုဓာတ်ရှိနေသေးတာကြောင့် အရောင်းအဝယ်ကတော့ သိပ်ပြီးမသွက်သေးပါဘူး၊ တောင်ကြီးဈေးကွက်မှာ တစ်ပိဿာ ပေါက်ဈေးက (လတ်ခြား) ၁၃၀၀ ကျပ်၊ (ထူး-၁) ၁၄၀၀ ကျပ်၊(ထူး-၂) ၁၅၀၀ ကျပ်၊(ထူး-၃) ၁၇၀၀ ကျပ်၊ (ထူး-၄) ၁၉၀၀ ကျပ်၊ ဈေးရှိပြီး အောင်ပန်းဈေးကွက်မှာတော့ လတ်ခြား ၁၃၀၀ ကျပ်၊ (ထူး-၁) ၁၅၀၀ ကျပ်၊ (ထူး-၂) ၁၇၀၀ ကျပ်၊ (ထူး-၃) ၁၉၀၀ ကျပ်၊ (ထူး-၄) က ၂၀၀၀ ကျပ်ဈေးပေါက်နေပါတယ်။

**ဇေခိုင် -တောင်ကြီး**

၂၉-၂-၂၀၁၆ မှ ၄-၃-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 189 | 10,807,517.226 |
| 2 | Form D | 34 | 2,200,040.253 |
| 3 | Form E | 70 | 1,088,119.170 |
| 4 | Korea GSP | 2 | 24,046.280 |
| 5 | Form AK | 55 | 2,962,580.710 |
| 6 | Form AJ | 10 | 239,716.720 |
| 7 | Form AI | 54 | 2,241,797.824 |
| 8 | Form AANZ | 1 | 512.550 |
| 9 | Form DFTP | - | - |
| Grand Total | | 415 | 19,564,330.733 |

## ချင်း

### ဟိုပုံးဈေးကွက်တွင် ချင်းညံ့စတွေသာ အရောင်းသွက်

ဟိုပုံးဈေးကွက်မှာ ချင်းအရောင်းအဝယ် သိပ်ပြီးမဖြစ်ပါဘူး၊ ချင်းအခက်လုကြီးတွေက ပိုပြီး အရောင်းအဝယ်မဖြစ်ဘဲ ညံ့စတွေကသာ ပြုတ်ခြောက်လုပ်ဖို့အတွက် ဝယ်ယူနေလို့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ချင်းအရောင်းအဝယ်ကအေးနေတော့ လောလောဆယ်ချင်းပွဲရုံတွေမှာ ကွမ်းစားဂမုန်းတွေကို စက်နဲ့လှီးဖြတ်ပြီး အခြောက်ခံပြီးရောင်းနေရတယ်လို့ ဆိုပါတယ်။ ချင်းခက်အကြီး၊ အလုတွေက တယုတယနဲ့ အရိပ်ထဲမှာ ထားရတာကြောင့် ထားဖို့နေရာလည်း အခက်အခဲရှိလို့ မတူးကြသေးပါဘူး။ပြုတ်ခြောက်လုပ်ဖို့ ချင်းညံ့စတွေကတော့ တူးပြီး နေပူထဲမှာထားရင်လည်း ပြဿနာမရှိတာကြောင့် ဖော်ပြီးထားကြတယ်လို့လည်း သိရပါတယ်။ တချို့တောင်သူတွေကတော့ အခက်ကြီး၊ အလုတွေကို မျိုးအဖြစ်ပြန်ပြီးရောင်းဖို့အတွက် အနည်းအကျဉ်းတော့ တူးနေကြတယ်လို့လည်း သိရပါတယ်။

ဟိုပုံးဈေးကွက်မှာ ချင်းအခက်ကြီး၊ လုတွေက တစ်ပိဿာ ၅၀၀ ကျပ်မှ ၅၅၀ ကျပ်ထိရှိပြီး၊ ညံ့စကတော့ တစ်ပိဿာ ၂၅၀ ကျပ်-၃၀၀ ကျပ်သာရှိပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ ချင်းကပုံမှန်အဝင်ရှိနေပေမယ့် ဝယ်လက်ကတော့ ဈေးပတ်သမားတွေသာ ရှိပါတယ်။ ဈေးပတ်သမားတွေကတော့ ဒါးလှီးချင်းနဲ့ ဟင်းခတ်ဖို့အတွက် ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒေသတွင်းမှာလည်း အခက် ကြီးလုတွေကို မျိုးအဖြစ်ပြန်စိုက်ဖို့အတွက် ဝယ်ယူနေပါတယ်။ ကလောမြို့နယ် ကျောက်ဆောင်မြေကြားမှ ချင်းခြောက်တွေသာ အဝင်ရှိနေပြီး၊ ဝယ်လက်ကတော့ မရှိသေးပါဘူး။ အောင်ပန်းဈေးကွက်မှာ ချင်းစိုတစ်ပိဿာပေါက်ဈေးက ညံ့စဆိုရင် ၃၃၀ ကျပ်၊ အခက်ကြီးလုတွေက တစ်ပိဿာ ၅၅၀ ကျပ်မှ ၅၇၀ ကျပ်ရှိပြီး ချင်းခြောက်ကတော့ တစ်ပိဿာ ၂၂၀၀ ကျပ်မှ ၂၃၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ဖေဖော်ဝါရီလအတွင်း ချင်း တန် ၄၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ချင်းတင်ပို့မှုနားခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာတော့ တန်ချိန် ၃၀ ကျော်တင်ပို့နိုင်ခဲ့ပြီး ဒီတစ်ပတ်မှာတော့ တင်ပို့မှု မရှိခဲ့ဘူးလို့သိရပါတယ်။ ဖေဖော်ဝါရီလအတွင်း ချင်းစုစုပေါင်း ၄၇ တန်တင်ပို့နိုင်ခဲ့ပြီး တင်ပို့ခဲ့တဲ့နိုင်ငံမှာ စင်ကာပူနဲ့ မလေးရှားတို့ဖြစ်ပါတယ်။ ချင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၆၅၇၈၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

### ပြည်ချင်းဈေးကွက်ဈေးငြိမ်

အောင်ပန်းနှင့်တောင်ကြီးဈေးကွက်မှချင်းများ ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင် အိတ် ၅၀ ခန့် ပုံမှန်အဝင်ရှိပြီး၊ အခြားတိုင်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ဘက်သို့ ပိဿာချိန် ၈၀ ခန့်ကို ဈေးကွက်မှတစ်ဆင့် နေ့စဉ်ပုံမှန်တင်ပို့ခဲ့ကြောင်းသိရပါတယ်။

ပြည်ဈေးကွက်ပွဲရုံများမှာ တစ်ရက်ကိုပိဿာချိန် ၂၀၀ ခန့်နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက် ဈေးနှုန်းမှာ တစ်ပိဿာကို ချင်း (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့နဲ့ အသီးသီးရောင်းဝယ်လျက်ရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်းမပြောင်းလဲဘဲ ဈေးငြိမ်နေတာတွေ့ရပါတယ်။ **ဝင်းဝင်းခိုင်-ပြည်**

## နနွင်း

### ဟိုပုံးနနွင်းဈေးကွက်တွင် ဝယ်လက်ကြိုက်ပစ္စည်းများ ရောက်ရှိနေ

ရှမ်းနနွင်းရဲ့ ဈေးကွက်မှာ အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေပါတယ်။ ဟိုပုံးနနွင်းကတော့ ဝယ်လက်ကြိုက်တဲ့ ပစ္စည်းဖြစ်လို့ ဝယ်လက်တွေက ဝယ်ချင်ပေမယ့်လှောင်လက်တွေကတော့ ဈေးမကြိုက်လို့ သိပ်မရောင်းချင်ပါဘူး၊ လှောင်လက်သမားတွေရဲ့ လက်ထဲမှာ ပစ္စည်းလက်ကျန်တွေရှိနေပေမဲ့၊ ဝယ်တုန်းက ဈေးမြင့်နဲ့မိထားတာကြောင့် အခုချိန်မှာ တစ်ပိဿာ ၁၈၅၀ ကျပ်ဈေးပေးပေမယ့် မရောင်းချင်သေးဘဲ တစ်ပိဿာကို ၂၀၀၀ ကျပ်မှ ၂၀၀၀ ကျပ်အထက်ရချင်လို့ ဈေးကိုင်နေတယ်လို့လည်း သိရပါတယ်။ လောလောဆယ်မှာ ငွေလိုတဲ့လှောင်လက်တွေကတော့ တစ်ပိဿာ ၁၈၅၀ ကျပ်နဲ့ ရန်ကုန်ဝယ်လက်တွေကို အနည်းအကျဉ်းသာ ရောင်းခဲ့တယ်လို့ သိရပါတယ်။

အသစ်တွေလည်း အဝင်နည်းနေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းက ပုံမှန်အဝင်ရှိပါတယ်။ နနွင်းအသစ်ကတော့ ဆင်တောင်နနွင်းသာ အဝင်ရှိနေပြီး တောင်ပို့လစကတော့ အနည်းအကျဉ်းသာအဝင်ရှိပါတယ်။ နနွင်းအသစ်တွေက နေ့စဉ်အဝင်မရှိပေမယ့် တစ်ပတ်ခြားတစ်ခါတော့ ဝင်နေပါတယ်။ ပျမ်းမျှအနေနဲ့ တစ်ပတ်ကို ပိဿာချိန် ၃၀၀ မှ ၅၀၀ သာအဝင်ရှိတယ်လို့သိရပါတယ်။ အင်းလေးစတွေလည်း အောင်ပန်းဈေးကွက်ကို ဝင်စပြုနေပြီး ဒီတစ်ပတ် နနွင်း (သစ်)တစ် ပိဿာ ပေါက်ဈေးက အင်းစဆိုရင် ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်၊ တောင်ပို့လစက ၁၄၀၀ ကျပ်-၁၅၀၀ ကျပ်နဲ့ ဆင်တောင်နနွင်းက ၁၈၀၀ ကျပ်ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ဒီတစ်ပတ်နနွင်းတန်ချိန် ၃၆၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း နနွင်း၃၆၀ဒသမ ၄၃၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အာရပ်နိုင်ငံသို့ ၄၅ တန်၊ မလေးရှားနိုင်ငံသို့ ၅၆ တန်၊ ဘင်္ဂလားဒေ့ရှ်သို့ ၁၁၂ တန်၊ ဘူလ်ဂေးရီးယားသို့ တန်ချိန် ၆၀ နဲ့ စင်ကာပူသို့ ၈၇ ဒသမ ၄၃၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၄၄၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၈၀ ကျော် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၃၇၂၂၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်းနနွင်းတင်ပို့မှုမှာ တန်ချိန် ၉၄၀ ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာတော့ တန်ချိန် ၁၃၀၀ကျော်ထိတင်ပို့နိုင်ခဲ့တာကြောင့် ဖေဖော်ဝါရီလ တန်ချိန်မှာ ၃၆၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## မန်ကျည်း



### ရခိုင်ပြည်နယ်မှ အဝယ်ရှိပေမယ့် ပြည်မန်ကျည်းမှည့် ဈေးကျကာ အရောင်းအဝယ်ဖြစ်

စားဖိုဆောင် သီးနှံဈေးကွက်မှာ မန်ကျည်းမှည့်အသစ် ဝင်ရောက်မှုများလာပြီး ဈေးနှုန်းလည်းအနည်းငယ် ကျလာတာ တွေ့ရပါတယ်။ ပြည်ဒေသတွင်းမြို့နယ်များနဲ့ ရွှေတောင်၊ ကျီးသဲ၊ ပန်းတောင်း၊ ဆင်တဲ၊ ထုံးဘိုတစ်လျှောက်ရှိဒေသတွင်းများမှ ဈေးကွက်ဝင်လာသဖြင့် တစ်နေ့မန်ကျည်းမှည့် ပိဿာချိန် ၂၅၀၀ ထိ အဝင်ရှိလာပါတယ်။ ဒေသတွင်း လက်လီအရောင်းဆိုင်များနဲ့ ရခိုင်ဝယ်လက်တွေ အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ကတော့ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ရခိုင်သို့ ပိဿာချိန် ၂၀၀၀ နီးပါး တင်ပို့မှုရှိကြောင်း သိရပါတယ်။ အဝင်များလာတဲ့ မန်ကျည်းမှည့်ဈေး တစ်ပိဿာလျှင် (အစေ့ပါ) ၇၀၀ ကျပ်၊ (အစေ့လွတ်) တစ်ပိဿာ ၁၃၀၀ ကျပ်သို့ လက်ကားဈေး အရောင်းအဝယ်ဖြစ်ပြီး လက်လီ တစ်ပိဿာလျှင် (အစေ့ပါ) ၉၀၀ ကျပ်တို့နဲ့ (အစေ့လွတ်) ၁၅၀၀ ကျပ်တို့ဖြစ်ပြီး ဈေးကျလာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **နီနီဝင်း-ပြည်**

### ဒီတစ်ပတ်လည်း မန်ကျည်းတန်ချိန် ၇၀၀ ကျော် တင်ပို့

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၈၁၁ ဒသမ ၅တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံသို့ တန် ၅၀၊ ဗီယက်နမ်နိုင်ငံသို့ တန်၅၀၊ စင်ကာပူနိုင်ငံသို့ ၁၂၀ဒသမ ၅၀တန်နဲ့ ပါကစ္စတန်နိုင်ငံသို့ ၅၉၁ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၅၈၅၂၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်လည်း မန်ကျည်းတန် ၈၀၀ကျော်တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုကလည်း ယခင်တစ်ပတ် တင်ပို့မှုကို အမှီလိုက်လာခဲ့နိုင်တာ တွေ့ရပါတယ်။ **သီတာဝင်း(DOT)**

## ကြက်သွန်နီ

### မုံရွာနယ်ထွက် ဆောင်းကြက်သွန်နီ ဈေးကွက်ထဲဝင်ပြီ

ပြီးခဲ့တဲ့ ဆောင်းရာသီအစက မုံရွာနယ်မှာ စိုက်ခဲ့ကြတဲ့ ကြက်သွန်နီစိုက်ခင်းများအနက် ကျွဲရဲနဲ့ကျောက်စစ်ပုံကျေးရွာများမှ မတ်လဆန်းမှာ စတင်တူးဖော်ခဲ့ကြပြီး၊ မြို့ပေါ်ပွဲရုံတွေကို စတင်တင်ပို့လျက်ရှိရာ တစ်ရက်လျှင် အိတ် ၁၀၀၀ (ပိဿာ ၃၀၀၀၀) ခန့် နေ့စဉ်ဝင်နေပြီလို့ ကြက်သွန်နီပွဲရုံရပ်ကွက်ကဆိုပါတယ်။

လောလောဆယ် ပွဲရုံသိမ်းဈေးအနေနဲ့ ကြက်သွန်နီ ဂွန် (အရွယ်စုံ) တစ်ပိဿာ ၄၀၀ ကျပ်ဝန်းကျင်ရှိပြီး၊ အများစုမှာ ဥကြီးများဖြစ်လို့ ရန်ကုန်လက်အကြိုက်၊ Export နဲ့ ဟိုတယ်ကြိုက် အရွယ်လတ်များက တစ်ပိဿာကို ၂၅ ကျပ်မှ ၅၀ ကျပ်အထိ ဈေးပိုရတယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလကုန်ပတ်ဝန်းကျင်က ကြက်သွန်ခင်းတွေ၊ မိုးအနည်းငယ်မိလို့ ပျက်စီးမှုမရှိပေမယ့် တောင်သူတွေ မှိုဆေး၊ ပိုးသတ်ဆေးကုရလို့ ကုန်ကျစရိတ်အနည်းငယ်ပိုခဲ့တယ်လို့ တောင်သူတွေကဆိုပါတယ်။ ယခုအခြေအနေမှာ ရန်ကုန်သိမ်းဈေးနဲ့ ဒေသပေါက်ဈေးမကိုက်လို့ ရန်ကုန်တင်ပို့မှုမရှိသေးဘဲ မြဝတီလမ်းကြောင်းက ကြက်သွန်နီ အနှုတ်ကို ဈေးအလိုအရ တောင်သူတွေမျှော်လင့် နေကြပါတယ်။ လာမယ့်ကြက်သွန်နီလှိုင်လှိုင်ပေါ်မယ့် မတ်လကုန်မှာ မုံရွာနယ်စုံက ကြက်သွန်နီတွေ ဈေးကွက်ထဲဝင်လာမှုအားကောင်းမှာမို့ ဈေးကောင်းရဖို့ Export ဈေးကွက်အဆွဲကို တောင်သူတွေ ယခုလိုမျှော်လင့်နေခြင်းဖြစ်တယ်လို့ ကြက်သွန်နီစိုက်ပျိုးတောင်သူနဲ့ ပွဲရုံရပ်ကွက်ကသိရပါတယ်။ **ထွန်းလှိုင်-မုံရွာ**

### ပြည်ကြက်သွန်နီ ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ရှိ

အခြေခံစားသောက်ကုန်တစ်မျိုးဖြစ်တဲ့ ကြက်သွန်နီသီးနှံအနေနဲ့ ယခုတစ်ပတ်တွင်လည်း ပြည်ပွဲရုံများမှာ စားသုံးသူအကြိုက်ဈေးနှုန်းနဲ့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ ပွဲရုံဈေးတစ်ပိဿာလျှင် (ကြီး) ၅၀၀ ကျပ် (လတ်) ၄၅၀ ကျပ်၊ (သေး) ၄၀၀ ကျပ်နဲ့ ဒေသတွင်း (လက်လီ) ရောင်းဈေးမှာ (ကြီး) ၇၀၀ ကျပ်၊ (လတ်) ၆၀၀ ကျပ်၊ (သေး) ၅၀၀ ကျပ်တို့ဖြင့် ဈေးငြိမ်နေပြီး အရောင်းအဝယ်မှာလည်း နေ့စဉ် အိတ် ၄၅၀၊ ၅၀၀ နဲ့ ပုံမှန်ဒေသတွင်း ဝယ်လက်များနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။

အဝင်အားဖြင့်တော့ ယခင်တစ်ပတ်အတိုင်း ဆက်လက်အဝင်များနေတယ်လို့ သိရပါတယ်။ လှောင်ချိန်ကာလဖြစ်လို့ ကြက်သွန်နီ အိတ် ၅၀၀ နဲ့ ကုန်ကားအစီးရေ ၁၆ စီးခန့် နေ့စဉ်ဝင်ရောက်နေကြောင်း သိရပါတယ်။ **ဝင်းလဲ့ဝါ-ပြည်**



# ကုန်သွယ်မှုသင်တန်းကျောင်း တက်ခဲ့သူများရဲ့ ရင်တွင်းစကားသံများ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်မှုသင်တန်းကျောင်းမှာ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ အဲဒီသင်တန်းမှာ တက်ရောက်သင်ကြားခဲ့တဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိနိုင်တယ်ဆိုတာကို သင်တန်းသား၊ သင်တန်းသူတွေရဲ့ ရင်တွင်းစကားသံတွေနဲ့အတူ စုစည်းတင်ပြလိုက်ပါတယ်။**



**သန်းထွန်းဝင်း**

ကျွန်တော့်ကတော့ သန်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်က မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်က ဖြစ်ပါတယ်။ ကျွန်တော် ဒီကုန်သွယ်မှုသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးတဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းကို တက်ရောက်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ အပြည်ပြည်ဆိုင်ရာနဲ့ ကုန်သွယ်မှုပြုတဲ့အခါမှာ ဘယ်လို အကြောင်းအရာတွေကို သိထားသင့်သလဲ၊ ဘယ်လိုအကြောင်း အရာတွေကို သတိထားသင့်သလဲ၊ အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍကုန်သွယ်မှုတွေက ဘာတွေလဲ အစရှိသည်အားဖြင့် ကုန်သွယ်မှုဆိုင်ရာပညာရပ်များကို သိရှိရန်အတွက် တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် ကုန်သွယ်ရေးဆိုင်ရာ အရေးကြီးတဲ့အချက်များ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပို့ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ် ထုံးလုပ်နည်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံး လုပ်နည်းများ၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများနဲ့ ပံ့ပိုးမှုများ၊ မြန်မာ့အာမခံ လုပ်ငန်းဆိုင်ရာ အသိပညာ ဗဟုသုတများနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာမှတ်ယူခွင့် ရရှိခဲ့ပါတယ်။ အဲဒီအပြင် အာဆီယံစီးပွားရေး အသိုက်အဝန်းအကြောင်းကိုလည်း လေ့လာသိရှိခွင့်ရရှိခဲ့ပြီး ၎င်းရဲ့မြန်မာနိုင်ငံအပေါ် စိန်ခေါ်မှုများကိုလည်း လေ့လာ သိမှတ်ခွင့်ရရှိခဲ့ပါတယ်။ သင်တန်းမှာ လေ့လာ ရေးခရီးစဉ်များကိုလည်း ကုန်သွယ်မှုသင်တန်းကျောင်းမှ နည်းပြများရဲ့ ကြီးကြပ်မှုနဲ့အတူ သွား ရောက်ကြရပါတယ်။ ကျွန်တော်တို့အသုတ် (Batch-7 ) လည်း သီလဝါဆိပ်ကမ်း (MITT) နဲ့ သီလဝါအထူးစီးပွားရေးဇုန် (SEZ) တို့ကို သွား ရောက်လေ့လာခဲ့ပါတယ်။

အဲဒီအပြင် သင်တန်းသူသင်တန်းသားများ ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများရရှိရန်အလို့ငှာ ကုန်သွယ်မှု ဟောပြောပွဲများကိုလည်း ကျင်းပပေးပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နိုဝင် ဘာ ၁၄ ရက်ကလည်း ဘဏ္ဍာရေးဝန်ကြီးဌာန မှ ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက "Yangon Stock Exchange and Economic Development Potentials " ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေး သွားပါတယ်။ အဲဒီအပြင် ဇန်န ဝါရီ ၂၀ ရက်မှာလည်း Yangon Stock Exchange ကို ကျွန်တော်တို့ သင်တန်းသူ၊ သင်တန်းသားများ သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ပြောရရင် ဒီသင်တန်းကို အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုပြုလုပ်မည့်သူများ၊ အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍကုန်သွယ်မှုပြုလုပ်သည်များကို သိရှိလိုသူများ အမှန်တကယ် တက်ရောက်သင်ကြားလေ့လာသင့်တဲ့ သင်တန်းဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။



**ခိုင်ဇာသွယ်**

ကျွန်မက Trade Trading Institute အပတ်စဉ် (၇) မှာတက်နေတဲ့ သင်တန်းသူမခိုင်ဇာသွယ်ဖြစ်ပါတယ်။ ကျွန်မ May Stars International Co. Ltd. ဆိုတဲ့နာမည်နဲ့ Trading Company အဖြစ် ထူထောင်ထားပါတယ်။ ဒါပေမယ့် ကျွန်မ Marketing လုပ်တတ်သော်လည်း နိုင်ငံတကာ ကုန်သွယ်မှုလုပ်ကိုင်ရာမှာ လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းနည်းဥပဒေတွေ မသိပါဘူး။

ဒါကြောင့်သင်တန်းတက်မှ ဖြစ်မယ်ဆိုပြီး ကြည့်လိုက်တဲ့အခါမှာ ကုန်သွယ်ရေးဝန်ကြီးဌာနကဖွင့်တဲ့ Trade Trading Institute ဆိုတာကို စိတ်ဝင်စားပြီးတက်ဖြစ်ခဲ့ပါတယ်။

သင်တန်းတက်တဲ့အခါမှာ ကုမ္ပဏီမှတ်ပုံတင်လျှင် လိုအပ်မည့် အချက်အလက်များ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာနည်းပညာများ၊ အာဆီယံနှင့် မြန်မာနိုင်ငံတို့ရဲ့ AEC ဈေးကွက်ဆောင် ရွက်ချက်များ၊ အကောက်ခွန်ပိုင်းဆိုင်ရာများ၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာနှင့် သင်္ဘောတင်ရာတွင် လုပ်ဆောင်ရမည့် ကိစ္စရပ်များ/ စာရွက်စာတမ်းပြင်ဆင်မှုတွေကို သင်တဲ့ဆရာတွေကလည်း စေတနာ အလွန်ထားပြီး အမေးအဖြေပြုလုပ်ခွင့်ပေးတာကြောင့် အသေးစိတ်သိခဲ့ရပါတယ်။

သင်တန်းမှာ အလွန်ကိုတော်တဲ့ ကျွမ်းကျင်ပညာရှင်ဆရာ/ဆရာမများနဲ့ သင်ကြားရတဲ့အတွက် လုပ်ငန်းရှင်ဖြစ်လိုသူများနဲ့ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်သောနေရာတစ်ခုကို ရောက်လိုသူများအတွက် အခွင့်အရေးတစ်ခုဖြစ်လို့ တက်စေချင်ပါတယ်။



**မသန့်သကြၤန်ကျော်**

ကျွန်မနာမည်ကတော့ မသန့်သကြၤန်ကျော်

**သိန်းမြင့်ဝေ စုစည်းတင်ပြသည်။**

ဖြစ်ပါတယ်။ ကျွန်မကတော့ TTI Batch (7) ရဲ့ သင်တန်းသူတစ်ယောက်ဖြစ်ပါတယ်။ B.Agi နဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ၂၀၁၄ မှာ ဘွဲ့ရခဲ့ပြီး ဘွဲ့ရရချင်းပဲ စိုက်ပျိုးရေးမျိုးစေ့ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့ပါတယ်။ Research နဲ့ Trading ပိုင်းမှာတာဝန်ယူရပြီး အသက်ကလည်းငယ် အတွေ့အကြုံလည်းမရှိသေးတဲ့အတွက် ဘာမှရေရေရာရာ မသိသေးဘဲစခဲ့ရပါတယ်။ အခက်အခဲလည်း အများအပြားကြုံခဲ့ရပါတယ်။ အဲ့ဒီအချိန်ကတည်းက Trading ပိုင်းနဲ့ပတ်သတ်ပြီး သင်တန်းတက်ချင်ခဲ့ပါတယ်။ အခုကတော့ Mitsubishi Corporation ကုမ္ပဏီမှာ Sub-incharge (Officer ) ရာထူးနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။

Mitsubishi Corporation မှာအလုပ်စဝင်တော့ ကျွန်မဆရာက သင်တန်းတက်ဖို့ အဆိုပြုပေးလို့ ကျွန်မအရမ်းဝမ်းသာခဲ့ပါတယ်။ ကျွန်မဒီသင်တန်းတက်ဖြစ်ခဲ့တဲ့အတွက် International Trading အကြောင်းသာမက ဆက်စပ်နေတဲ့ နည်းဥပဒေတွေ ကုမ္ပဏီတည်ထောင်တဲ့အခါ ဘာတွေလိုသလဲ ဘာတွေစလုပ်သင်သလဲဆိုတာကို လေးလေးနက်နက် ဂဃနဏသိခဲ့ရပါတယ်။ သင်တန်းမှာလည်း ဆရာ/မ များကနားမလည်တဲ့ အပိုင်းတွေကို သေသေချာချာနဲ့စိတ် ရှည်လက်ရှည် ပြန်ရှင်းပြတယ်။ သင်တန်းသား/သူ အချင်းချင်းကသာမက ရုံးကဝန်ထမ်းများကလည်း လိုအပ်ရင် ကူညီပေးပါတယ်။ Day Trip Excursion အနေနဲ့ သီလဝါဆိပ်ကမ်းကို သွားခဲ့ရတယ်။ သီလဝါဆိပ်ကမ်းမှာ တည်ရှိနေတဲ့ Myanmar International Terminals Thilawa နဲ့ Myanmar Japan Thilawa Development Ltd အကြောင်း ထဲထဲဝင်ဝင်သိခဲ့ရပါတယ်။ ဒီသင်တန်းကိုအစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းသာမက ကိုယ်ပိုင်ကုမ္ပဏီ ထောင်ထားတဲ့သူတွေ ကုမ္ပဏီထောင်ချင်တဲ့သူတွေ၊ Trading နဲ့ပတ်သတ်ပြီး သေသေချာချာ သိနားလည်ချင်တဲ့သူတွေ တက်ဖြစ်အောင်တက် ပါလို အကြံပြုတိုက်တွန်းချင်ပါတယ်။



**ရွှေစင်**

ကျွန်မကတော့ Mitsubishi Corporation – Infrastructure Department က ရွှေစင်ပါ။ ဘွဲ့ရတာနဲ့ နိုင်ငံခြားကို တန်းထွက်သွား တာဆိုတော့ ကိုယ့်နိုင်ငံရဲ့စီးပွားရေးဆိုင်ရာ အကြောင်းတွေကို အသေးစိတ် မသိခဲ့ပါဘူး။ ဂျပန်၊ ကိုရီးယား စတဲ့ International Business တွေကိုပဲ အကျွမ်းတဝင်သိနားလည်ခဲ့ပြီး ကိုယ့် နိုင်ငံအကြောင်းကိုတော့ အခုဒီ TTI Batch (7) သင်တန်းကိုတက်မှ အသေးစိတ် နားလည်ခဲ့ရပါတယ်။ သင်တန်းမှာက မြန်မာပြည်ဈေးကွက်မှာ ဘက်ပေါင်းစုံကနေ စီးပွားရေးလုပ်နေသူတွေလည်းပါတော့ သူတို့ ဆီကနေသူတို့ရဲ့တွေ့အကြုံ အခက်အခဲစတာတွေကိုလည်း ကြားသိရတယ်။ နောက်သင်တန်းလာပေးတဲ့ ဆရာ၊ ဆရာမတွေဆီကနေလည်း နောင်အနာဂတ်မြန်မာပြည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေဖို့ လုပ်ဆောင်ချက်တွေ လိုအပ်နေတဲ့အရာတွေကို သိနား လည်ခဲ့ရပါတယ်။ နောက်သင်တန်းကနေ သီလဝါစက်မှုဇုန်ကိုသွား လေ့လာခဲ့တယ်။ သီလဝါရင်းနှီး မြှုပ်နှံမှုမှာ ကျွန်မတို့ကုမ္ပဏီကပါတဲ့ အတွက်သိနေသော်လည်း လက်တွေ့မှာ မြန်မာဘက်က ဘာတွေလုပ်ဆောင်နေတယ်ဆိုတာကိုတော့ သင်တန်းလေ့လာရေးကနေ သိခဲ့ရပါတယ်။

သင်တန်းကနေ နယ်စပ်ထိုင်းကုန်သွယ်ရေးဇုန်ကို သွားလေ့လာပါတယ်။ အဲဒီအတွက်လည်းအသိပညာတွေပိုမိုတိုးလာပါတယ်။ ကျွန်မအနေ နဲ့ အလုပ်ဝင်နေသူအားလုံး TTI သင်တန်းကို တက်သင့်တယ်လို့ ပြောကြားချင်ပါတယ်။



**သော်တာသီရိ**

ကျွန်မကတော့ TTI Batch (4) က သော်တာသီရိဖြစ်ပါတယ်။ 1717 မော်တော်ယာဉ်အရောင်းစင်တာမှာ Operation Manager ရာထူးနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ သင်တန်းတက်ရခြင်းရည်ရွယ်ချက်ကတော့ သွင်းကုန်/ထုတ်ကုန်နဲ့ပတ်သတ်တာကို စိတ်ဝင်စားတာရယ်၊ တစ်ချိန်ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ရင် သိသင့်တဲ့အချက်များအားလုံးကို ဒီသင်တန်းက ပံ့ပိုးမှုပေးနိုင်တာရယ်ကြောင့် တက်ခဲ့တာပါ။ သင်တန်းကာလ လေးလအတွင်းမှာ ကုန်သွယ်မှုနှင့် ဆက်နွယ်မှုရှိသော ဌာနအသီးသီးမှ အတွေ့အကြုံရှိ အရာထမ်း ဆရာ/ဆရာမ ၂၅ ဦးရဲ့ သင်တန်းပို့ချမှုနဲ့အတူ စာတွေ့လက်တွေ့ သင်ခန်းစာများစွာ သင်ကြားခဲ့ရပါတယ်။ သင်တန်းရဲ့အကျိုးကျေးဇူးကြောင့် သင်ခန်းစာမှာပါတဲ့ အချက်အလက်တိုင်းဟာ တကယ်လက် တွေ့လုပ်ငန်းမှာ အထောက်အကူပြုနိုင်ခဲ့ပါတယ်။ သင်တန်းတက်နေချိန်အတွင်းမှာ စက်ရုံတွေ၊ ဆိပ်ကမ်းတွေ သွားရောက်လည်ပတ်ခွင့် ရရှိခဲ့ပါတယ်။ သင်တန်းပြီးတဲ့အချိန်မှာလည်း နောက်အပတ်စဉ်မှ သင်တန်းဆင်းများနဲ့အတူ နယ်စပ်ကုန်သွယ်ရေးကိုလေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်မ၏တာဝန်က ကားတင်သွင်းမှုအပိုင်း တာဝန်ယူရတော့ စီးပွားကူးသန်းဝန်ကြီးဌာနကတော့ ကျွန်မထိတွေ့မှု အများဆုံးဌာနပါပဲ။ ကျွန်မအတွက်ကတော့ ဒီသင်တန်းကို တက်ခြင်းဟာမိမိ၏ အရည်သွေးကို ပိုမိုတိုးတက်အောင် ပံ့ပိုးပေးတဲ့အပြင်၊ မိတ်ဆွေ ကောင်း၊ မိတ်ဆွေသစ်တွေအများကြီး ဆုံတွေ့ခွင့်ရလို့ အခက်အခဲတွေကို ပိုပြီးဖြေရှင်းလာနိုင်ခဲ့ပါတယ်။

ကျွန်မကတော့ အချိန်ပေးလို့ အဆင်ပြေရင် TTI က ဖွင့်တဲ့ သင်တန်းတွေကို တက်ပါလို့ အကြံပေးချင်ပါတယ်။ မိမိအကျိုးအတွက် တစ်ခုခု ကျန်ရှိမှာပါလို့ အာမခံပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၃၀၀ ကျော်ဝင်

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၆၅၈၄၉၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၀ ဒသမ ၀၂ တန်နဲ့ ကန်ဒေါ်လာ ၁၂၀၇၅၄၇၅ တန်ဖိုးရှိ ဒီဇယ် ၂၁၄ ဒသမ ၃၁ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းနှစ်ပတ် အဝင်ပျောက်ခဲ့တဲ့ စက်သုံးဆီက ဒီတစ်ပတ်မှ ပြန်တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင် စုစုပေါင်းမှာ တန်ချိန် ၃၂၄ ဒသမ ၃၃၁ တန်ရှိခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလ စက်သုံးဆီအဝင် စုစုပေါင်းမှာ တန်ချိန် ၁၉၉၀ ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီလ အဝင်စုစုပေါင်းမှာ တန်ချိန် ၅၅၉ တန်ကျော်ရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ တန်ချိန် ၁၄၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီ ရောင်းချ နေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၇၀ ကျပ်၊ အောက်တိန်း (92) ၅၁၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရောဓာတ်ဆီပါ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ပီပါဈေးများငြိမ်နေသလို တစ်ဂါလန်ဈေးများလည်း ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဖေဖော်ဝါရီ ၂၉ ရက်က ဒီဇယ်ဝယ်ဈေးမှာ ၈၉၀၀၀ ကျပ်၊ ရောင်းဈေး ၉၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၂၉ ရက်က ဝယ်ဈေး ၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်ရှိခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ လက်လီဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျနေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း (92) ၄၉၀ ကျပ်၊ ဒီဇယ် ၄၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၄၉၀ကျပ်၊ အောက်တိန်း (95) ၅၉၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၂၉ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးက ဖေဖော်ဝါရီ ၂၉ ရက်မှာ ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ဓာတ်ဆီ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်ပြီး ဒီဇယ်ဈေးမြင့်ကာ အောက်တိန်းက ဈေးအနည်းငယ်ပြန်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း ၂၅၆၅ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း ၂၆၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရော ဒီဇယ်ပါ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာဓာတ်ဆီ ၂၆၀၀ ကျပ်၊ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

| Energy NYMEX | 4-3-2016 | | |
|---|---|---|---|
| | Price | Change | Change % |
| WTI Crude Future (USD/bbl.) | 34.80 | 0.23 | 0.67 |
| Brent Crude Futr (USD/bbl) | 37.26 | 0.19 | 0.51 |
| Gasoline Rbob Fut (Cent/gal) | 130.33 | 0.45 | 0.35 |
| Natural Gas Futr (USD/MMBtu) | 1.62 | -0.02 | -1.16 |
| Heating Oil Futr (Cent/gal) | 112.49 | 0.47 | 0.42 |

## ပြည်တွင်းငွေလဲနှုန်းများ တစ်ပတ်အတွင်း ကျပ် ၃၀ ကျော် ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းလျက်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ထို့ပြင် ယခုတစ်ပတ်တွင် ငွေလဲနှုန်းမှာ ကျပ် ၃၀ ကျော် ကျဆင်းခဲ့ကြောင်း သိရသည်။

အစိုးရအဖွဲ့အပြောင်းအလဲကာလ နီးကပ်လာသဖြင့် ကုန်သည်များက ဈေးကွက်အခြေအနေများကို စောင့်ကြည့်နေကြသဖြင့် ယခုကဲ့သို့ ဈေးများကျဆင်းနေရခြင်းဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံအသီးသီးတွင်လည်း အမေရိကန်ဒေါ်လာနှင့် ငွေလဲလှယ်နှုန်းများ ကျဆင်းလျက်ရှိသဖြင့် ယခုကဲ့သို့ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်း ရောင်းဝယ်နေသူများက သုံးသပ်လျက်ရှိသည်။

ပြည်တွင်း ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း ဒေါ်လာဈေးများ ကျဆင်းနေမှုကြောင့် ဒေါ်လာများကို အောက်ဈေးဖြင့် ရောင်းချရန်မလိုဘဲအကန့်အသတ်မရှိဝယ်ယူရန် ဗဟိုဘဏ်ကကမ်းလှမ်းထားကြောင်း သိရသည်။

"အစိုးရသစ်တက်မယ့်အချိန်ကို မျှော်နေကြတယ်။ အဲဒီအချိန်ကျရင် ဖြစ်လာမယ့်အခြေအနေကို မှန်းဆလို့ မရတဲ့အခါကျတော့ အရောင်းအဝယ်တွေက တော်တော်လေးကို အေးတယ်။ ဒါပေမယ့် အခုလို ဈေးအရမ်းကျသွားတဲ့အခါကျတော့ လုပ်ရကိုင်ရတာ တော်တော်လေးကို ခက်ပါတယ်။ ပိုဆိုး တာက အတက်အကျကြမ်းနေတာပဲ။ ဈေးအတက်အကျကြမ်းတဲ့အခါမှာ အလုပ်လုပ်ရတာ အဆင်မပြေတော့ဘူး။ အခုဖြစ်နေတာက ဈေးကွက်ထဲမှာ အဝယ်လိုက်လာရင် ဈေးကတက်သွားတယ်။ အဝယ်ရပ်သွားတဲ့အခါ ဈေးက ပြန်ကျသွားပြန်တယ်။ ဒါတွေက မကောင်းတဲ့အချက်တွေပါ။ ဒါကိုထိန်းပေးနိုင်ဖို့လိုပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းလုပ်နေသူတစ်ဦးကဆိုသည်။

ဖေဖော်ဝါရီ ၂၉ရက်က ရောင်းဈေး ၁၂၄၂ကျပ်၊ ဝယ်ဈေး ၁၂၃၉ကျပ်ရှိခဲ့ပြီး မတ် ၁ ရက် နံနက်ပိုင်းအဖွင့် ဈေးမှာ ရောင်းဈေး ၁၂၃၇ ကျပ်၊ ဝယ်ဈေး ၁၂၃၃ ကျပ်ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၃၀ကျပ်၊ ဝယ်ဈေး ၁၂၂၄ ကျပ်သို့ ကျဆင်းခဲ့သည်။ မတ် ၃ ရက်တွင်မူ ရောင်းဈေး ၁၂၂၇ကျပ်၊ ဝယ်ဈေး ၁၂၂၂ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၁၀ကျပ်၊ ဝယ်ဈေး ၁၂၀၅ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။ မတ် ၄ ရက်တွင် ရောင်းဈေး ၁၂၀၀ကျပ်၊ ဝယ်ဈေး ၁၁၈၀ ကျပ်သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေး တစ်ပတ်အတွင်း ကျပ်တစ်သောင်းကျော် ကျဆင်း

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးသည် ကျပ်တစ်သောင်းသုံးထောင်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်လာသော်လည်း ပြည်တွင်းငွေလဲနှုန်းများကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများ ဆက်တိုက် ကျဆင်းလာခဲ့ရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဈေးများနေ့စဉ် ဆက်တိုက်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်များ ငြိမ်သက်လျက်ရှိနေကြောင်း၊ ကမ္ဘာ့ရွှေဈေးများ နေ့စဉ်မြင့်တက်လာသော်လည်း ပြည်တွင်း၌ငွေလဲနှုန်းများ ကျဆင်းလာခြင်း၊ဝယ်လိုအားထက် ရောင်းလိုအားက ပိုမိုများပြားနေခြင်းတို့ကြောင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်လျက်ရှိသည်။

"ပြည်တွင်းရွှေဈေးက နေ့တိုင်းလိုလို အကျဘက်ကိုပဲ ဦးတည်နေတာ။ ကမ္ဘာ့ရွှေဈေးကတော့ မြင့်တက်နေတယ်။ ကမ္ဘာမှာက ရွှေဝယ်လိုအားက မြင့်တက်နေတော့ ကမ္ဘာ့ရွှေဈေးမြင့်တက်နေတာပါ။ ပြည်တွင်းမှာကတော့ ငွေလဲနှုန်းက တော်တော်ကို ကျဆင်းနေတဲ့အတွက် ပြည်တွင်းရွှေဈေးနှုန်းပါ လိုက်ပြီးကျသွားရတာပါ။ ဈေးကျတာက တစ်ပတ်တည်းမှာကို ကျပ် ၁၃၀၀၀ လောက် ကျသွားတဲ့အတွက် ရွှေအရောင်းအဝယ်တွေ ရပ်သလောက်ကို ဖြစ်သွားတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကနဲ့ ယှဉ်ရင်တော့ နှစ်သောင်းနီးပါးလောက် ကျသွားတယ်လို့ ဆိုရမယ်။ အဲဒီလို အတက်အကျတွေ များနေတော့ ဈေးကွက် ပျက်သလိုဖြစ်သွားမှာ စိုးရတယ်" ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ဖေဖော်ဝါရီ ၂၉ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ရှစ်သိန်းရှိခဲ့သော်လည်း မတ် ၃ရက် ညနေပိုင်းတွင် ကျပ် ၇၈၉၅၀၀ သို့ ကျဆင်းခဲ့သည်။ မတ်၄ ရက်တွင် ကျပ် ၇၈၇၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၂၉ ရက်က ၁၂၃၀ ဒေါ်လာရှိခဲ့ပြီး မတ် ၃ ရက် နံနက်ပိုင်းတွင် ၁၂၃၈ ဒေါ်လာသို့လည်းကောင်း၊ ညနေပိုင်းတွင် ၁၂၅၇ ဒေါ်လာသို့လည်းကောင်း မြင့်တက်ခဲ့သည်။ ထို့ပြင် မတ် ၄ ရက် ဈေးဖွင့်ချိန်တွင် ၁၂၆၀ ဒေါ်လာဖြင့် ဈေးဖွင့်ခဲ့သည်။

**မယ်သီတာ**

### Currency Exchange Rate

March 4, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.36 |
| BDT | Bangladesh Taka | 77.96 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.52 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.77 |
| I NR | India Rupees | 67.27 |
| I DR | Indonesia Rupiahs | 13091.43 |
| JPY | Japan Yen | 113.86 |
| MYR | Malaysia | 4.13 |
| PKR | Pakistan Rupees | 104.74 |
| PHP | Philippines Pesos | 46.91 |
| RUB | Russia Rubles | 73.07 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1203.21 |
| LKR | Sri Lanka Rupe | 143.59 |
| THB | Thailand Baht | 35.41 |
| GBP | United Kingdom Pounds | 0.71 |
| VND | VietnamDon | 22286.61 |

*Source : xe.com*

### World Gold Price

March, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 29 | 1225 | 1226 | 1226 |
| 1 | 1242 | 1243 | 1242 |
| 2 | - | - | - |
| 3 | 1239 | 1239 | 1239 |
| 4 | 1258 | 1260 | 1261 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 29-2- 2016 | 800.30 | 798.30 |
| 1-3- 2016 | 800.00 | 799.40 |
| 2-3- 2016 | - | - |
| 3-3- 2016 | 794.00 | 792.80 |
| 4-3- 2016 | 786.00 | 785.00 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 29 | 6 .55 | 35.69 | 79.07 | 68.45 |
| 1 | 6. 55 | 35.61 | 78.44 | 67.67 |
| 2 | 6 55 | 35.54 | 78.39 | 67.35 |
| 3 | 6 .55 | 35.51 | 78.27 | 67.35 |
| 4 | 6.52 | 35.41 | 78.96 | 67.27 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 29 - February | 14.93 | 1769.15 | 1613.02 | 4754.18 | 936.00 |
| 1 - March | 14.94 | 1779.04 | 1625.57 | 4778.37 | 935.00 |
| 2 - March | 14.91 | 1845.76 | 1641.02 | 4861.25 | 932.00 |
| 3 - March | 14.90 | 1851.81 | 1643.49 | 4889.25 | 935.00 |
| 4 - March | 15.25 | 1863.01 | 1628.48 | 4960.03 | 948.00 |

Source:kitco.com

## ဘိလပ်မြေ

### ဖေဖော်ဝါရီလအတွင်း ဘိလပ်မြေ အဝင်လျော့

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၆ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၃၂၁၄၁၀ တန်ဖိုးရှိ ဘိလပ်မြေ ၃၉၈၈၆ ဒသမ ၄၆၅ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ၈၈၀၃ ဒသမ၁၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၁၀၆၃ဒသမ၃၆၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၄၈၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်ဘိလပ်မြေအဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၄၉၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီလအတွင်းဘိလပ်မြေအဝင် စုစုပေါင်းမှာ တန်ချိန် တစ်သိန်းကိုးသောင်းကျော် အဝင်ရှိခဲ့ပြီး ဖေဖော်ဝါရီလမှာ တန်ချိန် တစ်သိန်းခြောက်သောင်းကျော်သာရှိခဲ့တာကြောင့် ဖေဖော်ဝါရီလမှာ တန်ချိန် ၂၉၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၃၉၈၈၆ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၄၈၄၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၂၄၉၅၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၂၁၉၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၂၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၁၀၁၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဆင်(ထိုင်း)က အဝယ်လိုက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ အေသုံးလုံးက၁၀၀ ကျပ်ဈေးကျပြီး ဆင်မင်း၊ ကျားခေါင်းက ၁၀၀ ကျပ်၊ ဆင်(ထိုင်း) ၃၀၀ ကျပ်၊ စိန်(ထိုင်း) ၂၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၂၀၀ ကျပ်၊ စိန် ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပွင့်လင်းရာသီကြောင့် လုပ်ငန်းတွေလည်းကောင်းတယ်။ လုပ်ငန်းကောင်းတော့အရောင်းအဝယ်လိုက်တယ်။ ဒါပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်၊ စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်။ရောင်းအားရှိပေမယ့်လည်း ဘိလပ်မြေဈေးတွေငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ကျပ်၊ နဂါး ၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေသြဇာ

### ဖေဖော်ဝါရီလအတွင်း မြေသြဇာအဝင်နည်း

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၆၆၂၈၇၀ တန်ဖိုးရှိ မြေသြဇာ ၆၆၆၀ ဒသမ ၃၅၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘယ်လ်ဂျီယံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ ၃၂၂၇ တန်၊ စင်ကာပူမှ ၂၁၇၇ဒသမ ၃၅ တန်၊ ထိုင်းနိုင်ငံမှ ၁၆၉ တန်၊ မလေးရှားနိုင်ငံမှ ၂၂ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ တန် ၂၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့မြေဆီများမှာ ကွန်ပေါင်း၊ ဖလော်လာ၊ ရွှေတောင်သူ ၊အမိုးနီးယားဆာလဖိတ်၊ အမိုးနီးယမ်းကလိုရိုဒ်၊ နိုက်တြိုဂျင်၊ ပိုတက်၊ Gypsum ၊ Pesticides ၊ Mangala Setrigh စတဲ့အမျိုးအစားများ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးဝင်လာပြီး ဒုတိယအများဆုံးက စင်ကာပူနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန်လေးထောင့်ခုနစ်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန်တစ်ထောင့်ရှစ်ရာကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် ဇန်နဝါရီ မြေဆီစုစုပေါင်းအဝင်မှာ တန်ချိန် ၂၄၀၀၀ ကျော်ရှိခဲ့ပြီး ဖေဖော်ဝါရီမှာ တန်ချိန် ၂၀၀၀၀ ကျော်သာ ရှိခဲ့တာကြောင့် တန်ချိန် လေးထောင်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေး

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ၆၆၆၀တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၄၇၇၇ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၈၈၃ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှယခုတစ်ပတ်မြေသြဇာအဝင်မှာ ၂၁၉၀၄ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၁၂၅၁ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၀၆၅၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့သိရပါ တယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ မြေသြဇာဈေးတွေငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်)(တရုတ်) ၂၀၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ် လည် (ထိုင်း) ၃၀၃၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)၂၉၀၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးနေဆဲဖြစ်သလို ဈေးလည်းဆက်လက်ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၂၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၃၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်း အေးသလို ဈေးလည်းငြိမ်နေ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၉၄၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်) ၁၉၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ က ၁၅၅၀၀ ကျပ် ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ**မြေသြဇာက ဒီတစ်ပတ်မှာတော့ အရောင်းအေးသလိုငြိမ်နေတယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ)၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ပန်းဖူး-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ် ၊ ယူရီးယား ၁၈၅၀၀ ကျပ် အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ် တောင်သူမ ၁၄၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ ၁၂ တန်နဲ့ နို့မှုန့်တန်ချိန် ၁၆၀ ကျော် တင်သွင်း

ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၇ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၈၀၀၀တန်ဖိုးရှိနို့ဆီ၁၂တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူမှ ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့ပါတယ်။

ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၇၁၂ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၅၈၃၆၇ ရှိ နို့မှုန့် ၁၆၈ ဒသမ ၉၄၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံ မှသာ အဝင်ရှိခဲ့တာဖြစ်ပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၄၈ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## သီတာဝင်း (DOT) စုစည်းသည်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၂ မှ ၂၆/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၂ မှ ၁၉/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၉၅.၅၀ | ၁၇၁၉.၇၅ | (+) ၁၇၅.၇၅ |
| ၂။ | လွယ်ဂျယ် | ၈၅၀.၀၀ | ၁၆၆၂.၀၀ | (-) ၈၁၂.၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၃၅.၀၀ | (-) ၃၅.၀၀ |
| ၄။ | ကန်ပိုက်တီး | - | ၉၀၀၁.၅၀ | (-) ၉၀၀၁.၅၀ |
| ၅။ | တာချီလိတ် | ၃၅၀၀.၀၀ | - | (+) ၃၅၀၀.၀၀ |
| ၆။ | မြဝတီ | ၉၁၁.၀၀ | ၂၀၃၇.၅၀ | (-) ၁၁၂၆.၅၀ |
| ၇။ | ကော့သောင်း | ၁၄၄၃၀.၀၀ | ၁၆၅၇၅.၀၀ | (-) ၂၁၄၅.၀၀ |
| ၈။ | မြိတ် | ၄၀၀.၀၀ | ၁၁၃၀.၀၀ | (-) ၇၃၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၁၉၈၆.၅၀ | ၃၂၁၆၀.၇၅ | (-) ၁၀၁၇၄.၂၅ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၂ မှ ၂၆/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၂ မှ ၁၉/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၅၄၃.၇၅၀ | ၉၇၂၃.၇၄၀ | (+) ၁၀၈၂၀.၀၁၀ |
| ၂။ | လွယ်ဂျယ် | ၁၂.၀၀၀ | ၇၀.၀၀၂ | (-) ၅၈.၀၀၂ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၄၂၃.၅၀၀ | ၃၅၆.၃၉၆ | (+) ၆၇.၁၀၄ |
| ၆။ | ကော့သောင်း | - | ၁၀၁.၆၀၀ | (-) ၁၀၁.၆၀၀ |
| ၇။ | မြိတ် | ၁၂၅.၀၀၀ | - | (+) ၁၂၅.၀၀၀ |
| ၈။ | ရိဒ် | ၈၀၀.၀၀၀ | ၁၀၀၀.၀၀၀ | (-) ၂၀၀.၀၀၀ |
| | စုစုပေါင်း | ၂၁၉၀၄.၂၅၀ | ၁၁၂၅၁.၇၃၈ | (+) ၁၀၆၅၂.၅၁၂ |

တင်တင်ထွန်း MIRT

## နှမ်း

### ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှုနည်းသော်လည်း ဈေးအနည်းငယ်သာတက်

ပြည်ဈေးကွက်သို့ ယခုတစ်ပတ် နှမ်းဝင်ရောက်မှုမှာ ဝင်ရောက်မှုရှိတဲ့နေ့နဲ့ လုံးဝဝင်ရောက်မှုမရှိတဲ့ နေ့တွေရှိနေပါတယ်။ ဝင်ရောက်လာတဲ့နှမ်းတွေကတော့ နတ္တလင်း၊ ပေါင်းတည်မှ အိတ် ၁၀၀ ခန့်သာ ရက်ခြား ဝင်လာပြီး ဈေးကွက်ပျောက်တဲ့နေ့တွေ ပါရှိလာပါတယ်။ ဝင်လာသမျှနှမ်းတွေကို မြို့ပေါ်ဆီစက်သမားများက အကုန်ဆွဲတာကြောင့် လက်ကျန်မရှိခဲ့ဘူးလို့ သိရပါတယ်။ ယခုတစ်ပတ် နှမ်းတစ်တင်းဈေးမှာ နှမ်းနီ ၂၇၆၆၀ ကျပ်၊ နှမ်းနက် ၃၈၃၃၀ ကျပ်၊ စမုံနက် ၆၀၀၀၀ ကျပ် ဈေးနှုန်းပေါက်ကြောင်းလည်း သိရပါတယ်။ အဝင်နည်းနေတာကြောင့် အရောင်းအဝယ်အကုန်ဖြစ်ကြောင်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

### ချင်းရွှေဟော်မှ နှမ်းတန်ချိန်သုံးထောင်ကျော် တင်ပို့

ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၂၈၆ သန်းဖိုးရှိ နှမ်းနက် ၄၉၆ တန်နဲ့ နှမ်းဖြူ ၅၇၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၂၉ တန် တင်ပို့ခဲ့ပြီး ဖေဖော်ဝါရီ တစ်လလုံးမှာတော့ ၃၄၀၉ တန်ထိ တင်ပို့မှုရှိခဲ့တာတွေ့ရပါတယ်။

နှမ်းတင်ပို့မှုမရှိတာကြာပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာတော့ နှမ်းဖြူဈေး ၁၂၉၉၃၄၆ ကျပ်နဲ့ နှမ်းနက်ဈေး ၁၈၆၀၀၉၃ ကျပ်သို့ ဈေးတွေထပ်မံကျဆင်းလျက်ရှိပါတယ်။ အနီးစပ်ဆုံးကာလဖြစ်တဲ့ ဇန်နဝါရီမှာ မူဆယ်၊ ချင်းရွှေဟော်နဲ့ မြဝတီစခန်း ၃ ခုမှ နှမ်းရောင်စုံ တန်ချိန် ၉၀၀၀ ကျော် တင်ပို့ခဲ့တယ်လို့ စာရင်းဇယားများအရ သိရှိရပါတယ်။

**မော်မော်အောင်**

### ကာလတူထက် နှမ်းပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်ထိ ပြည်ပသို့ နှမ်း ၈၃၉၀၄ တန် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၂၃ သန်းကျော်ဖိုး တင်ပို့ထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူမှာ ၈၃၉၀၄ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် ကာလတူထက် ၆၈၁၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**MIRT**

## စားအုန်းဆီ

### ဖေဖော်ဝါရီလကုန် သိုလှောင်လက်ကျန်ကျဆင်းမှုကြောင့် စားအုန်းဆီဈေးမြင့်တက်

ဖေဖော်ဝါရီလကုန် စားအုန်းဆီသိုလှောင်လက်ကျန်က အနည်းဆုံး သိုလှောင်လက်ကျန်ဖြစ်တဲ့ တန်နှစ်သန်းအောက် ကျဆင်းလိမ့်မယ်လို့ ကုန်သည်တွေက ခန့်မှန်းကြတဲ့အတွက် ဖေဖော်ဝါရီ ၂၉ ရက်မှာ စားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးက တတိယနေ့အဖြစ် ဆက်လက်မြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းမှာ ဖော်ပြပါတယ်။

ယခင်ရက်သတ္တပတ်က ငါးရက်ဆက်တိုက် ကျဆင်းပြီးနောက် ပို့ကုန်စာရင်းများအရ တင်ပို့မှုကျဆင်းနေတာတွေ့ရပေမယ့် စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက ယခုရက်သတ္တပတ်မှာ မြင့်တက်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်အတွင်း ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင်မှာ (Bursa Malaysia Derivatives Exchange) မှာ မေလအတွက်စာချုပ်တဲ့ စားအုန်းဆီကြိုရောင်းဈေးက သုညဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး ဈေးပိတ်ချိန်မှာ တစ်တန်ကို ၂၅၄၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၀၆ ဒသမ ၆၇ ဒေါ်လာ) ရှိခဲ့ပါတယ်။ ရောင်းဝယ်မှုပမာဏက တစ်ရက်ကို ၂၅ တန်ရှိအတွဲ ၃၁၁၃၄ တွဲ ရှိခဲ့ပါတယ်။

မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) ကိုတင်ပြမယ့် အစီရင်ခံစာအရ လကုန်ရက်မှာ စားအုန်းဆီ လက်ကျန်က တန်နှစ်သန်းအောက်ကို ရောက်ရှိလိမ့်မယ်လို့ ကုန်သည်များက ခန့်မှန်းထားကြောင်း၊ ကွာလာလမ်ပူရှိ အကျိုးဆောင်အဖွဲ့မှ ကုန်သည်တစ်ဦးက မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (Malaysia Palm Oil Board-MPOB) က ပြုစုထားတဲ့ ဖေဖော်ဝါရီကိန်းဂဏန်းများကို ရည်ညွှန်းပြီး သူက ပြောကြားခဲ့ပါတယ်။

“ပို့ကုန်တွေကျဆင်းနေတယ်ဆိုပေမယ့် ဒီအချက်ကလည်း သတိထားရမယ့် အချက်တစ်ချက်ဖြစ်ပါတယ်။ ရင်းဂစ်တန်ဖိုး ကျဆင်းနေတာကလည်း စားအုန်းဆီဈေးနှုန်းကို အထောက်အကူဖြစ်စေပါတယ်”လို့လည်း သူက ပြောပါတယ်။

ဖေဖော်ဝါရီ ၂၉ ရက်က ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့တဲ့အတွက်လည်း စားအုန်းဆီဈေးနှုန်းကို အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ စားအုန်းဆီရောင်းဝယ်ရာမှာ အသုံးပြုတဲ့ ရင်းဂစ်တန်ဖိုးက နေ့လယ်ဘက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးကျဆင်းရင် နိုင်ငံခြားငွေကိုင်ထားသူတွေအတွက် စားအုန်းဆီဈေးက သက်သာစေနိုင်ပါတယ်။

ရာသီအလိုက် အနေအထားအရ လည်းကောင်း၊ အယ်နီညိုရာသီဥတုကြောင့် စားအုန်းဆီသီးနှံထွက်နှုန်း ကျဆင်းစေတဲ့အတွက်ကြောင့် လည်းကောင်း၊ မလေးရှား စားအုန်းဆီ သိုလှောင်လက်ကျန်တွေက ကျဆင်းခဲ့ပါတယ်။ ယခင်နှစ် နိုဝင်ဘာက စားအုန်းဆီလက်ကျန်က တန် ၂ ဒသမ ၉ သန်းရှိပြီး သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်းရှိခဲ့ပါတယ်။ ဇန်နဝါရီအတွက် သိုလှောင်လက်ကျန်က တန် ၂ ဒသမ ၃ သန်းရှိတဲ့အတွက် အမြင့်ဆုံးနှုန်းအောက် ကျဆင်းနေပါတယ်။

ကုန်စည်စစ်တမ်း ကောက်ယူရေးအဖွဲ့တွေဖြစ်တဲ့ Intertek Testing Services နဲ့ Societe General de Serve-illance က ထုတ်ပြန်တဲ့ ပို့ကုန်ကိန်းဂဏန်းတွေအရ ယခင်လနဲ့ နှိုင်းယှဉ်ရင် ဖေဖော်ဝါရီမှာ ၁၇ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါတယ်။ ထိပ်တန်းစားသုံးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ ဥရောပတို့က ဝယ်လိုအား ကျဆင်းခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီတင်ပို့မှုက မကြာသေးမီရက်သတ္တပတ်များအတွင်း ကျဆင်းခဲ့ပါတယ်။

စားအုန်းဆီ ဈေးနှုန်းတွေက အမြင့်ဆုံးနှုန်း ၂၅၇၆ ရင်းဂစ်နဲ့ တင်းခံနေနိုင်ပြီး ဒီနှုန်းကနေ ဖောက်ထွက်မယ်ဆိုရင် တစ်တန်ကို ၂၅၉၇ နဲ့ ၂၆၁၈ ရင်းဂစ်ကြားရှိနိုင်ကြောင်း ရိုက်တာသတင်းဌာနရဲ့ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ မေလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ချီကာဂိုကုန်စည်ဒိုင်မှာ သုညဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၄-၃-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၅၀ | ၁၇၀၀ | △ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၄၈၀ | ၁၄၉၀ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၅၈၀ | ၁၆၃၀ | △ |
| ပဲခူး | ၃၄၀၀ | ၃၆၀၀ | △ | ၄၈၀၀ | ၄၈၀၀ | □ | ၁၅၆၀ | ၁၆၀၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၃၀၀ | ၄၃၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၆၂၀ | ၁၆၅၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၃-၂၀၁၆ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလစတုတ္ထပတ် | မတ်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၀၆.၀၀ | ၅၉၀.၅၀ | ▽ |
| RBD P.Olein | ၆၁၅.၀၀ | ၆၀၃.၀၀ | ▽ |
| RBD P.Strarin | ၅၇၀.၅၀ | ၅၆၂.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄- ၃ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၄၄.၇၃ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၇.၆၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၈.၂၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၈၉.၉၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၄-၃-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၈ ဒေါ်လာ၊ FOB ၆၄၃ ဒေါ်လာနှင့် USD ဈေး ၁၂၃၂ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။
၂။ ၄-၃-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသောကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# မျက်မှောက်ခေတ် ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်

ဿefjrih0

မျက်မှောက်ခေတ် နိုင်ငံတကာကုန်သွယ်ရေး ကိုလိုနီစနစ်သစ်ဆိုသည်မှာ ကိုလိုနီပြုလုပ်လိုသည့် နိုင်ငံသည် အခြားနိုင်ငံတစ်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးရန်အတွက် အရင်းရှင်ဝါဒ၊ စီးပွားရေးဆိုင်ရာကမ္ဘာဆန်ခြင်း (Business globalization) နှင့် ယဉ်ကျေးမှုကိစ္စရပ်များကို အသုံးချ၍ ပထဝီနိုင်ငံရေး ကျင့်သုံးလာခြင်း ဖြစ်သည်။

ယခင်က နိုင်ငံတကာ ကုန်သွယ်မှုကို ကိုလိုနီပြုရာတွင် စစ်တပ်က တိုက်ရိုက်ထိန်းချုပ်သည့်နည်းလမ်း (Direct military control ) နှင့် နိုင်ငံရေးကို သွယ်ဝိုက်အသုံးပြုထိန်းချုပ်သည့် နည်းလမ်း(Indirect political control) တို့ကို ကျင့်သုံးခဲ့ပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် အဆိုပါ နည်းလမ်းနှစ်မျိုးအစား အထက်ဖော်ပြပါ စီးပွား ရေး၊ ကုန်သွယ်ရေးနှင့် ယဉ်ကျေးမှုကိစ္စရပ်များကို အသုံးပြု၍ ကိုလိုနီပြုလုပ်ရန် ကြိုးပမ်းလျက်ရှိကြပါသည်။ ကိုလိုနီပြုလုပ်လိုသည့် စီးပွားရေးအင်အားကြီးမားသော ဖွံ့ဖြိုးပြီးနိုင်ငံများက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ (Free trade agreements) ထားရှိခြင်း၊ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ကန့်သတ်ချက်များ ထားရှိခြင်းစသည့် နည်းလမ်းများကို ကျင့်သုံး လာခဲ့ပါသည်။ ဤတွင် စီးပွားရေးအင်အားကြီးမားသော ချမ်းသာသည့် နိုင်ငံများက စီးပွားရေး အင်အားနည်းသော ဆင်းရဲသည့် နိုင်ငံများအပေါ် ဩဇာလွှမ်းမိုးထိန်းချုပ်လိုသည့် မူဝါဒနှင့် အစီအစဉ်များကို ကျင့်သုံးလာကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများ (Developed countries) က ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing countries) ၏ ပြည်တွင်းရေးရာကိစ္စရပ်များဖြစ်သော လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုများတွင် ဝင်ရောက်စွက်ဖက်ပြီး ဩဇာလွှမ်းမိုးရန် ကြိုးပမ်း လျက်ရှိပါသည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ အထိ ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ် (Second World War) ၏ နောက်ပိုင်းကာလများတွင် ပိုမိုကျင့်သုံးခဲ့ပါသည်။

ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်တွင် နယ်ချဲ့သမား သို့မဟုတ် တိုင်းတစ်ပါး၏ ပြည်တွင်းစီးပွားရေးကို ဝင်ရောက်ခြယ်လှယ် ကြိုးကိုင်လိုသူများ ပါဝင်ပါသည်။ တစ်နည်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် ခေတ်သစ်အရင်းရှင်စီးပွားရေး လုပ်ငန်း (Modern capitalist business) ၏ ပါဝင်မှုမှာ အချိုးအစားမမျှမတဖြစ်တည်ရှိလျက်ရှိပါသည်။ ထို့ပြင် နိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းကြီးများ (Multinational corporations) က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲခေါင်းပုံဖြတ်လျက်ရှိပါသည်။ ထို့ကြောင့် ကိုလိုနီလက်သစ်ဝါဒဆိုသည်မှာ ထိုကဲ့သို့ စီးပွားရေးကို ထိန်းချုပ်ထားသည့်စနစ်ဖြစ်ပါ သည်။

မျက်မှောက်ခေတ်၏ နိုင်ငံတကာ ကုန်သွယ်ရေးကို ကိုလိုနီစနစ်သစ်သဘောတရားအရ ဖွံ့ဖြိုးဆဲနိုင်ငံများ သို့မဟုတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော နိုင်ငံများတွင် ပြည်ပအရင်းအနှီးများ (Foreign capital) ကို သုံးစွဲပါသည်။ ထိုကဲ့သို့ သုံးစွဲခြင်းသည် ကမ္ဘာ့ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုထက် ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် ရည်ရွယ်သုံးစွဲခြင်းဖြစ်ပါသည်။ ထို့ပြင် ကုန်သွယ်ရေးကိုလိုနီစနစ်သစ်၏ လက်အောက်တွင် ရင်းနှီးမြှုပ်နှံမှု (Investment) သည် ချမ်းသာသော နိုင်ငံများအား ပိုမိုချမ်းသာစေပြီး ဆင်းရဲသောနိုင်ငံများအား ပိုမိုဆင်းရဲစေခြင်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများကြားရှိ ဆင်းရဲချမ်းသာ ကွာဟချက်ကို မကျဉ်းမြောင်းစေဘဲ ပိုမိုကြီးထွား စေသည်။ ဤဝါဒသို့မဟုတ် ဤစနစ်သည် သက်ဆိုင်ရာဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုအတွက် အဓိကကျသောဘုံရန်သူ (Collective enemy) ဖြစ်သည်။

## ကိုလိုနီစနစ်သစ် စီးပွားရေးလွှမ်းမိုးမှု

၁၉၆၁ ခုနှစ်တွင် ကိုလိုနီစနစ်သစ်၏ စီးပွားရေးယန္တရားနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားမှတ်ချက်ပြုထားသည်ကို တွေ့ရှိရသည်-

ကျွန်တော်တို့ဟာ ကိုလိုနီအပြုခံရတဲ့ နိုင်ငံတွေ (Colonial countries)ဖြစ်ပါတယ်။ တစ်ဝက်တစ်ပျက် ကိုလိုနီအပြုခံရတဲ့နိုင်ငံတွေ (Semi-colonial countries) ဖြစ်ပါတယ်။ အခြားနိုင်ငံကို မှီခိုနေရတဲ့နိုင်ငံတွေ (Dependent countries)ဖြစ်ပါတယ်။ဒါကို ယဉ်ယဉ်ကျေးကျေးသုံးနှုန်း ပြောမယ်ဆိုရင် ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျတဲ့ နိုင်ငံတွေ (Underdeveloped countries) ဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့ဝါဒကြောင့် ကျွန်တော်တို့နိုင်ငံတွေရဲ့ စီးပွားရေးဟာ ပျက်စီးနေပါပြီ။ နယ်ချဲ့ဝါဒကျင့်သုံးတဲ့ နိုင်ငံတွေကတော့ စည်းကမ်းနည်းလမ်းအတိုင်း မဟုတ်ဘဲ ချမ်းသာလာတဲ့ နိုင်ငံတွေ (Abnormally developed countries) ဖြစ်ပါတယ်။ တိုးတက်



ရှုပ်ထွေးတဲ့ သူတို့နိုင်ငံရဲ့ စီးပွားရေးအတွက် စက်မှုလုပ်ငန်း ဒါမှမဟုတ် စိုက်ပျိုးရေးလုပ်ငန်းကနေ ဖြည့်ဆည်း ပေးဖို့လိုအပ်နေတာတွေ့ရပါတယ်။ အဲဒီအတွက် ဖွံ့ဖြိုးမှုနောက်ကျတဲ့၊ စီးပွားရေးယိုယွင်းနေတဲ့ ကျွန်တော်တို့နိုင်ငံတွေက ကုန်ကြမ်းပစ္စည်းတွေကို ဖောက်ချထုတ်လုပ်ပြီး သူတို့အတွက် ဖြည့်ဆည်းနေရပါတယ်။ ဒါဟာ ကျွန်တော်တို့အတွက် အန္တရာယ်ရှိတဲ့ ဖောက်ချထုတ်လုပ်မှု(Dangerous specialization) ပါပဲ။ အကျိုးဆက်ကတော့ ကျွန်တော်တို့ပြည်သူအားလုံး ငတ်မွတ်မှုဒဏ်ကို ခံရတာဖြစ်ပါတယ်။ ကျွန်တော်တို့လို Underdeveloped countries တွေဟာ သီးနှံတစ်မျိုးတည်း (Single crop)၊ထုတ်ကုန်တစ်မျိုးတည်း(Single pro - duct) ဈေးကွက်တစ်ခုတည်း (Single market) ကို မှီခို အားထားရလေ့ ရှိပါတယ်။ ထုတ်ကုန်တစ်မျိုးတည်းထုတ်လုပ်ပြီး ဈေးကွက်တစ်ခု တည်းကိုပဲ ရောင်းချရတော့ မသေချာမရေရာမှုတွေနဲ့ ရင်ဆိုင်ရပါတယ်။ ဝယ်ယူသူရဲ့ အလိုကျဈေးနှိမ်တာ အပါအဝင် လုပ်သမျှ ခံရတော့တာပါပဲ။ ဒါဟာ စီးပွားရေး လွှမ်းမိုးမှုရဖို့အတွက် ကိုလိုနီတွေ အသုံးပြုတဲ့ မဟာပုံသေနည်းကြီး (Great formula) ဖြစ်ပါတယ်။

## ကိုလိုနီစီးပွားရေးမှီခိုမှုသီအိုရီ

စီးပွားရေးမှီခိုမှုသီအိုရီသည် စီးပွားရေး နယ်ချဲ့လိုသော ကိုလိုနီစနစ်သစ်၏ အခြေခံသဘောတရား ဖြစ်ပါသည်။ ဤသဘောတရားအရ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ် (Global economic system) တွင် ချမ်းသာသော နိုင်ငံများ (Wealthy countries) သည် အဓိကအချက်အချာနေရာ သို့မဟုတ် ဗဟိုတွင် (At the center) တည်ရှိပြီး ဆင်းရဲသောနိုင်ငံများ (Poor countries) သည် အရေးမပါသည့်နေရာ သို့မဟုတ် ဗဟိုနှင့် ဝေးကွာ သည့် နေရာတွင် (At the periphery) ဆက်လက် ပါဝင်တည်ရှိနေပါမည်။ စီးပွားရေးနှင့် ကုန်သွယ်ရေး ကိုလိုနီစနစ်ဝါဒသည် ဆင်းရဲသောနိုင်ငံ၏ လူသားအရင်းအမြစ်နှင့် သဘာဝသယံဇာတ အရင်းအမြစ်များကို ချမ်းသာသောနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများဆီသို့ ရောက်ရှိစီးဆင်းစေပါသည်။ ထို့ကြောင့် ဆင်းရဲသော နိုင်ငံများ ၏ ဆင်းရဲမှု (Poverty) သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်နှင့် ပေါင်းစည်းသောကြောင့် ဖြစ်ပေါ်လာသော ရလဒ်ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

ကိုလိုနီစီးပွားရေးမှီခိုမှုသီအိုရီသည် ကမ္ဘာ့ စီးပွားရေးစနစ်များ (World system of Econo mies) အတွင်းရှိ စီးပွားရေး မညီမျှမှုများ (Economic inequlities) ကို ဆန်းစစ်သည့် Marxist လေ့လာမှုမှ စီးဆင်းဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် တောင်ကမ္ဘာခြမ်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်း (Under development) သည် မြောက်ကမ္ဘာခြမ်းအတွင်း စီးပွားရေး တိုးတက်မှု (Development) ၏ တိုက်ရိုက်ရလဒ် (Direct result) ဖြစ်သည်။ ကမ္ဘာ့တောင်ဘက်ခြမ်းရှိနိုင်ငံများ ဆင်းရဲရခြင်းမှာ ကမ္ဘာ့မြောက်ခြမ်းရှိနိုင်ငံများ ချမ်းသာသောကြောင့်ဖြစ်သည်ဟူ၍ ဆိုလိုပါသည်။

Marxist ၏ ကိုလိုနီမှီခိုမှုသီအိုရီသည် အရင်းရှင်များ၏ လွတ်လပ်သောဈေးကွက် (Free market) သဘောတရားနှင့် မတူညီပေ။ အရင်းရှင်များသည် ဈေးကွက်များကို လွတ်လပ်ခွင့်ပြုရမည်ဟူသော Free trade နှင့် Free market သဘောတရားကို လက်ခံကျင့်သုံးစေပြီး စီးပွားရေးအရ ကိုလိုနီပြုလုပ်လာခြင်း ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဆင်းရဲမှုသည် ထိုဆင်းရဲသော နိုင်ငံအတွက် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးစနစ်နှင့် အပြည့်အဝပေါင်းစည်းရန်အတွက် ဖွံ့ဖြိုးမှုအဆင့်တစ်ခု (A development stage) ဖြစ်ကြောင်း Marxist သီအိုရီက ထောက်ပြထားသည်။ လက်ရှိဆင်းရဲမှုသည် ချမ်းသာရန်အတွက် ခြေလှမ်းတစ်လှမ်းဖြစ်သည်ဟူ၍ ဆိုလိုပါသည်။

## နိုင်ငံစုံစီးပွားရေးကော်ပိုရေးရှင်းကြီးများ

စီးပွားရေး ကိုလိုနီစနစ်ဝါဒအရ နိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းကြီးများ (Multinational corporations) ၏ရင်းနှီးမြှုပ်နှံမှုသည် ဆင်းရဲသောနိုင်ငံများ (Underdeveloped countries) အတွက် ကောင်းကျိုးအနည်းငယ်သာ ဖြစ်ထွန်းစေပါသည်။ ထို့ပြင် ယင်းကော်ပိုရေးရှင်းကြီးများ၏ ရင်းနှီးမြှုပ်နှံမှုက ဆင်းရဲသောနိုင်ငံများရှိ ပြည်သူလူထုအတွက် လူ့အခွင့်အရေးဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် ဂေဟစနစ်ဆိုင်ရာ ပျက်စီးပြုန်းတီးမှု ကို ဖြစ်စေပါသည်။ မျက်မှောက်ခေတ်တွင် ဆင်းရဲသောနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု (Development) နှင့် စီးပွားရေးအဆောက်အအုံ (Economy) သည်လည်း နိုင်ငံခြားဈေးကွက် များနှင့်ကုန်သွယ်ရေး သဘောတူညီချက်များ(Trade agreements) အပေါ်တွင် အမှီပြုနေရပါသည်။ ဤအချက်က ဆင်းရဲသော နိုင်ငံများအား ရေရှည်မဟုတ်သော ဖွံ့ဖြိုးတိုးတက်မှု (Unsustainable development) နှင့် ဆင်းရဲမြဲဆင်းရဲနေမှု (Perpetual underdevelo pment) တို့ကိုဖြစ်စေပါသည်။

ထိုမျှသာမက နိုင်ငံစုံစီးပွားရေးကော်ပိုရေးရှင်းကြီးများအပေါ် မှီခိုမှုက ဆင်းရဲသောနိုင်ငံများအား ယင်းလုပ်ငန်းကြီးများတွင် အသုံးပြုရန်အတွက် ဈေးနှုန်းသက်သာသော လုပ်အားနှင့် ကုန်ကြမ်းပစ္စည်းများကို စုဆောင်းပေးရသည့်နိုင်ငံများအဖြစ် ရောက်ရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ကော်ပိုရေးရှင်းကြီး များက ဆင်းရဲသောနိုင်ငံများကိုယ်တိုင် တိုးတက် တီထွင်လုပ်နိုင်မည့် ခေတ်မီထုတ်လုပ်မှု နည်းလမ်းများ (Advanced production techniques) ကို လက်ဆင့်ကမ်းမျှဝေမပေးဘဲ ကန့်သတ်ထားသောကြောင့် ဖြစ်သည်။

အချို့နိုင်ငံများတွင် နိုင်ငံပိုင် သယံဇာတ/ အရင်းအမြစ်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်း (Privatization) ပြုလုပ်ကြသည်။ နိုင်ငံပိုင်စီးပွား ရေးလုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေး ခြင်းသည် လတ်တလောရေတိုကာလအတွက် ရင်းနှီးမြှုပ်နှံမှုအရင်းအနှီး (Investment capital) များပြားစွာ ရရှိနိုင်သည်။ သို့သော်လည်း Privatization သည် ရေရှည်တွင် အလုပ်လက်မဲ့ အရေအတွက်အလွန်များပြားခြင်း၊ တစ်ဦးကျ ဝင်ငွေ (Per capita income) နိမ့်ကျခြင်းနှင့် ဆင်းရဲမှုတို့ကိုဖြစ်စေနိုင်သည်။ အထူးသဖြင့် ဤအချက်သည် အနောက်အာဖရိကနိုင်ငံများ အတွက် မှန်ကန်ပါသည်။ အနောက်အာဖရိက နိုင်ငံများသည် ပြည်တွင်း စီးပွားရေးအတွက် ငါးဖမ်းလုပ်ငန်းကို သမိုင်းစဉ်ဆက် လုပ်ကိုင်ခဲ့ ကြသည်။ ၁၉၇၉ ခုနှစ် နှစ်စတွင် ဥရောပသမဂ္ဂ သည် အနောက်အာဖရိက ကမ်းရိုးတန်းတွင် ငါးဖမ်းခွင့်စာချုပ်များဖြင့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင် ခဲ့ပါသည်။ ၁၉၇၉ ခုနှစ်မှ ယနေ့ထက်တိုင် ဖြစ်ပါသည်။ ဥရောပသမဂ္ဂမှ နိုင်ငံခြား ကော်ပိုရေးရှင်းများ (Foreign corporations) သည် စီးပွားဖြစ် ငါးဖမ်းခြင်းကို အလွန်အကျွံလုပ်ကိုင်သောကြောင့် အနောက်အာဖရိကရှိ ပြည်သူများ အလုပ်လက်မဲ့ များစွာဖြစ်ပေါ်ပြီး ဒေသတစ်ဝန်းသို့ ပြောင်းရွှေ့ထွက်ခွာ အသက်မွေးဝမ်းကျောင်း ပြုကြရပါသည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကြီးများနှင့် ကုန်သွယ် မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ချုပ်ဆိုပြီး တိုင်းပြည်စီးပွားရေး တိုးတက်စေရန် ဆောင်ရွက်မည့် ဆင်းရဲသော နိုင်ငံရှိအစိုးရများအတွက် သင်ခန်းစာရယူနိုင်သည်။

➲ဆက်လက်ဖော်ပြပါမည်

Vol: 16, No.10 Monday March 7 2016

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၇–၃– ၂၀၁၆)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီကို အိန္ဒိယအဝယ်လျော့

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) အသစ်ကို အိန္ဒိဘက်မှ အဝယ်လျော့သွားတာကြောင့် ပဲအရောင်းအဝယ်လည်းအေးနေကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) တွေက အဝင် ပုံမှန်ရှိပေမယ့် အိန္ဒိယဘက်က အဝယ်ပြန်အေးသွားကြောင်း တစ်တန်ကို ၁၄၀၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (RC) ကိုတော့ အိန္ဒိယဘက်မှ ဈေးလျော့အဝယ်ရှိသလို ဝယ်လိုအားပါအေးတာကြောင့် ဈေးအနည်းငယ်ကျလာပေမယ့် အရောင်းအဝယ်တော့ ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၃၀၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်တွင် ပဲစင်းငုံနီနှင့် ပဲတီစိမ်းလုံးသေးကို ရန်ကုန်အဝယ်ပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးအနည်းငယ်ကျနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၀၉၅ ကျပ် (တစ်တန်ကို ၁၂၈၂၉၅၇ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးသေးကို ရန်ကုန်ဝယ်လက်က ဈေးပေးအဝယ်ရှိပေမယ့် ပဲလက်ကျန်နည်းသွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၆၃၀ ကျပ် (တစ်တန်ကို ၉၉၈၁၉၅ ကျပ်) ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး(သစ်) ပုံမှန်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး (သစ်) တွေ အဝင်ပုံမှန်ရှိသလို မြို့ခံပဲခွဲစက်နှင့် သိုလှောင်မည့်သူများကလည်း ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၅၀ ကျပ် (တစ်တန်ကို ၉၄၉၂၀၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနှင့် သိပ္ပံနှမ်းနက် ဈေးကျလာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) ကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၂၅ ကျပ် (တစ်တန်ကို ၁၃၀၁၃၂၈ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက အရောင်း နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒေသထွက် သိပ္ပံနှမ်းနက်ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၃၆၆၇ ကျပ်ဈေးဖြင့် အဝယ်ပါးသွားကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်အေး၊ ပဲစင်းငုံနီနှင့် ကုလားပဲဖြူလုံးကြီး ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်း အဝင်ပါးပြီး အရောင်းအဝယ်လည်းပါးနေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၄၀ ကျပ် (တစ်တန်ကို ၁၃၁၀၅၁၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ပဲခွဲစက်တွေဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၅၅၅ ကျပ် (တစ်တန်ကို ၉၅၂၂၆၆ ကျပ်) ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကိုတော့ မန္တလေးဝယ်လက်နှင့် သိုလှောင်မည့်သူများက တစ်ပိဿာ ၁၈၈၉ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲနှင့် ပဲလွန်းဖြူ အရောင်းအဝယ်ပါး

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်)တွေ ဈေးကွက်သို့ ပုံမှန်ဝင်ရောက်မှုရှိပေမယ့် အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကတော့ အဝယ်ပါးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၂၅ ကျပ် (တစ်တန်ကို ၁၃၆၂၅၆၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် ပဲလွန်းဖြူကိုတော့ ရောင်းသူကုန်သည်များက ဈေးအမြင့်မှန်းနေပေမယ့် ဝယ်လက်တွေကတော့ တစ်ပိဿာကို ၁၀၁၀ ကျပ် (တစ်တန်ကို ၆၁၈၅၁၃ ကျပ်) ဈေးဖြင့်သာ အဝယ်ရှိခဲ့လို အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက် မတ်ပဲ(သစ်) ကို ရန်ကုန်အဝယ်များ၊ ပဲစင်းငုံနီ အရောင်းအဝယ်အေး

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ အဝင်ပုံမှန်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၂၁၅ ကျပ် (တစ်တန်ကို ၁၃၅၆၄၄၃ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်အားနည်းပေမယ့် တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးအနည်းငယ်ကျ ပဲတီစိမ်း အရောင်းအဝယ်ပါး

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တွေ ပုံမှန်ဝင်ရောက်မှုရှိပေမယ့် ပဲခွဲစက်တွေက အဝယ်ပါးသွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၁၆၀ ကျပ် (တစ်တန်ကို ၁၃၂၂၇၆၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ် ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကိုတော့ ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးလျှော့အဝယ်ရှိသလို ဝယ်လိုအားပါ ပါးသွားတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၂၀၇၅ ကျပ် (တစ်တန်ကို ၁၂၇၀၇၀၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ)ကိုတော့ တရုတ်ဘက်မှ အဝယ်အေးပြီး ပဲတီစိမ်းလုံးသေးကိုတော့ တစ်ပိဿာကို ၁၅၇၉ ကျပ် (တစ်တန်ကို ၉၆၆၉၆၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနှင့် မတ်ပဲအရောင်းအဝယ် ပုံမှန်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး (သစ်) တွေ ပုံမှန်ဝင်ရောက်သလို ပဲခွဲစက်နှင့် သိုလှောင်မည့်သူများကလည်း တစ်ပိဿာ ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) တွေ ဈေးကွက်ထဲ ပုံမှန်ဝင်ရောက်ပေမယ့် ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်တွေက တစ်ပိဿာ ၂၂၅၀ ကျပ် (တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) တွေကို ပြည်ပအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအား ပါးတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာ ၂၁၄၀ ကျပ် (တစ်တန်ကို ၁၃၁၀၅၁၄ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်ပါးသွားပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၅ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် လေးသိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်နည်းပေမယ့် တရုတ်ဘက်မှ ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းအဝင်နည်းပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၃၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၁ သိန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်းဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်အဆွဲပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံအနေဖြင့် တစ်ပတ်အတွင်း တန်ချိန် ၁၇၀၀၀ နီးပါးဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၇၈ ယွမ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# ရွှေ၊ ငွေတင်သွင်းမှုအတွက် အိန္ဒိယနိုင်ငံက သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၉ ရက်က အိန္ဒိယအစိုးရသည် ရွှေ၊ ငွေ သွင်းကုန်ခွန်များအား တိုးမြှင့်ပြဋ္ဌာန်းလိုက်ပါတယ်။ ရွှေတင်သွင်းမှုအပေါ် ၁၀ ဂရမ်လျှင် ၃၉၉ ဒေါ်လာနှုန်းနဲ့ ငွေအတွက် တစ်ကီလိုဂရမ်လျှင် ၄၉၅ ဒေါ်လာနှုန်းနဲ့ ကမ္ဘာ့ရွှေဈေးအပေါ် မူတည်ပြီး စည်းကြပ်သွားမှာဖြစ်ပါတယ်။ ယခုလ ပထမ သီတင်းနှစ်ပတ်ကာလမှာ တုန်းက ရွှေ ၁၀ ဂရမ်လျှင် ၃၈၈ ဒေါ်လာနဲ့ ငွေ ၁ ကီလိုဂရမ်လျှင် ၄၈၇ ဒေါ်လာနှုန်းနဲ့ စည်းကြပ်ခဲ့တာဖြစ်ပါတယ်။ ဈေးနှုန်းလျှော့ပြမှာ စိုးတဲ့အတွက် အကောက်ခွန်စည်းကြပ်ခွန်ကို အခြေခံပြီး အခွန်နှုန်းကို တွက်ချက်ထားတာလို့ သိရပါတယ်။ ပုံမှန်အားဖြင့် ပေါက်ဈေးကို နှစ်ပတ် တစ်ကြိမ် အခြေခံပြီး ပြန်လည်သုံးသပ်တွက်ချက် ကောက်ခံနေတာဖြစ်ပါတယ်။ အဖိုးတန်သတ္တုများရဲ့ အကောက်ခွန်နှုန်းထား သတ်မှတ်ခြင်းကိုဗဟိုယစ်မျိုးနဲ့ အကောက်ခွန်အဖွဲ့ (Central Board of Excise & Customs)က လုပ်ဆောင်တာဖြစ်ပါတယ်။ ကမ္ဘာ့ရွှေဈေးနဲ့ ငွေဈေး၊ ရူပီးအခြေအနေပေါ်မူတည်ပြီး သွင်းကုန်ခွန်ကိုလည်း ပြောင်းလဲ သတ်မှတ်နေရတာ ဖြစ်ပါတယ်။ ရွှေ၊ ငွေ အချောင်း/အတုံးအခဲရောင်းဝယ်သူများရဲ့ပြောကြားချက်အရ လေးနှစ်တာကာလအတွင်းမှာ ရွှေဈေးဟာ အတက်ဖက်ကိုဦးတည်နေတယ်လို့သိရပါတယ်။ ဘဏ္ဍာရေးဝန်ကြီး ဌာနရဲ့ ဖေဖော်ဝါရီ ၂၉ ရက်က ပြောကြားတဲ့ မိန့်ခွန်းမှာ ကျောက်မျက်ရတနာများအပေါ်လည်း သွင်းကုန်ခွန်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး တစ်ရာခိုင်နှုန်းတိုးမြှင့်စည်းကြပ်သွားမယ်လို့ထည့်သွင်းပြောကြားခဲ့ပါတယ်။

ယခုအခါ အိန္ဒိယနိုင်ငံရဲ့ ရွှေတင်သွင်းမှုဟာ ကန်ဒေါ်လာ ၃ ဒသမ ၈၀ ဘီလီယံရှိနေပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာက တင်သွင်းခဲ့တဲ့တန်ဖိုးရဲ့ နှစ်ဆရှိနေပြီဖြစ်ပါတယ်။

**CMK**

# ပုသိမ်မြို့တွင် ပြည်ပပို့ကုန် ကိုင်းဘောဈေးကွက် ဝယ်လိုအားမြင့်တက်လျက်ရှိ



ဧရာဝတီတိုင်း ဒေသကြီးရဲ့ ပြည်ပပို့ကုန်များတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ ကိုင်းဘောမှာ ရာသီဒေသထွက်ကုန်အဖြစ် ဇန်နဝါရီမှ မတ်အထိ ဈေးကွက်သို့ဝင်ရောက်လျက်ရှိကြောင်းနဲ့ ကိုင်းဘောများထွက်ရှိရာ ဒေသများမှာ ချောင်းသာ၊ ငွေဆောင် ပတ်ဝန်းကျင်ရှိ တောင်စောင်း၊ တောင်ကုန်းများနဲ့ ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင်ကျေးရွာများတွင် အလေ့ကျပေါက်ရောက်လျက်ရှိပြီး မြို့ပေါ် အဝယ်ဒိုင်မှ ကိုင်းဘောထွက်ရှိရာ ဒေသများသို့ ဝယ်လက်များစေလွှတ်၍ ဝယ်ယူကာ ၎င်းကုန်ကြမ်းများကို မြို့ပေါ် အဝယ်ဒိုင်သို့တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

မြို့ပေါ် အဝယ်ဒိုင်ကိုရောက်ရင် ကိုင်းဘောအနု၊ အလတ်၊ အရင့် အမျိုးအစားခွဲ၍ အနု၊ အလတ်ကို ရန်ကုန်မှတစ်ဆင့် ပြည်ပနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပါကစ္စတန်၊ အိန္ဒိယ၊ မလေးရှား၊ မြောက်ကိုရီးယားနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချ၍ ကိုင်းဘောအရင့်များကို ပြည်တွင်း၌ တံမြက်စည်းပြုလုပ်ရာတွင် အသုံးပြုကြောင်း၊ ကိုင်းဘောထွက်ရှိရာ ချောင်းသာနဲ့ ငွေဆောင်ဝန်းကျင် တောင်ကုန်းများတွင် ယခုအခါ ရော်ဘာများ တိုးချဲ့စိုက်ပျိုးလျက်ရှိသောကြောင့် ယခင်နှစ်ထက် ယခုနှစ်မှာ ကိုင်းဘောအထွက်နှုန်း အနည်းငယ်လျော့၍ဈေးနှုန်းမှာ မြင့်တက်လျက်ရှိကြောင်း၊ ကိုင်းဘောများကို ဝယ်ယူရာတွင် ကိုင်းဘောအပင်ရေ ၃၀၀၀ ဒေသအခေါ် ကိုင်းဘော တစ်ဘောကို ယခင်နှစ်က အဖွင့်ဈေး ၅၀၀၀ ကျပ်-၆၀၀၀ ကျပ်ဈေးဖြင့် ဝယ်ယူခဲ့ပြီး အပိတ်ဈေးမှာ ၇၅၀၀ ကျပ်သာရှိသော်လည်း ယခုနှစ် အဖွင့်ဈေးမှာပင် ကိုင်းဘောတစ်ဘောကို ၈၀၀၀ ကျပ်-၉၀၀၀ ကျပ်ဈေးနှုန်းမြင့်တက်လျက် ရာသီကုန်အပိတ်ဈေးမှာ ၁၀၀၀၀ ကျပ်ပတ်ဝန်းကျင်ဈေးနှုန်းဖြစ်နိုင်ကြောင်း ဝယ်လိုအားမြင့်တက်မှုအပေါ် ကိုင်းဘောကုန်သည်အများစုက ခန့်မှန်းလျက်ရှိကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**



## အင်းတော်မုန့်ညင်းကြီးက စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေလျှင်မြန်စွာရ

အင်းတော်မြို့နယ်မှာ ဆောင်းသီးနှံ မုန်ညင်းကြီးကို ဧကကျယ်ကြီးများနဲ့ စိုက်ပျိုးလာတာ တွေ့ရပါတယ်။ မြန်မာလူမျိုးတို့ရဲ့ ထမင်းဝိုင်းမှာ မုန်ညင်းကို အမျိုးမျိုးစီမံစားသောက်ကြပါတယ်။ အင်းတော်ဒေသမှာ မုန်ညင်းကို အချဉ်တည် စဉ့်အိုးများနဲ့ လှောင်ပြီး နှစ်ပေါက်ရောင်းချတဲ့သူများရှိပါတယ်။ စိုက်ပျိုးရလွယ်ကူပြီး အပင်သက်ရက်ခြောက်ဆယ်မှာ ခူးဆွတ်ရောင်းချရတဲ့အတွက် လျှင်မြန်စွာ ငွေဝင်တဲ့သီးနှံဖြစ်ပါတယ်။

" မုန်ညင်းကြီးမျိုးကို ဆိုင်ကြီးများမှာ တစ်ထုပ် ငါးထောင်ကျပ်နဲ့ ဝယ်ပါတယ်။ တစ်ထုပ် တစ်ဧကစာပါ အပင်အရေအတွက် မခန့်မှန်းနိုင်ပေမယ့် ပိဿာချိန် ငါးရာထွက်ပါတယ်။ စိုက်ပျိုးရလွယ်ပါတယ်၊ မြေပြင်နွားချေး ဆယ်စီးခန့်ဖြန့်ခင်းမျိုးစေ့ချ ကောက်ရိုးအုပ်ပြီး ရေပါးပါးလောင်းပေးရပါတယ်။ စိုက်ပျိုးပြီး နောက်နှစ်လဆို ခူးဆွတ်လို့ရပါပြီ၊ တစ်ဧကကုန်ကျစရိတ် ကျပ်တစ်သိန်းခန့် ကုန်ကျပါတယ်။ လက်ရှိပေါက်ဈေးတစ်ပိဿာ တစ်ထောင် ရောင်းရတော့ တစ်ဧကလေးသိန်းကျော် အကျိုးအမြတ်ရှိပါတယ်။ အချဉ်တည် ရောင်းချတဲ့လုပ်ငန်းရှင်များက အခင်းပြတ် ဝယ်ကြပါတယ်။ "မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ကသာ၊ ဗန်းမော်မြို့တွေက အဝယ်များပါတယ်" လို့တောင်သူဦးကျော်မင်းစိန်က ပြောပါတယ်။

မုန်ညင်းမှာ ဒေသအခေါ် အရ ကိုက်လန်၊ ရိုးတံရှည်၊ မုန်ညင်းသီး၊ မုန်ညင်းကြီး အမျိုးမျိုးရှိပေမယ့် နှစ်ပေါက်မုန့်ညှင်းချဉ်ပြုလုပ်တာ မုန့်ညင်းကြီးတစ်မျိုးသာဖြစ်တဲ့အတွက် ဈေးကွက်ဝင်ပြီး ငွေဖြစ်လွယ်တဲ့ မုန့်ညင်းကြီးကို တောင်သူများ တိုးချဲ့စိုက်ပျိုးသင့်တယ်လို့ ဈေးကွက်က သိရပါတယ်။

**ကြည်နိုင်ဦး- အင်းတော်**

## ယင်းမာပင်ခရိုင်တွင် ဝါဈွမ်းဈေးကောင်းရလျက်ရှိ

ယင်းမာပင်ခရိုင်မှာ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်း သီးနှံဖြစ်သော ဝါများကိုလည်း စိုက်ပျိုးလျက်ရှိပါတယ်။ ခရိုင်တစ်ခုလုံး ဝါစိုက်ဧက ၂၁,၂၀၄ ဧကရှိပြီး စိုက်ပျိုးတဲ့ မျိုးများကတော့ ရွှေတောင် (၈)၊ ငွေချည်(၆)၊ အိန္ဒိယဝါမျိုး RAK တို့ဖြစ်ကြပါတယ်။

ဝါတစ်ဧကကို ပျမ်းမျှပိဿာချိန် ၇၀၀ ထွက်ရှိပြီး ဝါကောက်ခ တစ်ပိဿာ ၂၀၀ ကျပ်ဖြစ်ရာ လူတစ်ဦး ဝါပိဿာချိန် ၂၀ မှ ၃၀ ပိဿာအထိ ကောက်နိုင်သဖြင့် အလုပ်သမားတစ်ယောက်ရဲ့ ဝင်ငွေဟာလည်း တစ်နေ့ ၄၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ ရရှိနိုင်ပါတယ်။ ဝါတစ်ပိဿာလျှင် ၁၁၅၀ ကျပ်ဈေးရှိသဖြင့် တစ်ဧက ဝင်ငွေ ကျပ် ရှစ်သိန်းကျော်ရရှိပါတယ်။ ယခင်နှစ်က ဝါတစ်ပိဿာရဲ့ တန်ဖိုးမှာ ၁၀၀၀ ကျပ်သာရှိခဲ့တဲ့အတွက် ယခုနှစ်မှာ ဝါဈေးကောင်းရလျက်ရှိနေကြောင်း ဝါစိုက်တောင်သူတစ်ဦးမှ ပြောပြခဲ့ပါတယ်။

**သန်းပို - ယင်းမာပင်**

## လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာ၍ ဒေသခံနာနတ်သီးစိုက်တောင်သူများ ဧကအကျယ် အခင်းကြီးများနဲ့ တိုးချဲ့စိုက်ပျိုးလာ

ကသာခရိုင်၊ အင်းတော်မြို့နယ် နာနတ်သီးမှာ အလုံးလှ အရသာကောင်းမွန်ပြီး လူကြိုက်များပါတယ်။ ယခင်ကကုန်စည်လမ်းကြောင်း အခက်အခဲကြောင့် အခင်းထွက်သီးနှံများ ဈေးကွက်ထဲ အချိန်မီ မရောက်ဘဲ ပျက်စီးမှုများခဲ့ပါတယ်။ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတဲ့အတွက် နာနတ်သီးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလာတာ တွေ့ရပါတယ်။

" မန္တလေး- မြစ်ကြီးနား မဟာဗျူဟာကားလမ်းမကြီးဘေးမှာ တစ်နံတစ်လျားစိုက်ခင်းတွေပြုလုပ်ပြီး စိုက်ပျိုးကြတာ များပါတယ်။ ဒီလမ်းက ကုန်ထုတ်လမ်းဆိုလည်းမမှားဘူးပေ့ါ၊ နာနတ်သီးတွေကို လမ်းဘေးချ ရောင်းတာလည်းရှိပါတယ်။ တစ်ဧကကို အပင် ခြောက်ထောင်စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ် ငါးသိန်း ကျော်ရှိပါတယ်။ အသီးတစ်လုံးကို ၂၅၀ ကျပ် အနည်းဆုံး ရောင်းရပါတယ်။ ဆယ့်ငါးသိန်းအကျိုးအမြတ်ရှိလို့ စိုက်ပျိုးသင့်တဲ့သီးနှံဖြစ်ပါတယ်။ နာနတ်သီးကို မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ကသာ၊ ထီးချိုင့် မြို့နယ်များမှာလည်း အများအပြားစိုက်ပျိုးတာ တွေ့ရပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ စိုက်ဧကတစ် ထောင်ကျော်ရှိပြီး ပျားရည်နာနတ်မျိုးကိုသာ စိုက်ပျိုးတဲ့အတွက် လူကြိုက် များပါတယ်" လို့ နာနတ်တောင်သူဦးရန်ရှင်းက ပြောပါတယ်။

အင်းတော်နာနတ်သီးကို ရွှေဘို၊ မန္တလေး၊ မုံရွာ၊ ရန်ကုန် ပွဲရုံကြီးများသို့ အများဆုံး တင်ပို့ရပြီး ဈေးကွက်ခိုင်မာတဲ့အတွက် နာနတ်တောင်သူများ တစ်နံတစ်လျားစိုက်ခင်းကြီးများပြုလုပ်၍ တိုးချဲ့စိုက်ပျိုးလာကြောင်း သိရပါတယ်။

**ကြည်နိုင်ဦး - အင်းတော်**

# ကုန်သွယ်မှုလျာထားချက်အပေါ် ရာခိုင်နှုန်း ၈၀ နီးပါးဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီ ၂၆ ရက်ထိ ၁၁ လတာကာလမှာ ပို့ကုန်ကန်ဒေါ်လာ ၁၂၉၀၀ သန်းနဲ့ သွင်းကုန်ကန်ဒေါ်လာ ၁၇၀၀၀ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၉၉၀၀သန်း လျာထားခဲ့ရာ ကုန်သွယ်မှုပမာဏ ၂၄၇၈၉ သန်းကျော်ဖြစ်တဲ့အတွက် လျာထားချက်ရဲ့ ၈၂ ဒသမ ၉၁ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းနဲ့နယ်စပ်ကုန်သွယ်မှုအရ လျာထားချက်နဲ့ဆောင်ရွက်နိုင်မှုကို နှိုင်းယှဉ်ဖော်ပြပေး လိုက်ရပါတယ်-

**တန်ဖိုး-ဒေါ်လာသန်း**

| အကြောင်းအရာ | လျာထားချက် | ၁-၄-၂၀၁၅ မှ ၂၆-၂-၂၀၁၆ ထိ | ရာခိုင်နှုန်း |
|---|---|---|---|
| **ပို့ကုန်** | | | |
| ပင်လယ်ရေကြောင်း | ၈၆၂၄. ၃၀၀ | ၅၈၇၃. ၁၁၉ | ၆၈. ၁၀ |
| နယ်စပ် | ၄၂၇၅. ၇၀၀ | ၄၀၃၉. ၇၅၃ | ၉၄. ၄၈ |
| ပေါင်း | ၁၂၉၀၀. ၀၀၀ | ၉၉၁၂. ၈၇၂ | ၇၆. ၈၄ |
| **သွင်းကုန်** | | | |
| ပင်လယ်ရေကြောင်း | ၁၃၅၀၁. ၇၀၀ | ၁၂၅၄၆. ၉၁၉ | ၉၂. ၉၃ |
| နယ်စပ် | ၃၄၉၈. ၃၀၀ | ၂၃၂၉. ၉၇၆ | ၆၆. ၆၀ |
| ပေါင်း | ၁၇၀၀၀. ၀၀၀ | ၁၄၈၇၆. ၈၉၅ | ၈၇. ၅၁ |
| **ကုန်သွယ်မှုပမာဏ** | | | |
| ပင်လယ်ရေကြောင်း | ၂၂၁၂၆. ၀၀၀ | ၁၈၄၂၀. ၀၃၈ | ၈၃. ၂၅ |
| နယ်စပ် | ၇၇၇၄. ၀၀၀ | ၆၃၆၉. ၇၂၉ | ၈၁. ၉၄ |
| စုစုပေါင်း | ၂၉၉၀၀. ၀၀၀ | ၂၄၇၈၉. ၇၆၇ | ၈၂. ၉၁ |

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ရော သွင်းကုန်ပါ လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၇၆၃ သန်းကျော် လျော့နည်းခဲ့ပါတယ်။ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၃၀၈ သန်း ကျော်လျော့နည်းခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၅၄၄ သန်းကျော်ပိုမိုခဲ့ပါတယ်။ပို့ကုန်ပိုင်းတွင် ကန်ဒေါ်လာသန်း ၆၀၀ ကျော်နဲ့ သွင်းကုန်ပိုင်းတွင် ကန်ဒေါ်လာ ၁၆၂ သန်းကျော် လျော့နည်း ခဲ့တာဖြစ်ပါတယ်။ကာလတူထက် ပြည်ပပို့ကုန်ပိုင်းမှာ နိုင်ငံပိုင်အနေနဲ့ ကန်ဒေါ်လာ ၉၉၂ သန်းကျော် လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင်က ကန်ဒေါ်လာ ၃၉၁ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံပိုင်ကဏ္ဍတွင် သတ္တုတွင်းထွက်၊ ရေထွက်ကုန်၊သစ်တောထွက်ကုန်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုများ ကာလတူထက် လျော့နည်းတင်ပို့ခဲ့ပါတယ်။ ပုဂ္ဂလိကပိုင်ကဏ္ဍမှတင်ပို့မှုတွင် လယ်ယာထွက်ကုန်နဲ့တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုများ အပို့လျော့နည်းခဲ့တာဖြစ်ပါတယ်။

**MIRT**

# ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၆ ရက်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ၄၀၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၄၅၉၀ တန်နီးပါးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၈၂၂ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၅၄၇ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၄ တန်ကျော်၊ ကဏန်း ၁၃ တန်ကျော်နဲ့ ပုစွန် တစ်တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၇ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ဒသမ ၅၄၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၆၁၃ တန်ကျော်၊ ကင်းမွန် ၉၄ တန်ကျော်၊ ပုစွန် ၈ တန်နီးပါး အခြားရေထွက်ပစ္စည်း ၃၂ တန်ကျော်၊ပင်လယ်ငါးရှဉ့် ၃ တန်ကျော်၊ ရေဘဝဲ တစ်တန်ကျော်နဲ့ ကဏန်း တစ်တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၅၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂ ဒသမ ၇၆၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၉၈၂ တန်ကျော်၊ငါးမှုန့် ၁၆၃၄ တန်ကျော်၊ ရေငန်ပုစွန် တန် ၈၀ ကျော်၊ အေးခဲကဏန်းပျော့ ၃၂ တန်ကျော်၊ ငါးခြောက် ၂၇ တန်နီးပါး၊ပုစွန်ခြောက် လေးတန်နီးပါး၊ ကဏန်းသေးအသေ နှစ်တန်ကျော်၊ ကင်းမွန်ခြောက် တစ်တန်ကျော်၊ကင်းမွန်တစ်တန်ကျော်နဲ့ သဲကဏန်း ၆၇၅ ကီလိုဂရမ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၂၉ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ကုန်သည်လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သဖြင့် မောင်တောကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပိုမိုတိုးတက်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းဟာ ဖေဖော်ဝါရီလမှာ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသုညဒသမ ၅၁၉ သန်းဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်ရဲ့ ၆၉ ဒသမ ၄၆ ရာခိုင်နှုန်းကိုဆောင်ရွက်နိုင်ခဲ့ပါ တယ်။

ပို့ကုန်ပိုင်းမှာ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်းညှိခြောက်၊ ဝါးကြီး၊ ခနီ၊ သနပ်ခါးခဲ၊ ထွန်းရွှေဝါနဲ့ ဆီးယိုထုပ်တို့တင်ပို့ခဲ့ပြီး သွင်းကုန်ပိုင်းတွင် ဒန်ရေတကောင်း၊ ပလတ်စတစ်ပုံး၊ လူကြီး/ကလေးစီးဖိနပ်၊ ကလေးဝတ်တီရှပ်၊ စွပ်ကျယ်ပိတ်စနဲ့ ရေတုံကင်တို့ တင်သွင်းခဲ့ပါတယ်။ ကုန်သည် လုပ်ငန်းရှင်များဘက်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်သဖြင့် ပို့ကုန်ပိုမိုခဲ့ပြီး ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသုညဒသမ ၀၈၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်လများတွင်လည်း ကုန်သွယ်မှုပိုမိုတိုးတက်ရေးအတွက် မိမိဒေသရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ကုန်သည်လုပ်ငန်းရှင်များ၊ မောင်တောနယ်စပ် ကုန်သွယ်ရေး ကုန်သည်များအသင်း၊ OSS ဌာနများနဲ့ ပူးပေါင်း၍ အလေးထား ကြိုးပမ်းဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**

# မြဝတီကုန်သွယ်ရေးဇုန်မှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ အတွင်းပို့ကုန် ကန်ဒေါ်လာ ၅ ဒသမ ၉၉၇ သန်း တင်ပို့နိုင်တဲ့အတွက် အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၆၈၉ သန်း၊ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ ၂ ဒသမ ၄၀၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ရေထွက်ကုန်နဲ့ ချုပ်ပြီးအဝတ်အထည်များ ပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီအတွင်းအများဆုံးတင်ပို့နိုင်တဲ့ ပစ္စည်းများမှာ မတ်ပဲ၊ပဲလွန်းဖြူ၊ မြေပဲဆန်၊ ပြောင်း၊ မန်ကျည်းသီး (အစေ့ပါ)၊ ကြက်သွန်နီ၊သီဟိုဠ်စေ့၊ ငရုတ်သီးခြောက်၊အုန်းသီး၊ကြံ၊ မန်ကျည်းစေ့၊ငါးမျိုးစုံ၊ပုစွန်၊ကဏန်း၊ငါးရှဉ့်၊ အခြား ရေထွက်ပစ္စည်းများနဲ့ ချုပ်ပြီးအဝတ်အထည်များ ဖြစ်ပါတယ်။

**ခင်မြနွယ်**

# မြိတ်ကုန်သွယ်ရေးစခန်းမှ ကဏန်းမျိုးစုံ တန် ၁၀၀ ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေစခန်းမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီအတွင်း ကန်ဒေါ်လာ သုည ဒသမ ၆၇၉ သန်းတန်ဖိုးရှိ ကဏန်းမျိုးစုံဖြစ်တဲ့ အေးခဲကဏန်းပျော့ ၅၈ တန်ကျော်၊ ကဏန်းနီ ၅၁ တန်ကျော်၊ ကဏန်းသေး (အသေ) ငါးတန်ကျော်နဲ့ သဲကဏန်းနှစ်တန်ကျော် စုစုပေါင်း ၁၁၇ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ၅၄ တန်ကျော် ယမန်နှစ် ကာလတူနဲ့နှိုင်းယှဉ်ပါက ၂၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီအတွင်း ကဏန်းမျိုးစုံအပြင် ကန်ဒေါ်လာ ၁၁ ဒသမ ၁၈၉ သန်း တန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၄၈၃၈ တန်ကျော်၊ ပုစွန် ၁၇၅ တန်နီးပါး၊ ငါးမှုန့် ၃၃၆၈ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) လေးတန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ငါးခြောက် ၂၇ တန်နီးပါး၊ ပုစွန်ခြောက်ခုနစ်တန်ကျော်၊ ကင်းမွန် ၁၄ တန်ကျော်၊ ကင်းမွန်ခေါင်း ကိုးတန်ကျော်။ ငါးမုတ်မဲနှစ်တန်နဲ့ ကင်းမွန်ခြောက်တစ်တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် တန် ၄၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ဆီးဆံတန် ၄၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင် သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ၁၉၆ သန်းတန်ဖိုးရှိ ဆီးဆန်၄၈ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ရှစ်တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆန်တင်ပို့မှု မရှိသော်လည်း ဆီးသီးခြောက် ၉၉ တန်၊ ဆီးဖတ်၅၀ တန်နဲ့ ဆီးယိုထုပ်၄၂တန်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# စခန်းစုံမှ ကြက်သွန်နီ တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ ၁၃၇၀၆၀ တန်ဖိုးရှိ ကြက်သွန်နီ ၃၈၄ တန်ခွဲနဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၂၃၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၀၀ ကိုလည်းကောင်း၊မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၈၇၆၀ တန်ဖိုးရှိကြက်သွန်နီ ၂၁၂တန်ကိုလည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီလ တစ်လလုံးမှာ မြဝတီမှ ၁၄၁၂ တန်ကျော်၊ တာချီလိတ်မှ တန် ၁၀၀ နဲ့ မူဆယ်မှ ၂၁၂ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြဝတီကုန်စည်ဒိုင်မှာ ကြက်သွန်နီ (ရှယ်လတ် ၂၅ mm-၃၅mm) တစ်တန်ပေါက်ဈေး ၃၃၈၄၁၈ ကျပ်ခန့်ရှိပြီး မူဆယ်ကုန်စည်ဒိုင်မှာတော့ (ရှယ်လတ် ၂၀ mm-၃၀ mm)ကို ၂၈၆၁၂၀ ကျပ်ဈေးရှိနေပါတယ်။

**မော်မော်အောင်**

# ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ကုန်သည်ပွဲစား လုပ်ငန်းရှင်များအသင်း ပဏာမရွေးချယ်ပွဲ ကျင်းပ

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကုန်သည်ပွဲစားလုပ်ငန်းရှင်များအသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရန် မတ် ၂ ရက်က မြိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ကုန်သည်ပွဲစားလုပ်ငန်းရှင်များအသင်း ပဏာမရွေးချယ်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင် ဦးစီးမှူး ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြိုင်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနဲ့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြိုင်မြို့နယ် အတွင်းရှိ ကုန်သည်ပွဲစား လုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ပဏာမရွေးချယ်ပွဲမှာ မြိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းက မြိုင်မြို့နယ် အနေဖြင့် အမှန်တကယ်ရှိသင့်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဒေသခံများထဲမှ မာမာချာချာ ထိထိရောက်ရောက် လုပ်နိုင်သူများကို ဒေသခံ ကုန်သည်ပွဲစားများက ရွေးချယ်လုပ်ဆောင်ကြရန်နဲ့ ယခုကဲ့သို့ အသင်းအဖွဲ့များ ဖွဲ့စည်းတည်ရှိခြင်းအားဖြင့် အခွင့်အလမ်းများ ပွင့်လင်းခြင်းနဲ့ ဈေးကွက်ပွင့်လင်းခြင်း၊ ကုန်ဈေးနှုန်းများ အချိန်နဲ့တစ်ပြေးညီ သိရှိခြင်းကြောင့် ဈေးနှိမ်မခံရခြင်း၊ မိမိဒေသရဲ့ လူမှုစီးပွားဘဝ တိုးတက်လာစေခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိခံစားနိုင်မှာဖြစ်တဲ့အတွက် ကုန်သည်ပွဲစားလုပ်ငန်းရှင်များက အလေးထား ဆောင်ရွက်သင့်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ထို့နောက် မြိုင်မြို့နယ် မြို့မိမြို့ဖတစ်ဦးက ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ဒေသထွက်ကုန်များဖြစ်သော ဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ မန်ကျည်း၊ ထန်းလျက်၊ ဆီ၊ သနပ်ခါးနဲ့ အခြား ထွက်ကုန်များ အများအပြား ထွက်ရှိသော်လည်း ယခင်ကဖွဲ့စည်းထားသော အသင်းအဖွဲ့မရှိ၍ အခြားမြို့နယ်များထက် နောက်ကျကျန်ခဲ့ကြောင်း လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခက်အခဲများ ရှိခဲ့သော်လည်း ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေးမှစ၍ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ရာမြိုင်မြို့နယ်အတွင်းရှိ ကုန်သည်ပွဲစားလုပ်ငန်းရှင်များအနေဖြင့် စိတ်ပါဝင်စားစွာ အသင်းအဖွဲ့ ဖွဲ့စည်းဖြစ်မြောက် အောင်မြင်စေရန် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း၊ အသင်းအနေနဲ့ မိမိအကျိုးအတွက် မဟုတ်သော ပတ်ဝန်းကျင်ကို မထိခိုက်စေသော စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်စေခြင်းဖြင့် တောင်သူများနဲ့ ထိတွေ့ဆက်ဆံရာတွင် တောင်သူများ လိုအပ်သည့် သတင်းအချက်အလက်နှင့် နည်းပညာများ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပေးစေလိုကြောင်း၊ ယခုကဲ့သို့ အသင်းအဖွဲ့ ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးတဲ့ ပခုက္ကူခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဦးနဲ့အဖွဲ့အားလည်းကောင်း၊ မြိုင်မြို့နယ်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသိန်းနဲ့ မြို့နယ်ကြီးကြပ်မှုကော်မတီမှာ ပါဝင်သော ဌာနဆိုင်ရာ ဝန်ထမ်းများအားလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။

ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသန်းဦးက ယခင်က ကုန်သွယ်မှုလုပ်ငန်းများတွင် အစိုးရမှ အစိုးရသို့ လုပ်ဆောင်ခဲ့ပါကြောင်း၊ ယခုအခါ ခေတ်စနစ်ပြောင်းလဲမှုများအရ တိုင်းရင်းသားလုပ်ငန်းရှင်များကို ဈေးကွက်များ ရှာဖွေပေးခဲ့ပါကြောင်း၊ နိုင်ငံတကာတွင် မြန်မာ့ဒေသထွက်ကုန်ပစ္စည်းများအား သိရှိ ဈေးကွက်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က အိမ်နီးချင်းနိုင်ငံများအား ၎င်းတို့မှတစ်ဆင့် ချိတ်ဆက်ရောင်းဝယ်ခဲ့ရကြောင်း၊ တိုက်ရိုက်စနစ်ရောင်းဝယ်ရေး မပြုလုပ်နိုင်ခဲ့သောကြောင့် ကုန်ပစ္စည်း၏ တန်ရာတန်ကြေးကို မရရှိခဲ့ဘဲ ဈေးနှိမ်ခံခဲ့ရကြောင်း၊ ယခုအခါ အရာရာ ပွင့်လင်းမြင်သာသည့် တံခါးဖွင့်ဝါဒ ကျင့်သုံးနေပြီဖြစ်၍ ခေတ်ပြောင်း၊ လူပြောင်း၊ စိတ်ဓာတ်မပြောင်း ရင် နောက်ကျကျန်ခဲ့မှာဖြစ်ပါကြောင်းဖြင့် ကုန်စည်ဒိုင်ဖွင့်ခြင်းအားဖြင့်ဒေသတွင်းလိုအပ်နေသော နည်းပညာ၊ အတတ်ပညာ၊ အရင်းအနှီးများ ချိတ်ဆက် ဆောင်ရွက်ပေးနိုင်မှာဖြစ်ပြီး ယခင် ကောက်သင်းကောက် ရောင်းဝယ်ရေးရှိခဲ့ရာမှ အသင်းအဖွဲ့ ဖွဲ့စည်းတည်ရှိခြင်းအားဖြင့် ရောင်းသူဈေးကွက်အဖြစ် ခိုင်မာစွာရှိလာမှာ ဖြစ်ပါကြောင်း၊ ဒေသတွင်း အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ပေါ်ပေါက်လာမှာဖြစ်ပါကြောင်း၊ ပခုက္ကူခရိုင် အတွင်းတွင် ပခုက္ကူမြို့နယ်၊ ဆိပ်ဖြူမြို့နယ်နဲ့ ရေစကြိုမြို့နယ်တို့တွင် ကုန်စည်ဒိုင်များဖွင့်လှစ်ထားရှိနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အခုမြိုင်မြို့နယ်တွင်လည်း ကုန်သည်ပွဲစားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းနိုင်ရန် အလေးအနက်ထားကြိုးစား ဆောင်ရွက်ခဲ့ပါကြောင်းနှင့် မြိုင်မြို့နယ်ရှိ ကုန်သည်ပွဲစား လုပ်ငန်းရှင် များအနေနဲ့လည်း စိတ်ပါဝင်စားစွာဖြင့် မိမိဒေသတိုးတက်စေရန် ကုန်သည်ပွဲစားလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်နှင့် အဖွဲ့ဝင်အနေဖြင့် ကန့်သတ်ထားမှု မရှိပါကြောင်း၊ ကုန်သည်ပွဲစားလုပ်ငန်းရှင်များ အနေဖြင့် ရွေးချယ်ပေးကြပါရန် ပြောကြားခဲ့ပါတယ်။

ကုန်သည်ပွဲစားလုပ်ငန်းရှင်များ အသင်းအား ပဏာမရွေးချယ်ရာတွင် တက်ရောက်လာသော ကုန်သည် လုပ်ငန်းရှင် ၄၅ ဦးအနက် အဖွဲ့ဝင် ၁၉ ဦးကို ရွေးချယ်ကြပြီးနောက် ၎င်း ၁၉ ဦး အဖွဲ့ဖြင့် အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ကြောင်းသိရပါတယ်။

**ချယ်ရီမြင့် - ပခုက္ကူ**



# ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဒေသထွက်ကုန်ပြပွဲ ဖွင့်လှစ်ပြသ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနမှာ ကျင်းပပြုလုပ်တဲ့ ဒေသထွက်ကုန်များရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်က ပြည်နယ်ဦးစီးမှူးရုံး၊ ကမ္ဘောဇကုန်သွယ်မှု ဗဟိုဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါပြပွဲသို့ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်ရှိ မြို့နယ် ခြောက်မြို့နယ်မှ ဒေသထွက်ကုန်ပြခန်း ၁၇ ခန်းပြသခဲ့ရာ တောင်ကြီးဒေသထွက်ပဲပြောင်း၊ နှမ်းပြခန်း၊ အဝတ်အထည် (ရက်ကန်းကျောင်း) ပြခန်း၊ ဝါးလက်မှုထည် (အသေးစားစက်မှုလက်မှု)ပြခန်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ (အသေးစားစက်မှုလက်မှု)ပြခန်း၊ ဖျော်ရည်နှင့်ယိုစုံ (အသေးစား စက်မှုလက်မှု)ပြခန်း၊ ပရိဘောဂပြခန်း၊ အေးသာယာဝိုင်ပြခန်း၊ ရှမ်းရိုးမ ရေသန့်ပြခန်း၊ အင်းလေးဒေသထွက်များဖြစ်သော ချည်ထည်ပြခန်း၊ ထီးပြခန်း၊ ဝါးလက်မှုထည်ပြခန်း၊ ကြံသကာပြခန်း၊ ပင်းတယဒေသထွက် ထီးလုပ်ငန်းပြခန်း၊ ရှမ်းစက္ကူနှင့် ဝါးလက်မှုပစ္စည်း အမျိုးမျိုးပြခန်း၊ ရွာင်ဒေသထွက် ညဏ်ကြီးရှင် (Geneus ) ကော်ဖီပြခန်း၊ နောင်တယားမြို့နယ် ဒေသထွက် ယာကွန်လက်ဖက်ခြောက်နှင့် ဝိုင်ပြခန်း၊ ကလောဒေသထွက် အသင့်စားသောက်ကုန်ပြခန်းများကို ဖွင့်လှစ်ပြသခဲ့ကြောင်း သိရှိရပါတယ်။

ပြပွဲဖွင့်ပွဲအခမ်းအနားမှာ ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေ၊ ရှမ်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် ကောင်းကင်ဖြူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးနန္ဒာ အောင်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ ကြောင်း သိရှိရပါတယ်။

**မင်းအောင် - တောင်ကြီး**

# နိုင်ငံတကာအဆင့်မီ မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၆ ဖွင့်လှစ်ပြသ

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ ကြီးမှူးကာ နိုင်ငံတကာအဆင့်မီ မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center တွင် မတ် ၃ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သိရပါတယ်။

ပြပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက်က ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်းတို့ကဖွင့်လှစ်ပေးခဲ့ကြပြီး မြန်မာနိုင်ငံရှိ မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြခန်းတာဝန်ခံများ၊ အသင်းဝင် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါပြပွဲသို့ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဂျာမနီစတဲ့ ပြည်ပနိုင်ငံကုမ္ပဏီများနဲ့ ပြည်တွင်းကုမ္ပဏီများမှ လယ်ယာသုံး အဆင့်မြင့် စက်ကိရိယာပြခန်းပေါင်း ၇၀ နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒေသထွက် ကုန်ပစ္စည်းပြခန်းသုံးခန်း စုစုပေါင်း ပြခန်း ၇၃ ခန်း ပြသခဲ့ကြပြီး၊ နမူနာပစ္စည်းများကို ပြသရောင်းချခဲ့ကြကြောင်းသိရပါတယ်။

ပြပွဲရဲ့အခြားအစီ အစဉ်အနေဖြင့် လယ်တောသူအလှမယ်ပြိုင်ပွဲ-၂၀၁၆၊ မြန်မာ့ရိုးရာကျေးလက်အက ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ရာ ပြည်နယ်/တိုင်းအသီးသီးမှ တိုင်းရင်းသား တောင်သူများ ပါဝင်ယှဉ်ပြိုင်လျက် ရှိသကဲ့သို့ စိတ်ဝင်စားဖွယ် ဖျော်ဖြေရေးအစီအစဉ်များကို ပြပွဲရက်များတွင် ထည့်သွင်းကျင်းပခဲ့ကြောင်း သတင်း ရရှိပါတယ်။

**ထွန်းလှိုင်-မုံရွာ**




ကြက်သွန်နီအကြောင်းကို စိတ်ဝင်တစား ပြောကြ ရေးကြသည်မှာ ၂၀၁၅တွင် အများဆုံးဖြစ်မည် ထင်ပါသည်။ ကြက်သွန်နီ ဈေးနှုန်းလက်လီဈေး တစ်ပိဿာ ၄၀၀၀ ကျပ် ရောက်ခဲ့သည့်အတွက် ငါးဈေးထက်မြင့်ပြီး ကြက်သားဈေးနီးနီး ဖြစ်ခဲ့သည့်ကြက်သွန်နီဟုပင် တင်စားခဲ့ရပါသည်။သို့ရာတွင် ကျွန်တော်တို့မြန်မာလူမျိုးများအတွက် အခြေခံစားကုန် များတွင် ဆန်၊ ဆီ၊ ဆား ၊ ငရုတ်၊ ကြက်သွန်နီ မပါဘဲနှင့် ထမင်းတစ်ဝိုင်း ၊ ဟင်းတစ်ခွက် ဖြစ်ရန် ခက်ခဲလှသည်အထိ ကြက်သွန်နီသည် အခြေခံစားကုန်များတွင် ပါဝင်ခဲ့ရပါသည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုကို မိုးနှင့် နွေရာသီတို့တွင် အဓိက စိုက်ပျိုးပြီး၊ ကြက်သွန်နီ စိုက်ဧကမှာ ယေဘုယျအားဖြင့် ၁၇၀၀၀၀ ဧကမှ ၁၉၀၀၀၀ ဧက ပတ်ဝန်းကျင် ရှိတတ်ပါ သည်။ အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် ပိဿာ ၃၀၀၀ခန့် ထွက်ပါ သည်။ အများဆုံး ပိဿာချိန် ၆၀၀၀-၇၀၀၀ ခန့် အထိ ထွက်ရှိပါသည်။ စိုက်ပျိုးသည့် နည်းစနစ်မှာ ဒေသအလိုက် ရိုးရာဓလေ့အတိုင်း စိုက်ပျိုးတတ်ပြီး မိုးတွင် ဉစိုက် အဖြစ်လည်းကောင်း၊ နွေတွင် ပျိုးစိုက်အဖြစ်လည်းကောင်း စိုက်တတ်ပါသည်။ ယခုနောက်ပိုင်းတွင် Spingler မျိုးဖြင့် ရေဖျန်းစနစ်စိုက်ပျိုးမှုသို့ ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေကြပါသည်။ အထွက်နှုန်း ၃၀၀၀ ပိဿာဖြင့်ဆိုပါက တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ၉ သိန်းမှ ၁၀ သိန်း ကြားတွင် ထွက်ကြောင်း ခန့်မှန်းနိုင်ပါသည်။ ကြက်သွန်နီသည် ပုပ်သိုး ဆွေးမြည့်လွယ်ခြင်း၊ အခွံကျွတ်ခြင်း၊ရေခဓာတ်များသော ဟင်းသီးဟင်းရွက် အမျိုးအစားဝင် ကုန်ပစ္စည်း ဖြစ်သဖြင့် တစ်နှစ်လုံး သိုလှောင်ပါက အလေအလွင့်သည် ၂၀ ရာခိုင်နှုန်း မှ ၃၀ ရာခိုင်နှုန်းထိ ရှိတတ်ကြောင်းသိရပါသည်။ သို့ဖြစ်၍ တန်ချိန် ၁၈၀၀၀၀ မှ ၂၀၀၀၀၀ ခန့်အထိ လျော့နည်းနိုင်ပါသည်။ အလေအလွင့်အတွက် နုတ်ပြီးပါက တန်ချိန် ၇၀၀၀၀၀ မှ ၈၀၀၀၀၀ ထိ ပြည်တွင်းစားရန်နှင့် ပြည်ပတင်ပို့ရန် ရှိပါသည်။

**စားသုံးမှု**

ပြည်တွင်းတွင်ကြက်သွန်နီကို လူတစ်ဦးတစ်နေ့ တစ်ကျပ်သား၊ နှစ်ကျပ်သားခန့် စားသည်ဆိုပါက ၊ တစ်နှစ်လျှင် ၄ ပိဿာခန့် ပျမ်းမျှ စားသုံးသည်ဟု သုံးသပ်နိုင်ပါသည်။ အမှန်အားဖြင့် စားသုံးသူများသည် ဈေးချိုလျှင် အစားပိုပြီး ဈေးကြီးလျှင် အစားနည်းတတ်ပါသည်။ သို့ဖြစ်၍ ကြက်သွန်နီစားသုံးမှုကို ပုံမှန်တွက်ဆရန် ခက်ခဲပါသည်။ ဟင်းတွင်ထည့်သွင်းချက်ပြုတ်စားသည့်အပြင် ကြက်သွန်နီ မပါသော အသုတ်စုံဟု မရှိသလောက်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြန်မာများ အများဆုံးစားသုံးသော နံနက်စာ တစ်ခုဖြစ်သော အစားအသောက်မှာ မုန့်ဟင်းခါးဖြစ်ပြီး ကြက်သွန်နီကို ဥလိုက်ထည့်သွင်း၍ ဟင်းရည်အဖြစ် ချက်ပြုတ်စားသုံးတတ်ပါသည်။ သို့ဖြစ်၍ကြက်သွန်နီ သုံးစွဲမှုသည် ၄ပိဿာဖြင့် တွက်လျှင်ပင် တန်ချိန် ၃၀၀၀၀၀ ကျော်ရှိပြီး၊ အမှန်အားဖြင့်သုံးစွဲမှုသည် ယင်းအလေးချိန်၏ နှစ်ဆကျော်ပင် စားသုံးနိုင်သည်ဟု တွက်ချက်နိုင်ပါသည်။

**ပြည်ပတင်ပို့မှု**

ကြက်သွန်နီကို ပြည်ပသို့တင်ပို့ခဲ့ရာတွင် အဓိက တင်ပို့သော နိုင်ငံများမှာ တရုတ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပြီး၊ ၂၀၀၅ မှ ၂၀၁၀ ထိ စိုက်ပျိုးထုတ်လုပ်သော ကုမ္ပဏီ များကိုသာ ပြည်ပ တင်ပို့ခွင့်ပြုခဲ့ပြီး ၂၀၁၁-၂၀၁၂မှစ၍ မည်သည့် ကုမ္ပဏီဖြစ်စေ ပြည်ပတင်ပို့ခွင့်ပြုခဲ့ပါသည်။ ကြက်သွန်နီပြည်ပတင်ပို့သည့် ယခု ၅နှစ်တာ ကာလအတွင်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| ခုနှစ် | တန် | (အမေရိကန် ဒေါ်လာသန်းပေါင်း) |
|---|---|---|
| ၂၀၁၁-၂၀၁၂ | ၁၀၇၃ | ၀. ၃၆၃ |
| ၂၀၁၂-၂၀၁၃ | ၁၄၃၂၅ | ၆. ၀၈၈ |
| ၂၀၁၃-၂၀၁၄ | ၅၆၅၀၂ | ၂၇. ၁၇၈ |
| ၂၀၁၄-၂၀၁၅ | ၃၆၁၃၅ | ၈. ၈၆၄ |
| ၂၀၁၅-၂၀၁၆ | ၄၁၅၄၄ | ၁၁. ၉၈၉ |

(၁၉. ၂. ၂၀၁၆)အထိ

သို့ဖြစ်၍ ကြက်သွန်နီသည် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်းခန့် ရှာဖွေပေးနိုင်ပြီး လိုအပ်ချက်များကို ပြုပြင်နိုင်ပြီဆိုပါက ပြည်ပတင်ပို့မှု ပိုမိုတိုးတက်လာမည်ဖြစ်ပြီး အလားအလာကောင်းသော ပြည်ပပို့ကုန်တစ်ခုဖြစ်ပါသည်။ ကြက်သွန်နီကို ပြည်ပသို့ တင်ပို့လျက်ရှိသော ကုမ္ပဏီများမှာ New Golden Gate , Pyei Phyo Aung, Super Soe, Golden Crop, Great Luck, Kyaw Myint Tun, Green Mount , G.P.E , New A1 Family နှင့် Asia Winner ကုမ္ပဏီတို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံမှတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်တို့ဖြစ်ကြပါသည်။ ဘူလ်ဂေးရီးယားနှင့် အိန္ဒိယသို့လည်း အနည်းငယ်တင်ပို့ထားသည်ကို တွေ့ရပါသည်။

**ကမ္ဘာ့ကြက်သွန်နီဈေးကွက်အခြေအနေ**

ကမ္ဘာ့ကြက်သွန်နီ အများဆုံး တင်သွင်းသောနိုင်ငံများကို ကြည့်လျှင် အောက်ပါအတိုင်း တွေ့နိုင်ပါသည်။ ယင်းတို့မှာ အမေရိကန်၊ ဂျပန်၊ အင်္ဂလန်၊ မလေးရှား၊ ဂျာမနီ ၊ ကနေဒါ ၊ ဆော်ဒီအာရေးဘီးယား၊ ရုရှား၊ နယ်သာလန်၊ ပြင်သစ်တို့ ဖြစ်ပါသည်။ ယင်းနိုင်ငံ ၁၀ နိုင်ငံတွင် ထိပ်ဆုံး အမေရိကန်သည် ကြက်သွန်နီ တန်ချိန် ၃၀၀၀၀၀ ကျော် ၄၀၀၀၀၀ နီးပါး တင်သွင်းပါသည်။ အာရှတိုက်နိုင်ငံများတွင် ဂျပန်သည် တန် ၃၀၀၀၀၀၊ မလေးရှားသည် ၄၀၀၀၀၀ ကျော်၊ ဆော်ဒီအာရေးဗီးယားသည် တန် ၃၀၀၀၀၀ ကျော် တင်သွင်းပါသည်။ အများဆုံး တင်ပို့သောနိုင်ငံ ၁၀ နိုင်ငံမှာ နယ်သာလန်၊ မက္ကဆီကို၊ အိန္ဒိယ၊ တရုတ်၊ အီရတ်၊ အမေရိကန်၊ စပိန်၊ ပြင်သစ်၊ နယူးဇီလန်၊ ပီရူးတို့ဖြစ်ကြောင်း တွေ့ရပါသည်။ အများဆုံးပြည်ပတင်ပို့သော နယ်သာလန်သည် တန် ၉ သိန်းကျော် တင်ပို့ပြီး အခြားနိုင်ငံများ ထံမှလည်း တန် နှစ်သိန်းကျော် တင်သွင်းပါသည်။ အလားတူပင် အမေရိကန်နိုင်ငံသည် တန် ၂ သိန်းကျော်ကို အခြားနိုင်ငံများသို့ တင်ပို့သကဲ့သို့ အခြားနိုင်ငံများမှလည်း တန် ၃ သိန်းကျော် တင်သွင်းကြောင်း တွေ့ရပါသည်။ ယင်းနယ်သာလန် နှင့် အမေရိကန်တို့ Re-export ပြုလုပ်သည့် အခြေအနေဖြစ်ပါသည်။ အာရှနိုင်ငံများတွင် အိန္ဒိယ၊ တရုတ်နှင့် အီရတ်တို့သည် ကြက်သွန်နီအများဆုံး တင်ပို့ကြပြီး၊ ယင်းတို့၏ ပြည်ပတင်ပို့မှုကို လေ့လာပြီး အတုယူသင့်ပါသည်။ အထူးသဖြင့် အိန္ဒိယသည် ကြက်သွန်နီ အများအပြားစိုက်ပျိုး ထုတ်လုပ်ပြီး ပြည်ပသို့ ဈေးချိုချိုဖြင့် အများအပြားတင်ပို့နိုင်သည်ကို တွေ့ရှိရသဖြင့် ယင်းတို့၏ ဆောင်ရွက်သည့်နည်းလမ်းများကို လေ့လာအတုယူနိုင်လျှင် မိမိတို့နိုင်ငံ၏ ကြက်သွန်နီ စိုက်ပျိုး ထုတ်လုပ်မှု ပြည်ပတင်ပို့မှုများတွင် များစွာ အကျိုးကျေးဇူးရှိနိုင်ပါသည်။

**ကြက်သွန်နီအတွက်ဈေးနှုန်း**

ကြက်သွန်နီသည် စဉ်ဆက်မပြတ်ရေရနေသည်ကိုကြိုက်နှစ်သက်သော်လည်း အပင်ခြေတွင်ရေရှိသည်ကို မကြိုက်ပါ။ ရက်ဆက်မိုးအုံ့လျှင်လည်း မကြိုက်ပါ။ ဆိုလိုရင်းမှာ ကြက်သွန်နီသည် ရေဓာတ်ကြောင့် ဖောင်းပွနေသော အရွက်မျိုး ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်အမျိုးအစားတွင်ပါဝင်ပြီး ပုပ်သိုးပျက်စီးလွယ်ပါသည်၊ အလျော့တွက် များပြားပါသည်။ သိုလှောင်ရန်၊ ကိုင်တွယ်သယ်ယူရန် ခက်ခဲပါသည်။ သို့ဖြစ်သဖြင့် ကုန်ဈေးနှုန်း သမိုင်းတွင်လည်း မတည်မငြိမ် အများဆုံး ဖြစ်နေကြောင်း တွေ့မြင်နေရပါသည်။ များသောအားဖြင့် ကြက်သွန်နီပေါ်ချိန်ကာလ မတ်နှင့် ဧပြီတွင် ဈေးအနည်း ဆုံးဖြစ်တတ်ပြီး၊ ကြက်သွန်နီပေါ်ပြီး ငါးလအကြာ စက်တင်ဘာမှ နိုဝင်ဘာခန့်အထိ ဈေး အမြင့်ဆုံးဖြစ်တတ်ပါသည်။ ပေါ်ချိန်၌ဈေးနှုန်းများသည် ကုန်ထုတ်လုပ်မှု စရိတ်ခန့်သာ ရှိတတ်ပြီး၊ သိုလှောင်နိုင်သူသာ အမြတ်အစွန်းများသည့် သဘောတရားပေါ်လာပါသည်။ ဤအခြေအနေကြောင့် ကြက်သွန်နီသည် ပေါ်ချိန်တွင် အနိမ့်ဆုံးဈေး ဖြစ်ပြီး၊ ထွက်ပေါ်ချိန်တစ်ချိန်နှင့် တစ်ချိန်အကြားတွင် ဈေးနှုန်းတရိပ်ရိပ် တက်လာတတ်ပါသည်။ အထူးသဖြင့် ပြည်ပတင်ပို့မှု ရှိမှသာ တက်တတ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ထူးထူးကဲကဲတက်ခြင်းမှာ ပြည်တွင်းတွင်ရေကြီးမှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များကြောင့် ဩဂုတ်၊ စက်တင်ဘာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သည်ကို အကြောင်းပြုပြီး၊ ဈေးကစားသဖြင့် ဈေးအလွန်အမင်း မြင့်တက်ခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။ ထိုကဲ့သို့ ဈေးနှုန်း မတည်ငြိမ်မှုကြောင့် ထုတ်လုပ်သူ တောင်သူလည်း အကျိုးအမြတ် နည်း၊ စားသုံးသူလည်း ဈေးကြီးပေးစား နေရသည်ကို မည်သို့ကုစား မည်လဲဟု တွေးကြည့်ကြပါသည်။ ကြက်သွန်နီနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် နည်းလမ်းများ ဖော်ထုတ်သင့်ကြောင်းနှင့် ဖော်ထုတ်ရာတွင် တောင်သူ ကုန်သည် exporter အစိုးရဌာန ဆိုင်ရာများ ပူးပေါင်းဖော်ထုတ်ရန် လိုအပ်လာပါသည်။

**အလုပ်ရုံဆွေးနွေးပွဲ**

ကြက်သွန်နီ၏ တစ်နှစ်တာအတွင်းဖြစ်ပေါ်သော ဈေးနှုန်းများသည် တောင်သူအတွက်လည်း အကျိုးရှိပြီး၊ စားသုံးသူအတွက်လည်း သင့်တော်သောဈေးနှုန်းသာဖြစ်သင့်ပါသည်။ ထိုသို့သော အခြေအနေမျိုးရှိသည့်၊ တစ်နည်း ဆိုရလျှင် Win –Win Situation အခြေအနေမျိုးရှိသည့်ရောင်းဝယ်မှုဈေးနှုန်းမျိုးဖြစ်သင့်ပါသည်။ ဆိုလိုသည်မှာ မနိမ့်လွန်း မမြင့်လွန်းသော ဈေးနှုန်းမျိုး၊ တည်ငြိမ်သော ဈေးအတက်အကျမျိုးဖြစ်သင့်ပါသည်။ ဤသို့ဖြစ်စေရန်အတွက် တောင်သူလည်း အကျိုးရှိ၊ စားသုံးသူ အတွက်လည်း သင့်တော်သော ဈေးနှုန်းမျိုး ဖြစ်စေနိုင်သည့် အခြေအနေ မျိုးဖန်တီးနိုင်ရန် မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ဖေဖော်ဝါရီ ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် သုံးရက် ကျင်းပသော ကျေးလက်ဒေသနှင့် ဒေသထွက်ကုန်များ ကုန်စည်ပြပွဲတွင် ၂၆ ရက် နေ့လယ်ပိုင်း၌ အလုပ်ရုံဆွေးနွေးပွဲတစ်ပွဲ ပြုလုပ်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းဒေသကြီး သုံးခုမှ ကြက်သွန်နီ ကုန်သည်များ တောင်သူများ ကုန်စည်ဒိုင်များနှင့် အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ ရန်ကုန်မှ စားဖိုဆောင်သီးနှံ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများ အသင်းမှ ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

**ဆွေးနွေးမှုများနှင့်ဖော်ထုတ်ချက်များ**

ကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်ရေးအတွက် လိုအပ်ချက်များကို အဓိကဆွေးနွေးခဲ့ကြပါသည်။ အဓိကကျသော စိုက်ပျိုး ထုတ်လုပ်မှုစရိတ်လျော့ကျရေး၊ စိုက်စရိတ် ချေးငွေရရှိရေးနှင့် သွင်းအားစု ဈေးနှုန်းများ သင့်တော်ချိုသာရေး၊ သိုလှောင်မှုအလျော့နည်းပါးရေး၊ သယ်ယူမှုစရိတ်နည်းပါးရေး၊ အခွန်အတုတ်များ သက်သာရေး ပြည်ပပို့ကုန် မြင့်မားရေးတို့ကို အဓိကဆွေးနွေးခဲ့ကြပါသည်။ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူများ အသင်း ဥက္ကဋ္ဌ ဦးခင်ဟန်က ကြက်သွန်နီကို ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့်၊ ရေကုန်ကျမှု သက်သာပြီး အထွက်ကောင်းသည့် နည်းစနစ်ကို ဗီယက်နမ်သို့ သွားရောက်လေ့လာသည့် ခရီးစဉ်မှ တွေ့ရှိချက်များကိုလည်းကောင်း၊ မုံရွာမှ စစ်ကိုင်းတိုင်းအသင်းဥက္ကဋ္ဌ၊ ဦးဘတုတ်က ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် အထွက်ကောင်းပြီး၊ ကုန်ကျစရိတ် လျော့ချနိုင်မည့် နည်း Cost of Production နှင့် တစ်ပိဿာ အရင်းဈေးနည်းမည့် နည်းလမ်းကိုလည်းကောင်း၊ တောင်သူများကိုယ်စား နွားထိုးကြီးမြို့နယ်မှ ဦးကျော်မိုးလင်းကလည်းကောင်း၊ ပခုက္ကူ ကြက်သွန်နီကုန်သည် ဦးသိန်းကလည်းကောင်း ဆွေးနွေးကြပါသည်။

➲စာမျက်နှာ- ၂၄ သို့


GBS
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
Dongfeng
Light Truck(Brand New)
GBM - 7 Plus
GBM - 7
မှန်ကာရှိုးရှိုးနှင့်
ဟိုက်ဒြောလစ်ပါ ဝန်တင်ထော်လာဂျီ
ယာဉ်ဖုန်း 15JYC
အလယ်ထိုင်ဟိုက်ဒြောလစ်ပါ
ဝန်တင်ထော်လာဂျီ
ဝန်တင်သုံးဘီးဆိုင်ကယ်
ယာဉ်ဖုန်း 15JY/18JYC
ဝန်တင်ထော်လာဂျီ


Exhibition Management & Advertising Services
NMT
Int'l Relocation & Logistics Services
N.M.T LTD
• Logistics & Exhibition Management
• Advertisement
• Project Cargo Handling
• Packing And Household Moving
• Worldwide Door To Door Services
• Warehousing And Distribution Management
• International Freight Forwarder
(Air / Sea and Land)
No.(123), 2nd Floor, 42nd Street , Botahtaung Township, Yangon, Republic of The Union of Myanmar.
Tel : (951) 245 854, 392 424, 392 033. Dir : (951) 380 389. Fax : (951) 392 424.
E mail : movers@nmtmyanmar.com.mm, nmtforwarder@gmail.com
website : www.nmtmyanmar.com
MEMBER OF
AFECA
IAM

## ပြောင်း



### ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ကန်ဒေါ်လာ ၄ ဒသမ ၁၉၉ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၈၄၁၉ တန်ခွဲတင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ တန်ချိန်တွေကတော့ မူဆယ်မှ ၁၆၈၂၅ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၁၅၉၄ တန်ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်နဲ့ ချင်းရွှေဟော်မှ ၁၇၁၇၉ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်မှ ပြောင်းတင်ပို့မှု ပိုမိုလာခဲ့သလို မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခင်သီတင်းပတ်က တန်ချိန် ၂၀၀ ကျော်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာတော့ ကန်ဒေါ်လာ ၁၁၅၀၀ ဖိုးရှိ ပြောင်း တန်ချိန် ၅၀၀ ကို ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ် ပတ်က ပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးဟာ ၂၈၃၅၈၃ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ၂၈၂၅၂၃ ကျပ်သို့ ဈေးဆက်လက်ကျဆင်းနေပါတယ်။မူဆယ်ကုန်စည်ဒိုင်သို့ ပြောင်းဝင်ရောက်မှုမှာ ယခင်နှစ်ကထက် လျော့ကျနေတဲ့အပြင် ဈေးကွက်မှာလည်း အရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တစ်လလုံး မူဆယ်မှ ၇၅၆၈၂ တန်နဲ့ မြဝတီမှ ၅၁၆၀ တန်ကျော် တင်ပို့မှုရှိခဲ့ပါတယ်။

**မော်မော်အောင်**

### တရုတ်ပြည်သို့ ပြောင်းကြိတ်ဖတ်မှုန့် ပုံမှန်တင်ပို့

ဖေဖော်ဝါရီတွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၀၅၄၉ တန်ဖိုးရှိပြောင်းကြိတ်ဖတ်မှုန့် ၅၀၂ တန်တင်ပို့ခဲ့ပါတယ်။ ပြောင်းကြိတ်ဖတ်မှုန့်ကို တိရစ္ဆာန်အစာအတွက် အသုံးပြုရတာဖြစ်လို့ တရုတ်နိုင်ငံသို့ ယခုလို ပုံမှန်တင်ပို့နိုင်ခြင်းဖြစ်ပါတယ်။ အနီးစပ်ဆုံးကာလတူ ဇန်နဝါရီမှာတော့ ၁၀၄၂ တန်ထိ တင်ပို့နိုင်ခဲ့ပါတယ်။ ပြောင်းကြိတ်ဖတ်မှုန့် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) ဇန်နဝါရီက ၇၆-၇၇ ဒေါ်လာရှိပြီး ယခုဖေဖော်ဝါရီမှ ၇၈-၈၁ ဒေါ်လာရှိတယ်လို့ မူဆယ်ကုန်စည်ဒိုင်မှသိရပါတယ်။

**မော်မော်အောင်**

## သကြား

### တရုတ်နိုင်ငံသို့ သကြားဖြူတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ၂၀ ရက်မှ ၂၆ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၅၀၂ သန်း တန်ဖိုးရှိ သကြားဖြူ ၁၇၂၅၆ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၆၃၈၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံ၌ သကြားဈေး အနည်းငယ်ကျနေသော်လည်း သကြားများပုံမှန် တင်ပို့နေရတယ်လို့ မူဆယ်ကုန်သည်များထံမှ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ လက်လီတစ်ပိဿာ ပေါက်ဈေး ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိတယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

## ဂျုံစေ့

### ယမန်နှစ်ကာလတူထက် ဂျုံစေ့ တန်ချိန် ၅၀၀၀၀ ကျော် ပိုမိုတင်သွင်း

စက်မှုကုန်ကြမ်း ဂျုံစေ့တန်ချိန် ၃၂၉၁၄၆ တန် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၉၉ သန်းကျော်ဖိုးကို ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်းမှာတင်သွင်းနိုင်ခဲ့ပြီး ယမန်နှစ်ကာလတူထက် ၅၃၈၈၅ တန် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ဂျုံမှုန့်တင်သွင်းမှုမှာ တန်ချိန်အားဖြင့် ၃၁၂၂ တန်သာရှိပြီး ယမန်နှစ်ကာလတူထက် တန်ချိန် ၃၀၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ပါတယ်။

**MIRT**

## ရော်ဘာ

### ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာတန် ၁၀၀၀ ကျော်တင်ပို့

ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်ထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၈၂၈ သန်းဖိုးရှိ ရော်ဘာ ၁၀၀၉ တန်ခန့်တင်ပို့ခဲ့ပါတယ်။ မလေးရှားနိုင်ငံသို့ RSS-3 ၃၆၅ တန်၊ RSS-4 တန် ၁၀၀၊ စင်ကာပူနိုင်ငံသို့ MSR- 20 ၃၄၈ တန်၊ ဂျပန်နိုင်ငံသို့ MSR- 20 ၁၉၆ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၉၉ တန် ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။ ဖေဖော်ဝါရီလတစ်လလုံးမှာ ကန်ဒေါ်လာ ၂ ဒသမ ၂၄၅ သန်းဖိုးရှိ ရော်ဘာ ၂၆၁၆ တန်တင်ပို့ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလမှ ဖေဖော်ဝါရီလအထိ ကန်ဒေါ်လာ ၂၃ ဒသမ ၅၄၃ သန်းဖိုးရှိ ရော်ဘာ ၂၂၁၅၂ တန်တင်ပို့ထားပြီးဖြစ်ပါတယ်။ယမန်နှစ်ကာလတူထက် ၈၈၃ တန်ကျော်ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေး အနည်းငယ် အတက်ရှိပါတယ်။ ဒါကြောင့် မြန်မာ့ရော်ဘာ FOB ဈေးလည်း အတက်ရှိပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၇၅၀ - ၈၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၇၀၀ - ၈၀၀ |
| Concentrate | တစ်တန်လျှင် | ဒေါ်လာ | ၅၆၀ - ၆၅၀ |
| Latex 60% DRC | | | |

**ယဉ်ယဉ်အေး**

### လာမယ့်သီတင်းပတ်တွင် မလေးရှားရော်ဘာရောင်းအား မြင့်တက်ဖွယ်ရှိ

ရော်ဘာလိုအပ်ချက် မြင့်တက်လာတဲ့အတွက် လာမယ့် သီတင်းပတ်မှာ မလေးရှားရော်ဘာရောင်းအား မြင့်တက်ဖွယ်ရှိနိုင်တယ်လို့ ခန့်မှန်းပါတယ်။ ရော်ဘာဈေး ကျဆင်းနေခြင်းကြောင့် ဝယ်လက်များရဲ့ ဝယ်လိုအား ကောင်းနေတယ်လို့ ရော်ဘာအရောင်းအဝယ်လုပ်ငန်းနဲ့ နီးစပ်သူတစ်ဦးက ပြောကြားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ကလည်း တိုကျိုကုန်စည်ဒိုင် (TOCOM) ရဲ့ဈေးပေါ်မူတည်ပြီး မလေးရှား ရော်ဘာရောင်းအားတက်ခဲ့တာ ဖြစ်ပါတယ်။ သောကြာသီတင်းပတ်လိုက် (On a Friday to Friday Basis) ဈေးများကို အခြေခံပြီး မလေးရှားရော်ဘာဘုတ်အဖွဲ့ ရောင်းချသူများရဲ့ တရားဝင်သတ်မှတ်တဲ့ ဈေးကတော့ တာယာထုတ်လုပ်ရာမှာအသုံးပြုတဲ့ SMR-20 ၁ ကီလိုဂရမ်ကို မလေးရှား၄ ဒသမ ၆၉ ရင်းဂစ်နှုန်းရှိရာမှ ၁၅ ဒသမ ၅ ဆမ် ထပ်တိုးလာပြီး ဝမ်းပုံရောင်းချတဲ့ Latex တစ်ကီလိုဂရမ်ကို ၃ ဒသမ ၆၇ရင်းဂစ်နှုန်းရှိရာမှ ၂၄ ဆမ် ထပ်တိုးသတ်မှတ်လိုက်ပါတယ်။

ဈေးပိတ်ချိန်မှာရှိတဲ့ တရားမဝင်ပေါက်ဈေးမှာ SMR-20 ၁ ကီလိုဂရမ်ကို ၁၈ ဒသမ ၅ ဆမ်မြင့်တက်ပြီး ၄ ဒသမ ၇၁ ရင်းဂစ်နှုန်းဖြင့် လည်းကောင်း၊ ဝမ်ပုံရောင်းချတဲ့ Latex တစ်ကီလိုဂရမ်ကို ၂၅ ဆမ်နှုန်းမြင့်တက်ပြီး ၃ ဒသမ ၆၈ ရင်းဂစ်နှုန်းဖြင့်လည်းကောင်း မူလဈေးများဖြစ်တဲ့ ဈေးပိတ်ခဲ့ကြပါတယ်။

**CMK**

### ရော်ဘာစိမ်းတင်ပို့မှု ကာလတူထက် တန်ချိန် ၁၃၀၀၀ ကျော်ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်ထိ ရော်ဘာစိမ်းတန်ချိန် ၇၇၄၀၀ တန် တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ၁၃၃၅၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်ခုလုံး ရော်ဘာစိမ်းတင်ပို့မှုမှာ တန်ချိန် ၇၇၅၁၈ တန် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုဘဏ္ဍာနှစ်ကုန်မှာ ရော်ဘာစိမ်းတင်ပို့မှု ကတော့ ယခင်နှစ်တင်ပို့မှုကို ပြည့်မီကျော်လွန်နိုင်မယ်လို့ ခန့်မှန်းရပါတယ်။

**MIRT**

## ဝဥ



### ဝဥခြောက် ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ဝ၃၅ သန်းတန်ဖိုးရှိ ဝဥခြောက် ၁၉ တန် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ၃၂ တန်တင်ပို့ခဲ့လို့ တရုတ်နိုင်ငံကို မူဆယ်နယ်စပ်ကနေ ဝဥခြောက်ပုံမှန်တင်ပို့လျက်ရှိပါတယ်။ ဖေဖော်ဝါရီ တစ်လလုံးမူဆယ်မှ တင်ပို့ခဲ့တဲ့ ဝဥခြောက် ၅၈ တန်ခွဲရှိပါတယ်။ မြေဆီမြေနှစ်ကောင်းလျှင် ကောင်းသလို တစ်ပိဿာမှ ၁၃ ပိဿာအထိ ထွက်ရှိပြီး ယနေ့ခေတ်အချိန်အခါတွင် ပူပြင်းခြောက်သွေ့တဲ့ ဒေသတွေကလွဲပြီး စိုက်ပျိုးအောင်မြင်နိုင်တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

သင့်ကျန်းမာရေး

# သဘာဝဘေးအန္တရာယ်၊ မြေငလျင်နှင့် မြေပြိုခြင်း

ဒေါက်တာလွင်သန့်

**သဘာဝဘေးအန္တရာယ်ဆိုတာ** လူတို့ပြုပြင်ဖန်တီးထားလို့ဖြစ်ပေါ်တဲ့ ဘေးအန္တရာယ်နှင့်သဘာဝကြောင့် ဖြစ်ပေါ်တဲ့ဘေးအန္တရာယ်မျိုးရှိနိုင်ပါတယ်။

**မြေငလျင်ဘေးအန္တရာယ်ဟာ** သဘာဝဘေးအန္တရာယ်ဖြစ်ပြီး၊ အဆောက်အအုံများ ပျက်စီးခြင်း၊ အက်ကွဲပြိုကျပြီး လူများသေကြေနိုင်တယ်။ လမ်းတံတားများပျက်စီးနိုင်တယ်။ ဆည်၊ တမံ၊ ရေကာတာများကျိုးပျက်ပြီး ရေကြီးနိုင်တယ်။ ဝါယာကြိုးရှော့ဖြစ်ပြီး မီးလောင်ကျွမ်းနိုင်ပါတယ်။

**မြေငလျင်လှုပ်တာကို** ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသေးလို့ အမြဲသတိထားရမယ်။ မြေငလျင်ပြတ်ရွေ့ကြော(စစ်ကိုင်းပြတ်ရွေ့ကြောမှာ တည်ရှိနေတဲ့ မြန်မာနိုင်ငံမှာ မြေငလျင်ဒဏ်ခံနိုင်ရည်ရှိမယ့် အဆောက်အအုံများဆောက်ဖို့ ဝါး၊ ဓနိနဲ့ဆောက်သလိုမြေသားခိုင်မာတဲ့ နေရာများမှာ အဆောက်အအုံများဆောက်ဖို့ ရှေးဦးသူနာပြုစုနည်းသင်ယူထားပြီး သူနာပြုသေတ္တာများထားရှိဖို့ မိသားစုဝင်များကို သင်ပြပေးထားဖို့ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယိုယူဆောင်ထားဖို့ ပြိုလဲကျနိုင်တဲ့ပစ္စည်းများအနီးမအိပ်ဖို့ (ဥပမာ ဘီဒို၊ မှန်ချပ်ကြီးများမှာ မအိပ်ဖို့လိုတယ်။) လဲကျနိုင်တဲ့လေးလံတဲ့ပစ္စည်းများကို ကြမ်းခင်းနံရံတို့နဲ့ ချည်နှောင်ထားရမယ်။ မြေငလျင်လှုပ်တဲ့ မှီခိုနိုင်မယ့်အမာခံပရိဘောဂ၊ အရာဝတ္ထုများဥပမာစားပွဲခင်း၊ ကုတင်တို့ကြိုတင်လေ့လာလေ့ကျင့်ထားဖို့လိုတယ် ဖြစ်နိုင်ရင်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသင်တန်းများ ဆင့်ပွားသင်တန်းများ တက်ရောက်စေဖို့ လိုအပ်ပါတယ်။

**မြေငလျင်လှုပ်စဉ်။** မြေငလျင်လှုပ်နေစဉ်မှာ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားရမယ်။ ပြိုကျနိုင်မယ့်အရာဝတ္ထု၊ အဆောက်အအုံများအနီး အမြန်ဆုံးရှောင်ရှားဖို့လိုတယ်။ အဆောက်အအုံထဲမှာ ပိတ်မိနေရင်၊ စားပွဲခုံများအောက်မှာမှီခိုနေရမယ်။ ကွဲရှနိုင်တဲ့ပစ္စည်းများရှိရာမသွားသင့်ပါ။ လျှပ်စစ်မီးကြိုးများရှောင်ရှားဖို့လိုသလို "မီန်းချထား"ဖို့လိုတယ်။ ရှိသမျှမီးများငြိမ်းသတ်ရမယ်။

**မြေငလျင်လှုပ်ပြီးနောက်။** မိသားစုဝင်များ ထိခိုက်မှုရှိမရှိ စစ်ဆေးပြီး လိုအပ်ရင်ဆေးရုံ၊ ဆေးခန်းပို့ပေးရမယ်။ မြေငလျင်လှုပ်စဉ် မီးဖို၊ မီးအိမ်များလဲကျတတ်လို့ မီးဘေးအန္တရာယ်သတိထားရမယ်။ မြေငလျင်လှုပ်စဉ်လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်တတ်လို့ လျှပ်စစ်အန္တရာယ်သတိထားရမယ်။ ကွဲကျတဲ့ပစ္စည်းများကို သေသေချာချာရှင်းလင်းရမယ်။ ယိမ်းယိုင်အက်ကွဲပြီးပြိုကျနိုင်တဲ့ အဆောက်အအုံများအနီး မသွားသင့်ပါ။ ပင်လယ်ဒီလှိုင်း၊ ဆူနာမီဖြစ်ပေါ်လာနိုင်တယ်။ ရေကာတာပြိုပျက်မှုကြောင့် ရေကြီးနိုင်တယ်။ အောက်ခြေဒေသများ တောင်ပြိုနိုင်တယ်။ ကောလာဟလမယုံရပါ။ သက်ဆိုင်ရာမိုးလေဝသနှင့်ငလျင်သတင်းနားထောင်ရမယ်။

**မြေပြိုခြင်း။** မြေပြိုခြင်းကြောင့်သစ်ပင်၊ အဆောက်အအုံများနဲ့ အသက်အိုးအိမ်များဆုံးရှုံးတတ်တယ်။ မြေပြိုခြင်းနဲ့အတူ သစ်ပင်ကြီးများမြေစိုင်ခဲကြီးများ၊ ကျောက်တုံးကြီးများ၊ အရှိန်မြင့်မားတဲ့တောင်ကျရေများနဲ့မျောပါတတ်တယ်။။ လျှပ်တစ်ပြက်ရေကြီးခြင်းဖြစ်တတ်တယ်။ စိုက်ခင်းများမြေနဲ့ ရေလွှမ်းလို့ ပျက်စီးတတ်တယ်။ မတ်စောက်တဲ့တောင်စောင်းများနဲ့ မိုးများတဲ့ဒေသများ မြေစာပုံတဲ့သတ္တုတူးဖော်ရေးရွှေနှင့်ကျောက်စိမ်းဒေသမြေစာပုံများပြိုကျလို့ လူရာနဲ့ချီသေဆုံးကြရတယ်။ ဆက်စပ်ရောဂါရနိုင်တယ်။

**မြေပြိုတဲ့သဘာဝဘေးအန္တရာယ်က** မိုးသည်းထန်စွာဆက်တိုက်ရွာသွန်းခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ကြီးမားတဲ့မိုင်းခွဲလုပ်ငန်းများနဲ့ ဘိုးပိုင်ရိုက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းခွင်တို့မှာဖြစ်တယ်။

**လူတို့ကြောင့်ဖြစ်တဲ့မြေပြိုခြင်းအန္တရာယ်က** ဓာတ်သတ္တု၊ ကျောက်စိမ်း၊ ရွှေစသည်တို့တူးဖော်ရာမှ မြေစာပုံများ ယင်းမြေစာပုံများမှ ရေမဆေးကျောက်၊ ရွှေရှာဖွေကြသူများ၊ မြေစာပုံနံဘေး တဲထိုးအိပ်စက်သူများ၊ မြေစာပုံအလယ်မှ စမ်းချောင်း(သို့မဟုတ်)မိုးရွာခြင်းကြောင့် မြေပြိုနိုင်တယ်။

# Colgate ၏ မြန်မာကျေးလက်နေပြည်သူများအား ရည်ရွယ်လုပ်ဆောင်သည့် အသိပညာပေးအစီအစဉ် အောင်မြင်မှုရရှိ



Colgate ၏မြန်မာနိုင်ငံတွင်းရှိ ကျေးလက်နေပြည်သူများအား ရည်ရွယ်လုပ်ဆောင်သည့် အသိပညာပေးအစီအစဉ်များမှာ အောင်မြင်မှုများရရှိနေကြောင်း မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်သန်းက ပြောကြား ခဲ့သည်။

Colgate ၏သွားနှင့်ခံတွင်းကျန်းမာရေး၏အရေးပါမှု အသိပညာသည် ၂၀၁၆ ခုနှစ်တွင် ပိုမိုမြင့်တက်လာခဲ့ပြီး ကျေးလက်နေပြည်သူများ၏ သွားနှင့်ခံတွင်း အသိပညာသည် လွန်ခဲ့သည့်ငါးနှစ်ကအခြေအနေနှင့် နှိုင်းယှဉ်လျှင် ၅၀ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ကို တွေ့ရှိရကြောင်း ဒေါက်တာအောင်သန်းက ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်ကတည်းက စတင်ခဲ့သည့် နယ်လှည့်သွားနှင့် ခံတွင်း ကျန်းမာရေးကုသမှုခရီးစဉ်မှ ယနေ့အထိ အတွေ့အကြုံများအရ ကျေးလက်ဒေသများတွင် နေထိုင်သည့် ပြည်သူများသည် အနည်းဆုံးတစ်နေ့လျှင် နှစ်ကြိမ်သွားတိုက်ခြင်းကြောင့် ရရှိနိုင်မည့်သွားနှင့် ခံတွင်းကျန်းမာရေးရလဒ်များကို ယခုအခါ ပိုမိုနားလည်သိရှိလာပြီဖြစ်သည်ဟုဆိုသည်။

"၂၀၁၀ မတိုင်ခင်လောက်တုန်းကဆိုရင် ကျေးလက်ဒေသမှာနေထိုင်ကြတဲ့ ပြည်သူတွေဟာ မီးသွေး၊ ဝါးတံ၊ သဲဆပ်ပြာတွေနဲ့ သွားတိုက်တာ၊ ဒါမှမဟုတ် ပွဲလမ်းသဘင်ရှိမှ သွားတိုက်တာမျိုးတွေ လုပ်တတ်ကြပါတယ်။ လက်ရှိ ကျွန်တော်တို့ရဲ့ နယ်လှည့် သွားနှင့်ခံတွင်းကျန်းမာရေးကုသမှုခရီးစဉ်တွေမှာ သွားနဲ့ခံတွင်းစစ်ဆေးတာတွေအပြင် ကုသမှုတွေလည်း ပြုလုပ်ပေးပါတယ်။ နောက်ပြီးသုတေသနလုပ်ဖို့အတွက် စစ်တမ်းကောက်တာတွေလည်း လုပ်ပါတယ်။ ဒီနှစ်မှာဆိုရင် လူ ၁၀ ဦးမှာ ငါးဦးက သင့်တင့်လျောက်ပတ်တဲ့ သွားနဲ့ခံတွင်းကျန်းမာရေးဗဟုသုတနဲ့ အဲဒါရဲ့အကျိုးကျေးဇူးတွေကို သိရှိနားလည်နေတာကို တွေ့ရပါတယ်။

Colgate က ဆရာတို့ ခရီးစဉ်တွေမှာ ထောက်ပံ့ကူညီပေးသလို သွားနဲ့ခံတွင်း အခမဲ့စစ်ဆေးပေးတာတွေ၊ သွားနဲ့ခံတွင်း ကျန်းမာရေးပညာပေး သင်ထောက်ကူ ပစ္စည်းတွေ ထောက်ပံ့ပေးတာတွေ လုပ်ဆောင်ပေးပါတယ်။ အခုလိုတိုးတက်လာတာဟာဆရာတို့ နှစ်ဖက်စလုံးရဲ့အားထုတ်ကြိုးပမ်းမှုရဲ့ရလဒ်လို့ ယုံကြည်ပါတယ်"ဟုဒေါက်တာအောင်သန်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်းသည် ကျေးလက်ဒေသများသို့ နယ်လှည့်သွားနှင့် ခံတွင်းကျန်းမာရေးကုသမှုခရီးစဉ်များကို အလှူရှင်များ၏အကူအညီဖြင့် စီစဉ်လျက်ရှိသည်။

အဆိုပါ ခရီးစဉ်များတွင် သွားနှင့်ခံတွင်းကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကုသပေးခြင်းများကို အခမဲ့ပြုလုပ်ပေးပြီး သွားနှင့်ခံတွင်းဆရာဝန်ပေါင်း ၃၀ ဖြင့် သွားနှင့်ခံတွင်းကျန်းမာရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့သည်။

သွားနှင့်ခံတွင်းနှင့်ပတ်သက်သည့် ပြဿနာများမှာ လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ဗဟုသုတနှင့် အလေ့အကျင့်များပေါ်တွင်သာမူတည်ပြီး ၎င်းတို့နေထိုင် ရာအရပ်ဒေသများပေါ်တွင် မူတည်မှုမရှိကြောင်း၊ အချို့သောနေရာများတွင် သွားနှင့်ခံတွင်းဆိုင်ရာဗဟုသုတများရရှိရန် ခက်ခဲနေဆဲဖြစ်ပြီး အချို့မှာ ရောဂါအခြေအနေ မဆိုးရွားသည့်အချိန်အထိ ဆေးခန်းသို့ သွားရောက်စစ်ဆေးပြသရန် ဝန်လေးနေကြဆဲဖြစ်သည်ဟု ဒေါက်တာအောင်သန်းက ထပ်မံပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ သွားနှင့်ခံတွင်းကျန်း မာရေးအသိပညာပေးခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Colgate ၏ စတုတ္ထအကြိမ်မြောက် သွားနှင့်ခံတွင်း ကျန်းမာရေးလအစီအစဉ်ကို မန္တလေးမြို့တွင် အခမ်းအနားနှင့်တကွ စတင်ခဲ့ရာ ယခုနှစ်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေးလအစီအစဉ်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတစ်လလုံးတွင်ပြုလုပ်ခဲ့ပြီး အဆိုပါ အစီအစဉ်သည် မြန်မာနိုင်ငံရှိ စားသုံးသူများ၊ တိုးတက်များပြားလာသည့်ကလေးငယ်များနှင့် မိသားစုများကို သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးစာစောင်များ အခမဲ့ဝေငှခြင်းနှင့် သွားနှင့်ခံတွင်း ကျန်းမာရေး အခမဲ့စစ်ဆေးခြင်းများကို ရန်ကုန်မြို့ရှိ ဆေးရုံနှင့် ဆေးခန်း ၁၆၈ ခု၊ မန္တလေးမြို့ရှိ ဆေးရုံနှင့် ဆေးခန်း ၁၀၅ ခုနှင့် အထက်မြန်မာပြည်ရှိဆေးရုံနှင့် ဆေးခန်း ၁၁၃ ခုအပါအဝင် တစ်နိုင်ငံလုံးရှိ ဆေးရုံ၊ ဆေးခန်း ၄၁၄ ခုတို့တွင် ပြုလုပ်ပေးခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး၏အရေးပါမှုကို အများပြည်သူများပိုမို နားလည်သိရှိလာစေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

Colgate ၏ သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလသည် နှစ်စဉ်ပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive မှ ကမ္ဘာတစ်ဝန်းရှိ ဒေသတွင်းသွားနှင့်ခံတွင်းဆိုင်ရာ အရာရှိများနှင့် ပူးပေါင်းကာသွားနှင့် ခံတွင်းကျန်းမာရေး၏အရေးပါမှုကို အများပြည်သူအား ပညာပေးရန် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ **မယ်သီတာ**

# ဆေးလိပ်သောက်ခြင်းကြောင့် ပေါ်တူဂီနိုင်ငံတွင် တစ်နေ့လျှင် လူ ၃၂ ဦးသေဆုံးလျက်ရှိဟုဆို

ဆေးလိပ်သောက်သုံးခြင်းကြောင့် ပေါ်တူဂီနိုင်ငံတွင် တစ်နေ့လျှင် လူ ၃၂ ဦး သေဆုံးလျက်ရှိနေကြောင်း ပေါ်တူဂီနိုင်ငံကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ ပေါ်တူဂီနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူများ တစ်နေ့တစ်ခြား များပြားလာမှုကြောင့် နှစ်စဉ်သေဆုံးသူ ဦးရေမှာ မြင့်တက်လျက်ရှိကြောင်း၊ ဆေးလိပ်သောက်သုံးမှုကြောင့် သေဆုံးသူဦးရေမှာ နိုင်ငံတစ်နိုင်ငံလုံးရှိ သေဆုံးသူဦးရေ၏ ၁၁ ရာခိုင်နှုန်းမျှရှိနေကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော် ပြထားသည်။

ပေါ်တူဂီနိုင်ငံတွင် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် နှစ်စဉ်သေဆုံးသူဦးရေမှာ ၁၂၀၀၀ခန့်ရှိနေပြီး အဆိုပါ ၁၂၀၀၀ အနက် ကင်ဆာရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၅၅၀၀၊ သွေးကြောပိတ်ရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၃၀၀၀ ခန့်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၄၀၀၀ ခန့်ရှိကြောင်း ဌာန၏အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။

ပေါ်တူဂီနိုင်ငံတွင် ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဆေးလိပ်သောက်သုံးသူဦးရေမှာ အမျိုးသားဦးရေကအမျိုးသမီးဦးရေထက် ပိုမိုများပြားနေကြောင်း၊ ထို့ပြင် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဆေးလိပ်သောက်သုံးသူဦးရေမှာ ၇၄၁၄၁ ဦးသာရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ၁၆၁,၈၁၀ အထိ မြင့်တက် လာခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြ ထားသည်။

ပေါ်တူဂီနိုင်ငံတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၀ ဦးလျှင် တစ်ဦးမှာဆေးလိပ်သောက်သုံးလျက်ရှိနေသဖြင့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကို လျှော့ချနိုင်ရန် ပေါ်တူဂီနိုင်ငံကျန်းမာရေးဦးစီးဌာနက စီမံချက်များရေးဆွဲ လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# ဆေးစိမ်အဝတ်အထည် သုတေသနလုပ်ငန်း တွေ့ရှိချက်များ သတင်းဖြန့်ဝေခြင်းနဲ့ မူဝါဒဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကင်းဝေးရေး လုပ်ငန်းစဉ်အောင်မြင်ရေး အထောက်အကူပြုနိုင်ရန်အတွက် ဆေးစိမ်အဝတ်အထည် သုတေသနလုပ်ငန်း တွေ့ရှိချက်များ သတင်းဖြန့်ဝေခြင်းနဲ့ မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် ငှက်ဖျားပူးပေါင်းအဖွဲ့အစည်း (Malaria Consortium) မှ ဦးဆောင်ပြီး ကျင်းပခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ မဟာမဲခေါင်မြစ်ဝှမ်းဒေသ (GMS) တွင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ထိုဒေသတွင်း နိုင်ငံများအနက် ငှက်ဖျားရောဂါအများဆုံး ဖြစ်ပွားလျက်ရှိကြောင်း နယ်စပ်ဖြတ်ကျော်သွားလာမှုတွေ ရှိနေတဲ့အတွက် ငှက်ဖျားရောဂါပျံ့နှံ့ကူးစက်ရန် ပိုမိုလွယ်ကူနေကြောင်း ၂၀၂၀ ပြည့်နှစ်မတိုင်မီ ငှက်ဖျားရောဂါပပျောက်တဲ့နိုင်ငံဖြစ်ရေးအတွက် ယခုကဲ့သို့ ဆေးစိမ်အဝတ်အထည်သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခဲ့တာလို့ သိရပါတယ်။

အခမ်းအနားမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်(ဦး)၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပါတယ်။ ထို့နောက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်များ အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ဆေးစိမ်အဝတ်အထည်များ အပေါ် သုံးသပ်ချက်နဲ့ မြန်မာနိုင်ငံ အထည်ချုပ်နဲ့ ချည်မျှင်လုပ်ငန်းအကြောင်းကို ဗီဒီယိုဖိုင်ဖြင့် ပြသဆွေးနွေးခြင်းကို လုပ်ဆောင်ခဲ့ပါတယ်။

ဆက်လက်ပြီး Malaria Consortium မှ ဒေါက်တာဂျက်ဖရီဟေးဂစ်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရတဲ့ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မွန်ပြည်နယ်၊ ပြည်နယ် ငှက်ဖျားတိုက်ဖျက်ရေးမှူး ဒေါက်တာဉာဏ်ဆင်မှ မြန်မာနိုင်ငံရဲ့ ငှက်ဖျားရောဂါအခြေအနေနှင့် ထိန်းချုပ်မှုနည်းဗျူဟာများကို အကျဉ်းချုပ်တင်ပြခြင်း၊ ဆေးစိမ်အဝတ်အထည်များနဲ့ စပ်လျဉ်းပြီး ငှက်ဖျားရောဂါကာကွယ်ရေးဦးတည်ချက် ထုတ်ကုန်ဖြစ်တဲ့ ဆေးစိမ်အဝတ်အစားများဆိုင်ရာ အချက်အလက်များ၊ ဦးတည်ထုတ်ကုန်ဖြစ်တဲ့ ဆေးစိမ်အဝတ်အစားများရဲ့ အချက်အလက်များနဲ့ ယခင်ကပြုလုပ်ခဲ့တဲ့ လူထုအတွင်းနဲ့ တစ်ဦးချင်းစမ်းသပ်မှုများမှ တွေ့ရှိချက်များ၊ ဆေးစိမ်အဝတ်အစားများနဲ့ Permethrin ရဲ့ အန္တရာယ်ကင်းရှင်းရန် စည်းမျဉ်းစည်းကမ်းထားရှိမှုနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု၊ ဆေးစိမ်အဝတ်အစားများကို လက်ခံနိုင်မှုနဲ့ ဦးစားပေးမှုအပေါ် စမ်းသပ်လေ့လာမှုမှ တွေ့ရှိချက်များ၊ ဆေးစိမ်အဝတ်အစားများရဲ့ ကုန်ကျစရိတ်ကို ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ခြင်း၊ ဆေးစိမ်အဝတ်အစားများရဲ့ ဝယ်လိုအားနဲ့ ရောင်းလိုအား ခွဲခြမ်းစိတ်ဖြာမှုဆိုင်ရာ အချက်အလက်များကို သုတေသနပြုလေ့လာထားသူများက တင်ပြဆွေးနွေးခဲ့ကြပါတယ်။

အမေရိကန်နိုင်ငံ Insect Shield အဖွဲ့မှ မြန်မာနိုင်ငံနဲ့ မဟာမဲခေါင်ဒေသတွင်း ဆေးစိမ် အဝတ်အထည်များ ရယူနိုင်မှုအခြေအနေ၊ တိုးချဲ့မြှင့်တင်နိုင်မှု၊ တန်ဖိုးနဲ့ ရရှိနိုင်တဲ့ အကျိုးကျေးဇူး၊ဆေးစိမ်ရန် လိုအပ်တဲ့ အထောက်အပံ့ပစ္စည်းနဲ့ စက်ကိရိယာများ ရရှိနိုင်မှုအကြောင်းအရာများကိုလည်းကောင်း၊ Malaria Consortium က ဆေးစိမ်အဝတ်အထည်များသုံးစွဲရန်အတွက် အပြုအမူပြောင်းလဲခြင်းနဲ့ ဆက်သွယ်ရှင်းလင်းပြောကြားမှု (Behaviour Change and Communication aspects ) ကိုလည်းကောင်း၊ ဆေးစိမ်အဝတ်အထည်များ ရေရှည်သုံးစွဲနိုင်ရေးအတွက် လူထုဈေးကွက်ဖော်ဆောင်မှု နည်းဗျူဟာများကို PSI မှ ဒေါ်နန်းသပြေဝင်းမြင့်က လည်းကောင်း အသီးသီးရှင်းလင်းတင်ပြခဲ့ကြပါတယ်။

သုတေသနလုပ်ငန်းများကို မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂၀၁၃ ခုနှစ်က ရော်ဘာအစေးခြစ်လုပ်ငန်း၊ ဆီအုန်းလုပ်ငန်း၊ ကမ်းလွန်ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ သတ္တုတွင်းလုပ်ငန်းများမှာ ညအချိန်များ လုပ်ငန်းလုပ်ဆောင်သူများအား ဆေးစိမ်အဝတ်အထည်များဝတ်ဆင်စေပြီး သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

ရရှိလာတဲ့အဖြေများကို quick win အခြေခံပြီး အစီအစဉ်နဲ့ အမြန်ဆုံး အကောင်အထည် ဖော်ဆောင်နိုင်ရေး၊ ကုန်ကျစရိတ်သက်သာနိုင်သမျှ သက်သာစွာနဲ့ထုတ်လုပ်ပြီး ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချနိုင် ရေးတို့အတွက် နည်းလမ်းများ ဖော်ထုတ်နိုင်ရန် တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေး ပညာပေးရန်တို့ကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် တက်ရောက်သူများအား Privateနဲ့ Public အဖွဲ့နှစ်ဖွဲ့ ခွဲ၍ အများနဲ့ သက်ဆိုင်သောကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်မှုနဲ့သက်ဆိုင်သောကဏ္ဍများကို ဆွေးနွေးစေပြီးနောက် အဖွဲ့နှစ်ဖွဲ့မှ ဖော်ထုတ်ချက်များကို အသေးစိတ်ဆုံးဖြတ်ချက်များကို ဆွေးနွေးချမှတ်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပခဲ့ပါတယ်။

**MIRT**

# တရုတ်နှစ်ကူးကာလအပြီး မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခများ ကျဆင်း

မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခ နှုန်းထားများမှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တရုတ်နှစ်သစ်ကူးကာလပြီးဆုံးသွားချိန်မှာ သယ်ယူပို့ဆောင်ခတွေ ပြန်လည်ကျဆင်းသွားတာတွေ့ရပါတယ်။တရုတ်ပြည်သို့ နှမ်းအပို့မရှိခဲ့လို့ နှမ်းသယ်ယူခ အနေနဲ့ ဇန်နဝါရီလကတည်းက အပြောင်းအလဲမရှိပါဘူး။ ၁၂ နာရီခန့်သွားရတဲ့ မန္တလေး-မူဆယ်လမ်းမှာ ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် သုံးညအိပ် လေးရက်ခန့်သွားလာနေရသဖြင့် ပြင်ဦးလွင်နဲ့ ကွတ်ခိုင်ကြားမှာရှိတဲ့ တိုးဂိတ်တွေမှာ ကားများကို ထိန်းလွှတ်ပေးနေရတယ်လို့ သိရပါတယ်။

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကနေ တရုတ်ပြည်သို့ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ ကဏန်း၊ ငါးရှဉ့်၊ ပရဆေးကုန်ကြမ်းများ၊ သစ်သီးဝလံများ ပုံမှန်တင်ပို့နေရပြီး တရုတ်နိုင်ငံမှလည်း အိမ်ဆောက်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းများ၊ လူသုံး/ အိမ်သုံးပစ္စည်း အမျိုးမျိုး၊ ဆိုင်ကယ်၊ စက်ဘီးတို့နေ့စဉ်တင်သွင်းလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလရဲ့ ကုန်စည်သယ်ယူခနှုန်းထားများမှာ-

ပိဿာ/ကျပ်

| ပို့ကုန် | ၁၀. ၁. ၂၀၁၆ မှ ၅. ၂. ၂၀၁၆ ထိ | ၆. ၂. ၂၀၁၆ မှ ၁၂. ၂. ၂၀၁၆ထိ | ၁၃. ၂. ၂၀၁၆ မှ ၁၉. ၂. ၂၀၁၆ထိ | ၂၀. ၂-၂၀၁၆ မှ ၂၆. ၂. ၂၀၁၆ထိ |
|---|---|---|---|---|
| ပြောင်း | ၈၂-၉၅ | ၈၂-၉၅ | ၇၅-၈၂ | ၇၃-၇၈ |
| ဆန် | ၈၈-၉၃ | ၈၇-၈၉ | ၇၆-၈၆ | ၇၅-၇၉ |
| ပဲတီစိမ်း | ၉၀-၉၇ | ၈၀-၈၈ | ၇၈-၈၅ | ၇၅-၈၁ |
| နှမ်း | ၆၅-၈၈ | ၆၅-၈၈ | ၆၅-၈၈ | ၆၅-၈၈ |
| ရော်ဘာ | ၉၄-၉၆ | ၉၄-၉၆ | ၇၅-၈၇ | ၇၅-၇၈ |
| သွင်းကုန် | | | | |
| မြေဆီ | ၃၀ | ၂၇ | ၂၇ | ၂၇ |

မော်မော်အောင်

# အရောင်းအဝယ်ဖြစ်လာသော်လည်း ကားအမျိုးအစား ရွေးချယ်မှုများ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း မတ်လ လဆန်းပိုင်းရောက်လာပြီဖြစ်သော်လည်း ကားဈေး နှုန်းသတ်မှတ်ချက်များ အသေးစိတ်မထွက်ရှိသေးသလို ကားဈေးတန်းထင်သလောက်ကျဆင်းလာ ခြင်း မရှိဘဲ အရောင်းအဝယ်မှာ ယခင်လများနှင့်စာလျှင် ပိုမိုဖြစ်လာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ယခင်လက သို့လောသို့လောတွေးထင်မှုများကြောင့် ဈေးကွက် အေးနေရာမှ ယခုလအတွင်း နယ်ဝယ်လက်များမှ အဝယ်ရှိသဖြင့် ရန်ကုန်မြို့တွင်းကားရောင်းဝယ်ရေး စင်တာများနှင့် မြို့တွင်းရှိရောင်းဝယ်ရေးစခန်းနေရာများတွင် လူအဝင်အထွက် များပြားလာပြီး ကားမေးသူ၊ ကားကြည့်သူ၊ ညှိနှိုင်းဝယ်ယူသူများနှင့် စည်ကားလာကြောင်း၊ ယခင်လများနှင့်စာလျှင် ယခုလဆန်းပိုင်းတွင် အရောင်းအဝယ်များအနည်းငယ်ဖြစ်လာ၊ သွက်လာသည်ဟု ဆိုရမည်ဖြစ်ပြီး နယ်ဒေသများအကြိုက်၊ ဖိုးဝိုးလ်ဝက်ဂွန်များ၊ အာလ်ဖတ်၊ တစ်ခန်းခွဲကားများ အရောင်းအဝယ်ရှိကြောင်း မြို့တွင်းသုံးကားများဖြစ်သည့် ဖီလ်ဒါ၊ ပရိုဘောက်၊ ဟွန်ဒါဖစ်ကားလေးများလည်း အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

အရောင်းအဝယ် အနည်းငယ်ပိုကောင်းလာသည့်အတွက် ယာဉ်အို/ယာဉ်ဟောင်းအပ်ကားများ နှင့် စလစ်များလည်း ဈေးတက်လာကာ အပ်ကား ၇၃/ ၇၄ သိန်းခန့် အမည်ပေါက်စလစ်တစ်စောင်လျှင် ၇၆ သိန်း/၇၇ သိန်းပြန်ရှိလာကြောင်း၊ နယ်အဝယ် ဖိုးဝိုးလ်များကြောင့် စလစ်ဈေးတန်းအနည်းငယ်မြင့်တက်လာသည်ဟု ယူဆရပြီး ယခင်လိုမပေါများဘဲ အဆက်အသွယ်ဖြင့်သာလိုမှဝယ်ယူကြကြောင်း သိရသည်။

ဖရီးပါမစ်ကားလေးများမှာ လက်ရှိစီးနင်းရန် လိုအပ်သည့်သူများသာ ဝယ်ယူကြပြီး အမည်ပေါက် နောက်ဆုံးအက္ခရာများလည်း အဝယ်ရှိကာ၊ ယခင် သုံးပြီးအက္ခရာ တစ်တန်း/ နှစ်တန်းနိမ့်ကားများမှာ လည်း သူ့ဈေးနှင့်သူအဝယ်ရှိပြီး ဝယ်ယူပြီးသူများကလည်း မတ် ၃၁ ရက်မတိုင်မီ အခွန်သက်သာခွင့်ရှိစေရန် အချိန်မီအမည်ပြောင်းပြုလုပ်ကြကြောင်း သိရသည်။ **SN**

# ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၀၀) | ယာယီ | ၁၁၅ သိန်း | 1.3 စီစီ |
| ၂။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၆၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၂၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၄။ | တစ်ခန်းခွဲ နီဆန်း (၂၀၀၆) | 9H | ၁၁၀ သိန်း | 2.4 ဒီဇယ် |
| ၅။ | တိုယိုတာဗစ် (၂၀၀၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဒီပီယို (၂၀၀၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၈။ | ဒိုင်ဟတ်စု (ဟိုက်ဂျက်) | ယာယီ | ၇၇ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | အပ်ကား | | ၇၄ သိန်း | |

# မုံရွာကုန်စည်ဒိုင်၌ ကြိုရောင်းကြိုဝယ်ကိစ္စများတွင် ဘဏ်၌ အာမခံ ၁၀ ရာခိုင်နှုန်းထားရှိရေး ဆွေးနွေးပွဲပြုလုပ်



ကြိုရောင်း ကြိုဝယ်ကိစ္စများ ဆောင်ရွက်ရာတွင် ဘဏ်၌ အာမခံ ၁၀ ရာခိုင်နှုန်းထားရှိရေး ဆွေးနွေးပွဲကို မုံရွာမြို့၊ မုံရွာကုန်စည်ဒိုင်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ မုံရွာမြို့ MCB ဘဏ်၊ မန္တလေး ကုန်စည်ဒိုင်၊ မုံရွာကုန်စည်ဒိုင်တို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင် ဆွေးနွေးခဲ့ရာ စုစုပေါင်း ၇၀ဦးခန့် တက်ရောက်ခဲ့ပါတယ်။

အဆိုပါဆွေးနွေးပွဲတွင် မုံရွာကုန်စည်ဒိုင်ဥက္ကဋ္ဌက မုံရွာကုန်စည်ဒိုင်၌ လက်ရှိကြိုရောင်းကြိုဝယ်ပြုလုပ်ကြရာတွင် အရောင်းအဝယ်စည်းမျဉ်းစည်းကမ်းထုတ်ပြန်ပေးထားကြောင်း၊ ယခုကုန်စည် ဒိုင်အသင်းသားများအနေဖြင့် အရောင်းအဝယ်ကိစ္စများတွင် ဘဏ်၌ အာမခံ ၁၀ ရာခိုင်နှုန်းထားရှိပြီး ကြိုရောင်းကြိုဝယ် ပြုလုပ်မည်ဆိုပါက Supply Chain တစ်ခုလုံး ပိုမိုပြည့်စုံတဲ့ ကုန်စည်စီးဆင်းမှုကို ရရှိလာမည်ဖြစ်ကြောင်းပြောကြားပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင် ဦးဆောင်အဖွဲ့ဝင် ဦးသိန်းဆုက ရန်ကုန်မြို့၊ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ကြိုရောင်းကြိုဝယ်ကိစ္စများ၌ ဝယ်သူက ၁၀ ရာခိုင်နှုန်း၊ ရောင်းသူက ၁၀ ရာခိုင်နှုန်း မြန်မာနိုင်ငံသားများဘဏ်၌ အာမခံထားရှိရကြောင်း၊ ကြိုတင်ရောင်းဝယ်သည့် စနစ်က Buyer Commission ဆိုလျှင် ဝယ်သူစိတ်ကြိုက် ခွင့်ပြုကာလ တစ်လ၊ Saler Commission ဆိုလျှင် ရောင်းသူစိတ်ကြိုက် တစ်လအတွင်း ကြိုက်သလိုဆောင်ရွက်နိုင်ကြောင်း၊ အရည်အသွေးသတ်မှတ်ထားပါကြောင်း၊ အရည်အချင်းမမီ၍ အရောင်းအဝယ်ပဋိပက္ခဖြစ်ပါက နိုင်ငံခြားကုမ္ပဏီမှတစ်ဆင့် ဝယ်သူက ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တင်ပြလာပါက ပစ္စည်းကောင်းကို ပြန်လည်ရွေးချယ်ပေးရကြောင်း၊ ဘဏ်၌ အာမခံ ၁၀ ရာခိုင်နှုန်းထားရှိတဲ့ စနစ်သည် ပြည်ပပို့ကုန် တင်ပို့ရာတွင် ထိထိရောက်ရောက်တင်ပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖွင့်လှစ်ထားသော MCB ဘဏ်မှ မန်နေဂျာက ပထမဦးဆုံး ကုန်စည်ဒိုင်အသင်းသား တစ်ဦးချင်းစီက ငွေစာရင်းဖွင့်ထားရမည် ဖြစ်ကြောင်း၊ အာမခံစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်ဆိုပါက ရောင်းသူက ၁၀ ရာခိုင်နှုန်း၊ ဝယ်သူက ၁၀ ရာခိုင်နှုန်း ဘဏ်၌ ငွေသွင်းရကြောင်း၊ ငွေသွင်းချလံကို ရောင်းသူအား ရောင်းသူ Code နံပါတ်ဖြင့် လည်းကောင်း၊ ဝယ်သူကို ဝယ်သူ Code နံပါတ်ဖြင့်လည်းကောင်း MCB ဘဏ်က ဆောင်ရွက်ပေးသဖြင့် အရောင်းအဝယ်ဖြစ်မှုကို ကျန်သည့် အသင်းသားများ မသိရှိနိုင်ကြောင်း၊ ကုန်စည်ဒိုင်၌ အရောင်းအဝယ်စာချုပ်ပြုလုပ်ပြီး ရောင်းသူထံမှဝယ်သူ ထံသို့ ပစ္စည်းများလက်ဝယ်ရရှိပြီးမှသာ အာမခံငွေကို ကုန်စည်ဒိုင် ငွေစာရင်းမှ အရောင်းအဝယ် ပြုလုပ်သူအသင်းသား၏ ငွေစာရင်း ထဲသို့ပြန်လည် ထည့်ပေးကြောင်း၊ ပြန်လည်ထုတ်ယူလိုခြင်း မရှိဘဲ၊ နောက်တစ်ကြိမ်အရောင်းအဝယ် ပြုလုပ်ရန် ထားလိုပါက ထားနိုင်ကြောင်း၊ MCB ဘဏ်က အန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နေပါကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး၊ ဆွေးနွေးပွဲ သို့တက်ရောက်လာတဲ့ မုံရွာကုန်စည်ဒိုင် အသင်းသားများ၏ သိရှိလိုသည်များ မေးမြန်းခြင်းကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင်- မုံရွာမြို့**



## ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းအဖွဲ့များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်းရှိ အသင်းအဖွဲ့များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀း၀၀ နာရီမှ ညနေ ၁၅း၃၀ နာရီအထိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ နှင့် ကော်မတီဝင်များ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဌာနဆိုင်ရာများ စုစုပေါင်း ၆၂ ဦး တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပြည်နယ်သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် သရက်အစုအဖွဲ့(ရပ်စောက်)တို့မှ အသီးသီးစာတမ်းဖတ်ကြား ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ရှင်းလင်းဆွေးနွေးရာတွင် ပြည်နယ်သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ပိုမိုကျစ်လစ်ခိုင်မာစေရေး၊ သမဝါယမအသင်းဖွဲ့စည်းရေး၊ ကုမ္ပဏီဖွဲ့စည်းရေး စသည့်အချက်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။

**မင်းအောင် - တောင်ကြီး**

## ပုသိမ်မြို့တွင် ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI) အသင်းရုံးဖွင့်လှစ်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ရှင်ပင်ဘုန်းပွင့်လမ်း၊ အမှတ် ၂၃ တွင် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ARCCI) အသင်းရုံးဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်နဲ့ တိုင်းဒေသကြီးဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ UMFCCI အသင်း တွဲဘက်အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်စိုး ARCCI အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ နှင့် EC, CEC များ၊ ကုန်သည်/ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ပါတယ်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး၊ ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က မိမိတို့တိုင်းဒေသကြီး ပိုမိုတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှာ ရေခံမြေခံကောင်းမွန်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ရေထွက်ပစ္စည်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ နှစ်ရှည်သီးနှံ သီဟိုဠ်၊ ရော်ဘာလုပ်ငန်း၊ ငွေဆောင်/ချောင်းသာကမ်းခြေခရီးသွားလုပ်ငန်းများအပြင် မြန်မာ့ရိုးရာလက်မှု ပြည်ပပို့ကုန်များဖြစ်တဲ့ ပုသိမ်ထီးနဲ့ကြိမ်၊ ဝါး၊ ဇေဒါ၊ သင်လုပ်ငန်းများနဲ့ ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းများအားလုံး ဖွံ့ဖြိုးတိုးတက်အောင် အသင်းသူ၊ အသင်းသားများမှ ဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် ပြည်ပနိုင်ငံများမှ လာရောက်လေ့လာလျက်ရှိကြောင်း၊ မိမိတို့အသင်းကြီးနဲ့ အစိုးရအဖွဲ့၊ ဒေသအာဏာပိုင် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်းပြီး ဟန်ချက်ညီစွာဆောင်ရွက်မှသာ အနာဂတ်နိုင်ငံတော်မိမိတို့ တိုင်းဒေသကြီးနှင့် လူမှုစီးပွားဘဝများ ပိုမိုပြီးတိုးတက်လာရန် ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၇-၃-၂၀၁၆ မှ ၁၃-၃-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** ငွေရပေါက်ရလမ်းများ ရရှိလာတတ်သော်လည်း ကုန်စရာများကလည်း အသင့်ဖြစ်နေတတ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများဖြင့် အကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် လုပ်ငန်းခွင်ပြောင်းလဲရတတ်သည်။ ပညာရေးကောင်းနေမည်။ ကျန်းမာရေးတွင် ပြင်းပြင်းထန်ထန်မခံစားရတတ်သော်လည်း ညှော်ရောဂါများမကြာခဏ ခံစားနေရတတ်ပါသည်။ အချစ်ရေးကောင်းပါသည်။ ချစ်သူဘဝမှ မကြာခင်အိမ်ထောင်သည်ဘဝသို့ရောက်ရတတ်သည့်သဘောရှိနေတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရွှေထီးလှူ၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံရသောငွေကြေးကိုကြည့်၍ သင့်တော်မည့်စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ လုပ်ငန်းတစ်မျိုးထက်မကသောလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရလိမ့်မည်။ ပညာရေးတွင်ကျက်မှတ်ထားသော ဘာသာရပ်နှင့်ဖြေဆိုရသော ဘာသာရပ်ကွဲလွဲမှုများရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါတို့နှင့်လေကြောင့်ဖြစ်သော လေဖြန်းခြင်း၊ လေဖြတ်ခြင်းတို့ကို သတိထားသင့်ပါသည်။ အချစ်ရေးတွင် မျှော်လင့်ချက်ဝေးနေတတ်သည်။

**ယတြာ။ ။သံဃာတော်အား ထီးလှူ၍လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** မိသားစုပျော်ရွှင်စရာကိစ္စများ ကြုံတွေ့ရတတ်သည်။ ကြိုးစားသလောက်ခရီးရောက်ပြီး အောင်မြင်တိုးတက်လိမ့်မည်။ အရာရာကိုရဲရင့်စွာန့်စားလုပ်ကိုင်နိုင်စွမ်းရှိနေမည်။ ဘဝအေးချမ်းအောင်မြင်မှုရလိုလျှင် ဘာသာရေးဆိုင်ရာ ကျင့်စဉ်များလည်းကြိုးစားတွဲဘက်လုပ်ကိုင်သင့်ပါသည်။ ပညာရေးတွင်ကံကောင်းနေမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အအေးမိပြီးဖျားသည့်ရောဂါဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် လူမှုရေးကိစ္စရှုပ်ထွေးမှုရှိတတ်သည်။ အရာရာ ပညာသတိဖြင့်ဆုံးဖြတ်ပါ။ အကောင်းဆုံးဖြစ်အောင်လုပ်နိုင်လိမ့်မည်။**ယတြာ။ ။မိမိနှစ်သက်သောပစ္စည်းကို အပေါင်းအသင်းများအားလက်ဆောင်ပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မူလရည်ရွယ်ချက်အတိုင်းစီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်၍ ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိသည်မှအပခါတိုင်းထက်ပို၍ အောင်မြင်တိုးတက်တတ်ပါသည်။ ပန်းချီ၊ ပန်းပုအနုပညာလုပ်ငန်းများ အကျိုးပေးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးထူးချွန်အောင်မြင်မှုများရရှိလိမ့်မည်။ အချစ်ရေးတွင် မျှော်လင့်မထားသူ၏ ချစ်မေတ္တာကို ရရှိလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အရေပြားရောဂါဖြစ်တတ်သောကြောင့်သတိထားသင့်ပါသည်။ **ယတြာ။ ။ချိုးရေ-သုံးရေလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** ဘာသာရေးကိစ္စများ၊ အလှူအတန်းကိစ္စများကိုလည်း မကြာခဏလှူဒါန်းတတ်သောကြောင့် စီးပွားရေးတိုးတက်မှုရှိနေမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်း အကျိုးပေးမှုအားကောင်းနေလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်မှုလိုလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မျှော်လင့်ထားသလို ဖြစ်မလာတတ်သော သဘောရှိနေလိမ့်မည်။ ကျန်းမာရေးတွင် အပူကြောင့်ဖြစ်သော ဝေဒနာခံစားရမှုများနေတတ်သည်။

**ယတြာ။ ။သုံးမြှောင့်ပုံသဏ္ဍာန်ရှိသော ကောက်ညှင်းထုပ်လှူပါ။**



**သောကြာသားသမီးများအတွက်** ဘဝ၏အဓိပ္ပာယ်ကို ပြောင်းလဲပစ်ချင်သော ဆန္ဒများပေါက်ဖွားလာတတ်သည်။ မည်သို့ဆိုစေကာမူ အနာခံမှအသာစံရမည်ဟုသော ဆောင်ပုဒ်အတိုင်း ယခုကာလမှသည် ကံကောင်းသောကာလသို့ မျှော်လင့်နေရတတ်ပါသည်။ စီးပွားရေးတွင် အတက်အကျအပြောင်းအလဲ ရှိနေမည်။ ပညာရေးသင့်တင့်ကောင်းမွန်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ဆန္ဒခြင်းလွဲမှားမှုရှိနေတတ်သည်။ အဆင်ပြေမှုများရရှိအောင် သည်းခံခွင့်လွှတ်ရလိမ့်မည်။ ကျန်းမာရေးတွင် အာရုံကြောနှင့်နှလုံးသွေးကြောရောဂါတို့ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။လမ်းတွင်းချိုင့်ဝှမ်းရှိနေရာတို့ကို ညီညာအောင်ပြုပြင်လိုက်ပါ။**



**စနေသားသမီးများအတွက်** လေလွင့်ဆုံးရှုံးမှုများ၍ အမြတ်အစွန်းရရှိရန် အခက်အခဲဖြစ်နေတတ်ပါသည်။ လုပ်ဖော်ကိုင်ဖက်များ၏ ကျွမ်းကျင်မှုနည်းပါးခြင်း၊ စည်းစနစ်မကျနခြင်းများကြောင့် စီးပွားရေးလုပ်ငန်းရပ်များကို ပြန်လည်စီစစ်၍ ကျွမ်းကျင်သောဝန်ထမ်းများကို အသစ်ပြန်လည်ရွေးချယ်ရတတ်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ ပိုးထည်ချည်ထည်လုပ်ငန်းများ အထူးကြိုးစားလုပ်ဆောင်နေရတတ်ပါသည်။ ပညာရေးသင့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးရတာမလို၊ လိုတာမရဖြစ်မည်။ ကျန်းမာရေးတွင် အစာအိမ်အချဉ်ပေါက်ခြင်း၊ ဆီးနှင့်ပတ်သက်သောဝေဒနာများခံစားရတတ်ပါသည်။ ဝင်ငွေ၊ ထွက်ငွေမမျှရှိမည့်ကာလဖြစ်နေတတ်ပါသည်။ **ယတြာ။ ။နို့ဆီလှူ၍လိုရာဆုတောင်းပါ။**

# စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်သည့် MPT ၏ IP-VPN ဝန်ဆောင်မှုကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် စတင်ကျင့်သုံးမည်




စီးပွားရေးလုပ်ငန်းရှင်များအတွက် ရည်ရွယ်၍ ဆောင်ရွက်ထားသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ IP- VPN (Virtual Private Network) ဝန်ဆောင်မှုကို ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်တို့တွင် စတင်ကျင့်သုံးလိုက်ပြီဖြစ်ကြောင်း MPT၏သတင်း ထုတ်ပြန်ချက်များအရ သိရသည်။

MPT ၏ IP-VPN သည် အရည်အသွေးမြင့်မားသည့် တစ်နိုင်ငံလုံးအနှံ့ရှိ IP ကွန်ရက်ကို အသုံးပြုကာ လုပ်ဆောင်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော ကွန်ရက် လုပ်ဆောင်မှုတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုကို ပထမဆုံး အနေဖြင့် စတင်အသုံးပြုသောလုပ်ငန်းစုမှာ မြန်မာနိုင်ငံတွင် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို တွင်တွင်ကျယ် ကျယ်အသုံးပြုနေသည့်သမဝါယမဘဏ် (CB Bank) ဖြစ်ကြောင်း သိရသည်။

MPT မှလုပ်ဆောင်လျက်ရှိသည့် IP-VPN သည် သာမန်ရိုးရိုး အင်တာနက်ဖြင့် ချိတ်ဆက်ထားသည့် VPN များနှင့်ယှဉ်လျှင် အထူးသီးသန့်ဖြစ်ကာလုံခြုံရေးနှင့် ချိတ်ဆက်မှုအပိုင်းတွင်ပါ များစွာ သာလွန်ကောင်းမွန်သည်ဟု ဆိုသည်။ ထို့ပြင် အခြားသောကော်ပိုရိတ် ကွန်ရက်များသည် သီးသန့်ပုဂ္ဂလိကပိုင်လိုင်းများ သို့မဟုတ် ငှားရမ်းထားသည့် လိုင်းများဖြစ်နေပြီး MPT ၏ IP-VPN မှာမူ ပိုမိုပြီး ပြုလွယ်ပြင်လွယ်ရှိကာ လွယ်ကူစွာဖြင့် ချဲ့ထွင်အသုံးပြုနိုင်သကဲ့သို့ ဈေးနှုန်းသက်သာစွာဖြင့် ချိတ်ဆက် လုပ်ကိုင်နိုင်ကြောင်း သိရသည်။

MPT-Joint Operations ၏ Chief Commerical Officer ဖြစ်သူ Mr. Koichi Kawase က "မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးလာတာနဲ့အမျှ ပြီးပြည့်စုံတဲ့ စီးပွားရေးလုပ်ငန်းသုံးဆက်သွယ် ရေးကွန်ရက်တွေ နေ့စဉ်နဲ့အမျှ လိုအပ်လာပါတယ်။ MPT IP-VPN ဝန်ဆောင်မှုကို စတင်ခြင်းအားဖြင့် ဈေး နှုန်းသက်သာပြီး လုံခြုံမှုရှိတဲ့စီးပွားရေးလုပ်ငန်းသုံးကွန်ရက်ကို တစ်နိုင်ငံလုံးအနှံ့ ပေးနိုင်တော့မှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးလုပ်ငန်းတွေကိုရော နိုင်ငံတကာကနေ မြန်မာနိုင်ငံမှာ လာပြီး အခြေစိုက်ထားတဲ့ လုပ်ငန်းတွေကိုပါ ထောက်ပံ့ကူညီပေးရင်းနဲ့ မြန်မာနိုင်ငံရဲ့တိုးတက်မှုမှာ တစ်စိတ်တစ်ဒေသကနေ ကူညီပံ့ပိုးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

MPT IP-VPN ဝန်ဆောင်မှုကို ပထမဦးဆုံး စတင်အသုံးပြုခဲ့သည့် CB ဘဏ်၏ Head of Infrastructure and Network ဖြစ်သူ ဦးကျော်အောင်စိုးက "သာမန်ရိုးရိုးအင်တာနက်လိုင်းကို အကြာကြီးအသုံးပြုပြီးတဲ့နောက်မှာ ကျွန်တော်တို့ MPT IP-VPN ဝန်ဆောင်မှုကို သုံးဖို့ရွေးချယ်ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဆင့်မြင့်တဲ့ လုံခြုံမှုအပိုင်းမှာ အတူတူပဲဖြစ်ပြီးဈေး သက်သာပြီး အဆင်ပြေလို့ပါ။နောက်ပိုင်းမှာ ကွန်ရက်ချဲ့ထွင်တာတွေကို လွယ်လွယ်ကူကူလုပ်လို့ရမယ်ဆိုတာကလည်း ပိုပြီး စိတ်ဝင်စားစရာဖြစ်ခဲ့ပါတယ်။ ဒီရွေးချယ်မှုဟာ ကျွန်တော်တို့ဘဏ်ရဲ့ စီးပွားရေးပိုမိုတိုးတက်လာဖို့ အထောက်အကူဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါ တယ်"ဟု ပြောကြားခဲ့သည်။

MPT သည် ယင်း၏ IP-VPN ဝန်ဆောင်မှုဧရိယာကို ရန်ကုန်၊မန္တလေး၊ နေပြည်တော်စသည့်မြို့ကြီးများမှတစ် ဆင့် အခြားဒေသများသို့ပါ ချဲ့ထွင်လျက်ရှိပြီး ပြီးစီးသည့်အချိန်တွင် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ➲စာမျက်နှာ -၁၇ - မျှားများရောင်းနိုင်မှ ကောင်းမည့် ကြက်သွန်နီ မှ အဆက်

ယင်းအလုပ်ရုံဆွေးနွေးပွဲမှ ရှေ့လုပ်ငန်းစဉ်အနေဖြင့် ဆောင် ရွက်မည့် ဖော်ထုတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကြက်သွန်နီ တစ်ပိဿာ ထုတ်လုပ်မှုစရိတ် လျှော့ကျစေရေးအတွက် နည်းလမ်းများရှာဖွေပြီး ရှေ့နှစ်တွင် စတင် စိုက်ပျိုးနိုင်ရေး ပညာပေးဖြန့်ဝေရန်၊

(ခ) ထွက်ပေါ်ချိန်တွင် တောင်သူများ သင့်တော်သည့် အကျိုးအမြတ် ရရှိစေရေးအတွက် ဈေးကွက် တည်ငြိမ်ရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ပြီး နည်းလမ်း ရှာဖွေဆောင်ရွက်ရန်၊

(ဂ) အရည်အသွေးကောင်းမွန်ရေးနှင့် GAP Certificate အတွက် အသင်းနှင့် စိုက်ပျိုးရေးဌာနတို့ စဉ်ဆက်အပြတ် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ပေါင်းကူးဆောင်ရွက်ပေးရန်၊

(ဃ) သိုလှောင်မှု အပိုင်းတွင် အလျော့တွက်သက်သာသည့် နည်းလမ်းများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနနှင့် အသင်းမှ သတင်းအချက်အလက်ဖြန့်ဝေရန်၊

(င) ပြည်ပဈေးကွက် (တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား နိုင်ငံတို့၏ အခြေအနေ) ကို လေ့လာပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် အသင်းမှ ဖြန့်ဝေရန်၊

(စ) ကမ္ဘာတွင် ကြက်သွန်နီအများဆုံး တင်ပို့နိုင်ငံဖြစ်သည့် နယ်သာလန်၊ အိန္ဒိယ၊ တရုတ်တို့၏ ဆောင်ရွက်မှုများကို လေ့လာပြီး၊ သတင်းဖြန့်ဝေရန်၊

(ဆ) ဈေးနှုန်း အလွန်အမင်းမြင့်တက်ပြီး စားသုံးသူများ နစ်နာမှုမရှိစေရေးအတွက် ဇူလိုင်၊ ဩဂုတ်များတွင် ဈေးနှုန်း သတင်း/ ကုန် လက်ကျန်စာရင်းများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနမှ တိတိကျကျ ကောက်ယူပြီး အထက် အဆင့်/ အသင်းနှင့်စားသုံးသူများသို့ သတင်းပေးပို့ရန်၊

(ဇ) ဈေးနှုန်းချိန်ဆမှုများကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

(ဈ) ပြည်ပသို့နယ်စပ်နှင့် Over Sea မှ ပိုမိုကောင်းမွန်သည့်နည်းလမ်းများနှင့်တင်ပို့နိုင်ရေးအတွက် လိုအပ်ချက်များကိုအသင်း/ ပို့ကုန်လုပ်ငန်းရှင်များနှင့် ဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးရန်၊ ချိတ်ဆက်ပေးရန်၊

အဆိုပါကြက်သွန်နီသည် မြန်မာ့ဟင်းလျာတွင် မပါမပြီးသော သီးနှံတစ်ခုဖြစ်ပြီး ကြက်သွန်နီ ဈေးကွက်နှင့် ဈေးနှုန်းသင့်တင့်ရေး အတွက် ပိုကောင်းအောင် ပူးပေါင်းပြီး ပြောင်းလဲဆောင်ရွက်သွားသင့်ပြီဖြစ်ပါသည်။

## မြို့ကြီးများ၏ ၇-၃-၂၀၁၆ မှ ၁၁-၃-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၂-၂၀၁၆) | အင်္ဂါ(၁-၃-၂၀၁၆) | ဗုဒ္ဓဟူး(၂-၃-၂၀၁၆) | ကြာသပတေး(၃-၃-၂၀၁၆) | သောကြာ(၄-၃-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၇C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ရန်ကုန်မြို့ | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၈°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F |
| လားရှိုး | ၄၀% ၂၄°C/၇၅°F | ၄၀% ၂၄°C/၇၆°F | ၅၀% ၂၆°C/၇၉°F | ၃၀% ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F |
| ကျိုင်းတုံ | ၄၀% ၂၃°C/၇၃°F | ၅၀% ၂၆°C/၇၈°F | ၄၀% ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F |
| လွိုင်ကော် | နေသာ ၂၅°C/၇၇°F | ၄၀% ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| တောင်ကြီး | ၄၀% ၂၀°C/၆၈°F | ၅၀% ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၂°C/၇၃°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |
| မော်လမြိုင် | နေသာ ၃၆°C/၉၆°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F |
| ဘားအံ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F |
| တောင်ငူ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၉°F |
| မုံရွာ | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F |
| မြိတ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၅°C/၉၅°F |
| စစ်တွေ | နေသာ ၃၂°C/၈၉°F | နေသာ ၃၀°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| မကွေး | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၃°C/၉၃°F |
| ဖလမ်း | ၃၀% ၁၉°C/၆၇°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F |

## အင်ဒိုနီးရှားနိုင်ငံ၊ စူမားတြားတောင်ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်၊ ပျက်စီးမှုအနည်းငယ်သာရှိသည်ဟုဆို

ပြီးခဲ့သည့် မတ် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၊ စူမားတြားပြည်နယ်၊ ပါဒန်မြို့နှင့် ၅၀၂မိုင်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ငလျင်တိုင်းတာရေးစခန်း၏ သတင်းထုတ်ပြန်ချက်များကိုကိုးကား၍ နိုင်ငံတကာသတင်းဌာနများက ထုတ်ပြန်ကြေညာခဲ့သည်။

အင်အားပြင်းငလျင် လှုပ်ခတ်ပြီးနောက် နာရီအနည်းငယ်အကြာတွင် ဆူနာမီသတိပေးချက်များထွက်ပေါ်ခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် ထိစပ်လျက်ရှိနေသည့်နိုင်ငံများအား ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်များ ထွက်ပေါ်လာခဲ့သည်။အလားတူ အိန္ဒိယသမုဒ္ဒရာနှင့်ထိစပ်လျက်ရှိသည့် မြန်မာနိုင်ငံကမ်းရိုးတမ်းဒေသများဖြစ်သည့် တနင်္သာရီကမ်းရိုးတမ်းနှင့် ရခိုင်ကမ်းရိုးတမ်းဒေသများတွင်လည်း ဆူနာမီသတိပေးချက်များ ထွက်ပေါ်လာခဲ့သည်။

သို့သော် ထိုနေ့ နေ့လယ်ပိုင်းတွင် အဆိုပါ ဆူနာမီသတိပေးချက်များအား ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ပြန်လည်ကြေညာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၊ ပါဒန်မြို့နှင့် မိုင် ၅၀၀ ကျော်ကွာဝေးသည့် ပစိဖိတ်သမုဒ္ဒရာအတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်သည် အင်အားပြင်းထန်သော်လည်း ပါဒန်မြို့တွင် ထိခိုက်မှုအနည်းငယ်သာရှိခဲ့ပြီး လူသေဆုံးမှုနှင့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း ဒေသခံများက ပြောကြားခဲ့ကြသည်။

အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုကလည်း အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းစူမားတြားဒေသမှာ လုံခြုံစိတ်ချရသည့်အနေအထားတွင်ရှိနေကြောင်း၊ အင်အားပြင်းထန်သော်လည်း မြို့နှင့် အလှမ်းကွာဝေးသဖြင့် အနည်းငယ်သာ ပျက်စီးနိုင်ကြောင်း အေအက်ဖ်ပီသတင်းဌာနကို ပြောကြားခဲ့သည်။

သို့သော် နိုင်ငံခြားသတင်းဌာနတစ်ခုဖြစ်သည့် မေးလ်အွန်လိုင်းသတင်းတွင် အင်အားပြင်းငလျင်ကြောင့် လူပေါင်းများစွာသေဆုံးခဲ့သည့်အပြင် အပျက်အစီးများလည်း ရှိနိုင်သည်ဟု ရေးသားဖော်ပြခဲ့သည်။

**မယ်သီတာ**



## ဗီယက်နမ်နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုနှင့် ရင်ဆိုင်ရ

ဗီယက်နမ်နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ အတွင်း အဆိုးရွားဆုံးသော မိုးခေါင်ခြောက်သွေ့မှုများနှင့် ရင်ဆိုင်နေရကြောင်း ဗီယက်နမ်သတင်းဌာနမှ ရေးသားဖော်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံမှ လယ်သမားများအနေဖြင့် မိုးခေါင်ခြောက်သွေ့မှုများကြောင့် ၎င်းတို့၏သီးနှံများ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်နေကြကြောင်း မီဒီယာများအား ဒေသခံလယ်သမားများက ပြောကြားခဲ့သည်။

မဲခေါင်မြစ်ဝှမ်းဒေသ၊ Hau Giang ပြည်နယ်ရှိ လယ်သမားများသည် မိုးရေချိန်နည်းပါးစွာ ရရှိခဲ့သဖြင့် မြေအောက်ရေကို ရယူသုံးစွဲနေရကြောင်း၊ အဆိုပါ Hau Giangပြည်နယ်သည် ဗီယက်နမ်နိုင်ငံတွင် ဆန်စပါးအများဆုံး စိုက်ပျိုးထွက်ရှိရာဒေသတစ်ခုဖြစ်ကြောင်း EFE သတင်းတွင် ဖော်ပြထားချက်များအရ သိရသည်။

အဆိုပါHau Giang ပြည်နယ် တစ်ခုတည်းမှာပင် မြေအောက်ရေ ရယူသုံးစွဲနေသည့် နေရာပေါင်း ၁၁ နေရာရှိနေပြီး အဆိုပါမြေအောက်ရေရရှိအောင် ပြုလုပ်ခဲ့မှုကြောင့် ဗီယက်နမ်ဒေါင် ၁၆ ဘီလီယံ(အမေရိကန်ဒေါ်လာ၇၂၀၀၀၀) ကုန်ကျခဲ့သည်။

ထို့ပြင် တန်ဖူဒေါင်ခရိုင်တွင် ရေရှားပါးသည့် ပြဿနာကို ရင်ဆိုင်နေရသည့် ပြည်သူပေါင်းမှာ ၁၃၀၀၀ ကျော်ရှိနေပြီဖြစ်သည်။

အဆိုပါ တန်ဖူဒေါင်ခရိုင်တွင် ပြည်သူ့ရေသုံးစွဲရေးစခန်းပေါင်း ၁၉ခု ကိုဖွင့်လှစ်ကာ သောက်သုံး ရေရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဏာပိုင်များအနေဖြင့် တိုင်ယန်မြစ်ကိုဖြတ်၍ မိုင်သိုမြို့မှ တန်ဖူဒေါင်ခရိုင်သို့ ရေပိုက် လိုင်းဖြင့် ရေသွယ်တန်းရေးလုပ်ငန်းများကို လုပ်ဆောင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စီမံကိန်းအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သုံးသန်းခန့်ကုန်ကျနိုင်ကြောင်း ပြည်နယ်ပြည်သူ့ကော်မတီ ဥက္ကဌ လူဗန်ဟောင်က ပြောကြား ခဲ့သည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ပူပြင်းခြောက်သွေ့မှုကြောင့် နိုင်ငံ၏မြို့တော် ဟန္နိုင်းမြို့အနီးရှိ မြစ်နီမြစ်မှာ ရေများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များကသတင်းထုတ်ပြန်ခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.10 Monday March 7 2016

# မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူဘောလုံးအသင်းတို့၏ ခြေစမ်းပွဲရက်ပြောင်းရွှေ့ အောက်တိုဘာလတွင် ဂျာမနီနိုင်ငံ၌ သွားရောက်လေ့ကျင့်နိုင်ရန် စီစဉ်လျက်ရှိ



မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကျင်းပမည့်ရက်ကို နှစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းချက်အရ မတ် ၂၃ ရက်မှ ၂၄ရက်သို့ ပြောင်းရွှေ့လိုက်ကြောင်းသိရသည်။

"စင်ကာပူ ဘောလုံးအဖွဲ့ချုပ်ရဲ့ တောင်းဆိုမှုအရ ရွှေ့ပေးလိုက်တာပါ။ ဒီခြေစမ်းပွဲက မြန်မာ့လက်ရွေးစင်အသင်းအတွက်ရော စင်ကာပူလက်ရွေးစင်အသင်းအတွက်ပါ အကျိုးရှိစေမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါတွင် စင်ကာပူလက်ရွေးစင်ဘောလုံးအသင်းကို ဂျာမနီနိုင်ငံသား ဘန်စတိန်းက တာဝန်ယူကိုင်တွယ်လျက်ရှိနေပြီး ကစားသမား ၂၆ ဦးရွေးချယ်ထားကာ အပတ်စဉ် တနင်္လာနေ့တိုင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းကိုလည်း ဂျာမနီနိုင်ငံသား ဂက်ဖရိုင်းဒရစ်က တာဝန်ယူ ကိုင်တွယ်လျက်ရှိပြီး တစ်ပတ်လျှင်တစ်ရက် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါပြိုင်ပွဲမတိုင်မီတွင် ဂျာမနီနိုင်ငံသို့ သွားရောက်၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့လက်ရွေးစင် အသင်းကို အောက်တိုဘာလအတွင်းမှာ သွားရောက်လေ့ကျင့်ဖို့စီစဉ်နေတယ်။ ဘယ်နှစ်ပွဲကစားမယ်ဆိုတာကိုတော့ နည်းပြအပေါ်မှာ မူတည်ပါတယ်။ နှစ်ပတ်လောက်နေပြီး လေ့ကျင့်ဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းကို ယခုအခါတွင် ပဏာမကစားသမား ၃၄ ဦးဖြင့်လေ့ကျင့်လျက်ရှိပြီးမတ်လအတွင်းတွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းကို တာဝန်ယူကိုင်တွယ်လျက်ရှိသည့်နည်းပြချုပ် ဂက်ဖရိုင်းဒရစ်သည် မြန်မာယူ-၁၉ အသင်းကို ကိုင်တွယ်ခဲ့စဉ်က ၎င်း၏နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံသို့ ခေါ်ဆောင်၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြိုင်ဘက်အသင်းများကို အံ့အားသင့်ဖွယ်ရာရလဒ်များဖြင့် အနိုင်ရယူခဲ့ကာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတစ်ဦးဖြစ်သည်။



# နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာယူ-၁၄ အသင်း စတင်လေ့ကျင့်မှုများပြုလုပ်

၂၀၁၉ ခုနှစ်တွင်ကျင်းပမည့် အသက် ၁၇နှစ်အောက် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် ယူ-၁၄ အသင်းသည် အာရှယူ- ၁၄ချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင်လအတွင်း ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာရှဒေသတွင်းမှ အသင်းများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်းသိရသည်။

"မြန်မာယူ-၁၄ အသင်းအနေနဲ့ ယူ-၁၇ကမ္ဘာ့ဖလားမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိစေဖို့ ပြင်ဆင်မှုတွေ များစွာပြုလုပ်သွားမှာပါ။ နိုင်ငံတကာပြိုင်ပွဲတွေ၊ နိုင်ငံတကာ ခြေစမ်းပွဲတွေနဲ့ ပြည်ပလေ့ကျင့်ရေးအစီအစဉ်တွေကို ပြုလုပ်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါတွင် မြန်မာ ယူ-၁၄ ဘောလုံးအသင်းကို ဘောလုံးအကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ် အဲရစ်ဝီလျံနှင့်လက်ထောက်နည်းပြများအဖြစ် ဦးတင်မောင်ဝင်းနှင့် ဦးခင်မောင်ထွေးတို့က တာဝန်ယူကိုင်တွယ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဲရစ်ဝီလျံကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းက မြန်မာယူ-၁၆အသင်း၏ နည်းပြချုပ်အဖြစ်ခန့်အပ်ခဲ့သော်လည်း ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက် ယူ-၁၄ အသင်းကို ကိုင်တွယ်စေခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၄ အသင်းကို ပဏာမကစားသမား အယောက် ၆၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။




# ဟော်ရီဇွန်အသင်း၏လက်ထောက်နည်းပြ အူဘေးနေရာတွင် တူရကီနိုင်ငံသားနည်းပြတစ်ဦးဖြင့် အစားထိုးသွားမည်

ယခုနှစ်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်-၁ သို့ တက်လှမ်းလာနိုင်ခဲ့သည့် ဟော်ရီဇွန်အသင်း၏ လက်ထောက်နည်းပြတစ်ဦးဖြစ်သူ တူရကီနိုင်ငံသား အူဘေး၏နေရာတွင် အခြားတူရကီနိုင်ငံသား နည်းပြတစ်ဦးကို ရခိုင်ယူနိုက်တက်နှင့်ပွဲစဉ်မတိုင်မီ အစားထိုးသွားမည်ဖြစ်ကြောင်း ဟော်ရီဇွန်အသင်းမန်နေဂျာ ဦးကျော်ကျော်ဦးက ဆိုသည်။

"ရောက်လာမယ့်နည်းပြအကြောင်းကို သေသေချာချာ မသိရသေးပါဘူး။ သူက ရခိုင်နဲ့ပွဲကစပြီး လက်ထောက်နည်းပြအဖြစ် တာဝန်ယူသွားမှာပါ"ဟု ၎င်းက ဆိုသည်။ တူရကီအခြေစိုက် ဟော်ရီဇွန် နိုင်ငံတကာကျောင်းမှတည်ထောင်ထားပြီး လာအိုနိုင်ငံတွင်လည်း ဘောလုံးကလပ်တစ်ခုကို တည်ထောင်ကာ ယှဉ်ပြိုင်လျက်ရှိပြီး အဆိုပါလာအိုနိုင်ငံမှ အသင်း၏ နည်းပြချုပ်ရာထူးအတွက် အူဘေးကို ပြောင်းရွှေ့ခန့်ထားရခြင်းဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံသားအူဘေးနှင့် ဟော်ရီဇွန်အသင်းတို့သည် လေးနှစ်ကျော်ကြာ လက်တွဲခဲ့ကြပြီး မြန်မာနေရှင်နယ်လိဂ်-၁ သို့ လိဂ်-၂မှ တန်းတက်ခွင့်ရရှိအောင် အူဘေးက စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ဟော်ရီဇွန်အသင်း လိဂ်-၁ သို့တန်းတက်ခဲ့ပြီးနောက် တူရကီနိုင်ငံသား ပါလာကို နည်းပြချုပ်ရာထူး ခန့်အပ်ခဲ့ကာ အူဘေးကို လက်ထောက်နည်းပြနှင့် လူငယ်အသင်း၏နည်းပြချုပ်ရာထူးပေးအပ်ခဲ့သည်။

ဟော်ရီဇွန်အသင်းသည် မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ၏ ငါးပတ်မြောက်ကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၀မှတ်ဖြင့် ဇယားတိုင်၏ အဆင့် ၁၁ နေရာတွင် ရပ်တည်လျက်ရှိသည်။

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲဝင်မည့် မြန်မာအမျိုးသမီးဖူဆယ်အသင်း မတ်လဆန်းပိုင်း၌ စတင်လေ့ကျင့်မည်

၂၀၁၆ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် ယခုလအတွင်း စတင်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို လာမည့် ဇူလိုင် ၇ရက်မှ ၁၆ ရက်အထိ နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအမျိုးသမီးအသင်းအနေဖြင့် ကလပ်အသင်းအမည်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဲဒီပြိုင်ပွဲဝင်မယ့် မြန်မာအမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဌေးမြင့်က တာဝန်ယူကိုင်တွယ်သွားမှာပါ။ ပြိုင်ပွဲအတွက် လေးလကျော် ပြင်ဆင်ချိန်ရရှိမှာပါ။ ပြိုင်ပွဲမတိုင်ခင်မှာ ပြည်ပနိုင်ငံတွေမှာ ခြေစမ်းပွဲတွေယှဉ်ပြိုင်ကစားပြီး အောင်မြင်မှုရရှိအောင် ပြင်ဆင်သွားမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုအခါတွင် ပဏာမမြန်မာအမျိုးသမီးဖူဆယ်ကစားသမား အယောက် ၃၀ ကို ရွေးချယ်ဖွဲ့စည်းနိုင်ရန်စီစဉ်လျက်ရှိပြီး လက်ရွေးစင်ကစားသမားဟောင်းများကိုလည်း အဆိုပါအသင်းတွင် ရွေးချယ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

# အပူချိန်မြင့်မားလာမှုကြောင့် လိုအပ်ပါက မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အချို့ကို အချိန်နောက်ဆုတ်၍ ကစားနိုင်ရန် စီစဉ်ဆောင်ရွက်မည်

မြန်မာနိုင်ငံအတွင်း မြို့ကြီးများတွင် အပူချိန်မြင့်မားလာမှုကြောင့် လိုအပ်ပါက မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်အချို့ကို အချိန်နောက်ဆုတ်၍ ကစားနိုင်ရန် စီစဉ်ဆောင်ရွက်ဖို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့ တိုင်ပင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လက်ရှိအချိန်မှာတော့ ပွဲကစားတဲ့အချိန်တွေဟာ အန္တရာယ်ကျရောက်နိုင်တဲ့အဆင့်ကို ရောက်ရှိနေတဲ့အချိန်တွေ မဟုတ်သေးပါဘူး။ ဒါပေမယ့် အခုအပူချိန်အရဆိုရင် မန္တလေးနဲ့ မုံရွာမှာ ကစားရတဲ့ပွဲတွေဆိုရင် အပူချိန်က ပြင်းလှတဲ့အတွက် အချိန်နောက်ဆုတ်ပြီး ကစားသင့်ပါတယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖေဖော်ဝါရီ ဒုတိယပတ်မှစတင်ကာ ပွဲကစားချိန်အတွင်း ရေသောက်ချိန် (Water Break) တစ်မိနစ်ပေးထားကြောင်း သိရသည်။

# ဖီဖာ၏ ကိုးယောက်မြောက်ဥက္ကဋ္ဌဖြစ်လာခဲ့သည့် ဂျီယန်နီအင်ဖန်တီနို ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့



ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ညီလာခံတွင် ရွေးချယ်ခဲ့သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ကိုးယောက်မြောက်ဥက္ကဋ္ဌဖြစ်လာခဲ့သည့် ဂျီယန်နီအင်ဖန်တီနိုသည် ဇူးရစ်မြို့တွင်ကျင်းပခဲ့သည့် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ဖူးသည့် ဘောလုံးအကျော်အမော်များ ပါဝင်ခဲ့ကြပြီး အင်ဖန်တီနိုပါဝင်သည့်အသင်းတွင် ဖေဘီယိုကင်နာဗာရို၊ ရောဘတ်ပီးယာ့စ်၊ ကလဲရားရင့်စ်ဆီးဒေါ့ဖ်၊ ပါအိုလိုမာလ်ဒီနီ၊ ဒီကို၊ မစ်ချယ်ဆာလ်ဂါဒိုတို့ပါဝင်ကစားခဲ့ကြောင်းသိရသည်။

အဆိုပါ ချစ်ကြည်ရေးပြိုင်ပွဲအပြီးတွင် ဂျီယန်နီအင်ဖန်တီနိုက ၎င်းအနေဖြင့် ဖီဖာဥက္ကဋ္ဌတစ်ဦးရရှိမည့်လစာနှင့် အခွင့်အရေးများကို စိတ်မဝင်စားကြောင်း၊ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းစဉ်ကပင် အဆိုပါကိစ္စကို စိတ်မဝင်စားခဲ့ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

"ကျွန်တော် လစာ ဘယ်လောက်ရမယ်။ ဘာအခွင့်အရေးတွေ ရမယ်ဆိုတာ ကျွန်တော် အခုအချိန်မှာ ဘယ်သူနဲ့မှ မဆွေးနွေးရသေးပါဘူး။ အဲဒီကိစ္စတွေကို အရင်ကလည်း စိတ်မဝင်စားခဲ့သလို အခုလည်း စိတ်မဝင်စားခဲ့ပါဘူး။ ခင်ဗျားတို့ ယုံချင်မှယုံမယ်။ ကျွန်တော်သိတာတစ်ခုက ကမ္ဘာ့ဘောလုံးလောကကြီးတစ်ခုလုံးကို သန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်ချင်တာပါပဲ။ ကျွန်တော့်မှာ လုပ်စရာတွေ အများကြီးရှိနေပါသေးတယ်။ ဒါကြောင့်ကျွန်တော့်ကို လစာဘယ်လောက်ပေးပါ။ ဒါမှမဟုတ် ဘယ်လောက်ပေးရမယ်ဆိုတာတွေကို ကျွန်တော်စိတ်မဝင်စားပါဘူး။ ဒါကို ခင်ဗျားတို့မြင်ကြမှာပါ"ဟု ၎င်းက ပြောကြားခဲ့သည်။

အင်ဖန်တီနိုသည် ဖီဖာစတင်ထူထောင်ခဲ့သည့်အချိန်မှ ယနေ့အထိ နှစ်ပေါင်း ၁၁၂နှစ်အတွင်း ကိုးယောက်မြောက်ဥက္ကဋ္ဌအဖြစ် ထူးခြားစွာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ယူအီးအက်ဖ်အေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အင်ဖန်တီနိုသည် ဖီဖာအတွင်းအကျင့်ပျက် ခြစားမှုများအားတိုက်ဖျက်ရေးနှင့် ဖီဖာမှ ပံ့ပိုးပေးထားသည့် လစာနှင့် ခံစားခွင့်များကိုပါ ပြန်လည်စိစစ်မည့်ကိစ္စများကို ဦးစားပေးလုပ်ဆောင်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံရွေးချယ်ပွဲကို အင်ဖန်တီနိုလက်ထက်တွင် စတင်လုပ်ဆောင်ရမည်ဖြစ်ရာ လာမည့် မေလတွင်ကျင်းပမည့် ဖီဖာကွန်ဂရက်မတိုင်မီ အဆိုတင်သွင်းရေးကိစ္စများကို လုပ်ဆောင်ရမည်ဖြစ်သည်။

ဆပ်ဘလတ္တာ လက်ထက်တွင် ဖီဖာသည် ၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရာ နိုင်ငံများအဖြစ် အအေးလွန်ကဲသော နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံနှင့် အပူလွန်ကဲသောနိုင်ငံဖြစ်သည့် ကာတာနိုင်ငံတို့အား ရွေးချယ်ထားသည့်ကိစ္စများအား အကောင်းဆုံး လုပ်ဆောင်သွားရန်လည်း ရည်ရွယ်ထားကြောင်း အင်ဖန်တီနိုက ပြောကြားခဲ့သည်။

"၂၀၁၈နဲ့၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး သမိုင်းကြောင်းလှအောင်တော့ လုပ်ဆောင်ရပါလိမ့်မယ်"ဟု ၎င်းက ပြောကြားခဲ့သည်။



© Bongarts/Getty Images

# ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲတွင် ပြန်လည်ထိုးသတ်ရန် ပက်ကွီအိုက မေဝဲသားကို စိန်ခေါ်

ဘရာဇီးနိုင်ငံ၊ ရီအိုဒီဂျနေးရိုးမြို့တွင် ယခုနှစ်အတွင်းကျင်းပမည့် အိုလံပစ်ပြိုင်ပွဲတွင် ပြန်လည်ထိုးသတ်ကြရန် ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအိုက အမေရိကန်လက်ဝှေ့ကျော် ဖလွိုက်မေဝဲသားကို ဖိတ်ခေါ်ခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

ပက်ကွီအို၏စိန်ခေါ်မှုအား အပျော်တမ်းအပြည်ပြည်ဆိုင်ရာလက်ဝှေ့အသင်းဥက္ကဋ္ဌ ဒေါက်တာချိင်ကိုဝူးကလည်း လက်ခံသဘောတူခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"အိုလံပစ်ပြိုင်ပွဲဆိုတာ နိုင်ငံတကာက ကစားသမားတွေ လာရောက်ကြတဲ့ပွဲပါ။ အဲဒီလိုပွဲမျိုးမှာ သူတို့လိုအရည်အချင်းတွေနဲ့ပြည့်ဝနေတဲ့ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားတွေ လာရောက်ထိုးသတ်ကြတာကို လူတိုင်းမြင်တွေ့ချင်ကြမှာပါ" ဟု ဝူးက ပြောကြားခဲ့သည်။

ပက်ကွီကိုအနေဖြင့် အဆိုပါအိုလံပစ်ပြိုင်ပွဲတွင် ၎င်းနှင့်ယှဉ်ပြိုင်ထိုးသတ်ရန် မေဝဲသားအားဖိတ်ခေါ်ခဲ့သော်လည်း မေဝဲသားအနေဖြင့်မူ မည်သည့်အကြောင်းတစ်စုံတစ်ရာကိုမှ ပြန်ကြားခြင်းမရှိသေးကြောင်း၊ သို့သော် မေဝဲသား၏ အကျင့်အတိုင်း အနီးကပ်မှသာ အံ့အားသင့်ဖွယ်ရာများကို လုပ်ပြလိမ့်မည်ဟု ထင်မိကြောင်း ဝူးက ပြောကြားခဲ့သည်။

မေဝဲသားသည် ၁၉၉၆ ခုနှစ် အတ္တလန္တာအိုလံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့ပြီးနောက် ကြေးစားလက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့သူဖြစ်သည်။ ၎င်း၏ ကြေးစားလက်ဝှေ့ကစားသမားသက်တမ်းတစ်လျှောက် ရှုံးပွဲမရှိခဲ့ဘဲ နိုင်ပွဲ ၄၉ ပွဲဖြင့် လက်ဝှေ့လောကမှ အနားယူခဲ့သူဖြစ်သည်။ ၎င်းသည် ပက်ကွီအိုကို အမှတ်ဖြင့် အနိုင်ယူခဲ့ပြီးနောက် ၎င်း၏နောက်ဆုံးပွဲတွင် အင်ဒရေဘာတိုကို အနိုင်ယူခဲ့သည်။

# ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများသို့ ပြန်လည်ဝင်ရောက်လာမည့်အချိန်ကို ခန့်မှန်းရခက်နေဟု တိုက်ဂါးဝုဒ်ဆို



အမေရိကန် ဂေါက်သီးချန်ပီယံဟောင်း တိုက်ဂါးဝုဒ်က ၎င်းအနေဖြင့် ဒဏ်ရာပြဿနာများကြောင့် ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့်အချိန်ကို ပြောပြရန်မှာ ခက်ခဲလှကြောင်း ဝန်ခံပြောကြားခဲ့သည်။

နောက်ကျောဒဏ်ရာများကြောင့် ပြိုင်ပွဲများနှင့် ဝေးကွာနေရသလို ဆုဖလားများနှင့်လည်း ဝေးကွာလျက်ရှိသည့် တိုက်ဂါးဝုဒ်သည် ဟွန်ဒါကလပ် စစ်ပြိုင်ပွဲတွင် ၎င်း၏ပြိုင်ဘက်ကစားသမားများအပေါ် အနိုင်မရယူနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်ကတည်းက ကျွန်တော်ကြေညာခဲ့သလို ကောင်းကောင်း ယှဉ်ပြိုင်နိုင်လိမ့်မယ်လို့ထင်ခဲ့တာပါ။ ဒီပြိုင်ပွဲမှာ ပွဲစကတည်းက တကယ့်ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ခဲ့ရတယ်။ စပြီးယှဉ်ရတဲ့သုံးကျင်းမှာကတည်းက အရှုံးနဲ့ ရင်ဆိုင်နေခဲ့ရတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် အားမရခဲ့ဘူး။ ကျွန်တော် ပြန်ပြီး အနားယူရလိမ့်ဦးမယ်လို့ ထင်ပါတယ်။ ဒါပေမယ့် ဘယ်အချိန်ကျမှ ကွင်းထဲကို ပြန်ရောက်လာမလဲဆိုတာတော့ ခန့်မှန်းရခက်ပါတယ်"ဟု ပြောကြားခဲ့သည်။

# အရွယ်မရောက်သေးသည့် မိန်းကလေးငယ်အား အဓမ္မပြုကျင့်ခဲ့သည့် အဒမ်ဂျွန်ဆင်ကို မတ်လကုန်တွင် စီရင်ချက်ချမှတ်မည် ထောင်ဒဏ် လေးနှစ်မှ ၁၀ နှစ်အတွင်း ချမှတ်ခံရနိုင်ဟုဆို

အရွယ်မရောက်သေးသည့် မိန်းကလေးငယ်အား အဓမ္မပြုကျင့်ခဲ့သည့် ဆန်းဒါးလန်းနှင့် အင်္ဂလန်လက်ရွေးစင်အသင်း၏ တောင်ပံကစားသမား အဒမ်ဂျွန်ဆင်ကို ပြစ်မှုထင်ရှားသဖြင့် လာမည့်မတ်လကုန်ပိုင်းတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ဘရက်ဖို့ဒ်ကရောင်းတရားရုံးမှ တရားသူကြီး ဂျွန်နသန်ရှို့စ်က ထုတ်ဖော်ပြောကြားခဲ့သည်။



အဒမ်ဂျွန်ဆင်သည် အရွယ်မရောက်သေးသည့် မိန်းကလေးငယ်နှစ်ဦးအား တက်စ်လေနှင့် ဝင်းဂိတ်ဟူသည့် နေရာနှစ်နေရာတွင် အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်က ၎င်း၏ ကားရပ်နားထားသည့် ကားပါကင်တွင် အသက် ၁၅ နှစ်အရွယ်ရှိ မိန်းကလေးငယ်အား အဓမ္မပြုကျင့်ခဲ့ကြောင်း၊ အဆိုပါ မိန်းကလေးငယ်အား ၎င်း၏ကားပေါ်တွင် ဝင်ရောက်စေခဲ့ပြီး မိန်းကလေးငယ်၏ ကိုယ်ခန္ဓာအနှံ့ပွတ်သပ်ခဲ့ကြောင်း၊ ထို့ပြင် အဆိုပါမိန်းကလေးငယ်အား သဘာဝမကျသည့်နည်းလမ်းများဖြင့်လည်း လိင်ဆက်ဆံရန် ပြုလုပ်ခိုင်းစေခဲ့ကြောင်း အဓမ္မပြုကျင့်ခံခဲ့ရသည့် အဆိုပါမိန်းကလေးငယ်က တရားရုံးတွင် ထွက်ဆိုခဲ့သည်။

ယင်းပြစ်မှုများအတွက် အဒမ်ဂျွန်ဆင်အနေဖြင့်အနည်းဆုံးထောင်ဒဏ် လေးနှစ်မှ အများဆုံး ၁၀ နှစ်အထိ ကျခံရနိုင်ကြောင်း ရဲတပ်ဖွဲ့က သုံးသပ်ခဲ့ကြသည်။

မတ် ၁ ရက်က ဘရက်ဖို့ဒ်ကရောင်းတွင် တရားရင်ဆိုင်ခဲ့သည့်ဂျွန်ဆင်သည် ၎င်း၏အမှုအတွက် ရတက်မအေးရသည့်ပုံစံမျိုးဖြစ်ပေါ်ခဲ့ကာ ခေါင်းငိုက်စိုက်ကျသည်အထိ ဖြစ်ပေါ်ခဲ့ရသည်ဟုဆိုသည်။

အဒမ်ဂျွန်ဆင် အဓမ္မပြုကျင့်ခံခဲ့သည့် မိန်းကလေးက "ဒီရက်တွေဟာ ကျွန်မဘဝရဲ့အဆိုးရွားဆုံးနေ့ရက်တွေပါပဲ။ လူတွေကို ကြောက်လန့်နေခဲ့ရတယ်။ အဆိုးဆုံးကတော့ဆိုရှယ်မီဒီယာတွေပါပဲ။ နေ့တိုင်းလိုလို ကျွန်မကိုလှောင်ပြောင်နေကြသလို ကျွန်မကို မိန်းမပျက်လိုမျိုး ပြောဆိုဆက်ဆံနေကြတယ်"ဟု ရဲတပ်ဖွဲ့သို့ ပြောကြားခဲ့သည်။

# ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ



ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးတင့်ဆန်းနှင့် ဝန်ထမ်းများ၊ ကရင်ပြည်နယ် ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိဦးအေးကို၊ အစားအသောက်နှင့် ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်တို့သည် ဖေဖော်ဝါရီ၂၉ ရက် နံနက် ၉း၃၀ နာရီတွင် ကရင်ပြည်နယ်ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ဆွေးနွေးဟောပြောပွဲသို့ ဘားအံမြို့ရှိ ရပ်ကွက်ကျေးရွာ အုပ်စုအသီးသီးမှ ဒေသခံပြည်သူများ၊ မြို့မဈေးကြီးမှ ဈေးသူဈေးသားများ၊ စုစုပေါင်း ၅၀၀ ခန့်တက်ရောက်ခဲ့ပါတယ်။ယင်း ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ဥပဒေအရာရှိဦးအေးကိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်ပတ်သက်၍ စားသုံးသူ ပြည်သူများ သိရှိစေရန် ဥပဒေဆိုင်ရာအသိ ပညာများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါပုဒ်မများနှင့်ပြစ်မှုများ အကြောင်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြောကြားပါတယ်။

အစားအသောက်နှင့် ဆေးဝါးကျွမ်းကျင် ဒေါ်မွန်မွန်ခိုင်က အစားအသောက်တွင် ဓာတုဆိုးဆေးများ၏ အသုံးပြုမှုများအကြောင်း၊ ဆေးဝါးအတု၊အစစ်များအကြောင်း၊ ဆေးဆိုင်ရောင်းချသူများလိုက်နာရမည့် စည်းမျဉ်းများအကြောင်း၊ တရားမဝင်ရောင်းချနေသော စပ်ဆေးများအကြောင်း၊ အလှကုန်ပစ္စည်းတွင်လည်း ဓာတုပစ္စည်းများ ပိုမိုသုံးထားသည့်အတွက် သုံးစွဲသူများ ထိခိုက်နစ်နာမှုရှိသည့် ပစ္စည်းများကို ဖော်ပြခြင်း၊ မသုံးစွဲကြရန် လမ်းညွှန်မှုများပြုလုပ်ခဲ့ကြောင်း ဆွေးနွေးပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစေရန် စားသုံးသူများအတွက် အကာအကွယ်ပေးနေတဲ့ ဥပဒေရှိနေပြီ ဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများဖြစ်တဲ့အတွက် အသိပညာဗဟုသုတ ဖြန့်ဝေပေးခြင်းလည်း ဖြစ်ကြောင်း၊ စားသုံးသူ၏ အနက်အဓိပ္ပာယ်တွင် မိမိအပါအဝင် ပြည်သူအားလုံးပါဝင်နေကြောင်း၊ ကရင်ပြည်နယ်၏ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များကို ၂၀၁၅-၂၀၁၆ ခုနှစ်ကတည်းက ပြုလုပ်ခဲ့ပြီး ယနေ့အထိ ပြုလုပ်နေဆဲပင်ဖြစ်ကြောင်း၊ နောင်ဆက်လုပ်မည့် လုပ်ငန်းစဉ်များတွင် ပြည်သူများ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်စေလိုကြောင်းပြောကြားခဲ့ပါတယ်။ အဲဒီနောက် တက်ရောက်လာသူများအား စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ကို ဥပဒေစာအုပ်ပေးအပ်ခြင်းနှင့် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုအား ပြန်လည်ရှင်းပြခြင်း၊ ဆွေးနွေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် - ကရင်**

■

# ဒေးဒရဲနှင့် ဖျာပုံမြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေး ဆွေးနွေးပွဲကျင်းပ



ဒေးဒရဲမြို့နယ် (၁) ရပ်ကွက်၊ ဈေးရုံကြီးရှိ ဈေးသူ၊ ဈေးသားများအား ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူးကျင်းပပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းအဖွဲ့တို့သည် ဖေဖော်ဝါရီ၂၁ ရက် မွန်းလွဲပိုင်း၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှာ စားသုံးသူအကာအကွယ် အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

အခမ်းအနားမှာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမင်းသန့်ဇင်က သန့်ရှင်းသော အစားအစာများနှင့် တစ်ကိုယ်ရေ ကျန်းမာရေးအကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်လတ်က စားသုံးရန်မသင့်သော အစားအစာများကို သိရှိလေ့လာကြရန်နှင့် စားသုံးသင့်တဲ့ အစားအစာများကိုသာ ရောင်းဝယ်သင့်ကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာတင့်လွင်က အေးခဲအသားများနှင့် လတ်ဆတ်မှုမရှိတဲ့ အသားငါးများကို ရောင်းခြင်း၊ ဝယ်ခြင်း၊ စားသောက်ခြင်းများ ရှောင်ကြဉ်ရန်လိုကြောင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်မှ FDA မှထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း၊ ဝယ်ယူသုံးစွဲခြင်းများကို သတိနှင့်ယှဉ်၍ ရောင်းဝယ်ကြရန်နှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားပါတယ်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ ၅ ဦး၊ ဈေးကော်မတီ ၆ ဦး၊ ဈေးသူဈေး သား ၆၅ ဦး၊ စုစုပေါင်း ၇၆ ဦး တက်ရောက်ခဲ့ကြပါတယ်။

ဖျာပုံမြို့နယ်(၂)ရပ်ကွက်၊ စည်ပင်သာယာဈေးကြီးရှိ ဈေးသူ၊ဈေးသားများအား စည်ပင်သာယာဈေးခေါင်းရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ၂၆ ရက် မွန်းလွဲပိုင်းက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ စားသုံးသူ အကာအကွယ်အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး၊ ဒေါက်တာသိန်းထွန်းဝင်းက ဆိုးဆေးအန္တရာယ်နှင့် ကင်ဆာရောဂါဖြစ်တတ်သည့်အကြောင်းအရာများ၊ မိမိတို့ရောင်းချသည့် စားသောက်ကုန်များတွင် ဆိုးဆေးပါဝင်သည့် ပစ္စည်းနှင့် မပါဝင်သည့် ပစ္စည်း ယှဉ်တွဲ၍ ရောင်းချသင့်သလို စားသုံးသူများအား ရွေးချယ်ခွင့်ပေးကာ ဆိုးဆေး၏အန္တရာယ် အကြောင်း ရှင်းပြပြီး ရောင်းချသင့်ပါကြောင်း၊ ဆိုးဆေးကြောင့်ဖြစ်တတ်သော နောက်ဆက်တွဲရောဂါများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားပါကြောင်း၊ ဆက်လက်၍ ဈေးတာဝန်ခံဒုတိယဦးစီးမှူး ဦးရဲစိုးထက်က ဈေးသူဈေးသားများအနေဖြင့် စားသုံးရန်မသင့်သော အစားအသောက်များကို ရောင်းဝယ်မှု မပြုကြရန်နှင့် စည်ပင်ဥပဒေရှိသကဲ့သို့ စားသုံးသူကာကွယ်ရေးဥပဒေလည်းထွက်ရှိလာပြီဖြစ်တာကြောင့် နောက်ပိုင်းတွင် ဥပဒေအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကေသွယ်ဝင်းက ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများအကြောင်း စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များအား သိရှိလိုက်နာရန် ရှင်းလင်းပြောကြားသွားပါတယ်။

အခမ်းအနားသို့ ဌာနဆိုင်ရာမှ ခုနစ်ဦး၊ ဈေးသူ၊ ဈေးသား ၄၀ ဦး၊ စုစုပေါင်း ၄၇ ဦးတက်ရောက်ကြပြီး တက်ရောက်လာသူများအား လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

# ဧရာဝတီတိုင်းဒေသကြီး ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သင်တန်းကို မတ်၁ ရက် နံနက်က ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါ သင်တန်းသို့ တိုင်းဦးစီးမှူးများဖြစ်ကြတဲ့ ဦးစိုးအောင်နှင့် ဦးခင်မောင်လှိုင်၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ တိုင်းရုံးဝန်ထမ်း စုစုပေါင်း ၆၂ ဦး တက်ရောက်ခဲ့ပါသည်။ သင်တန်းတွင် ဥပဒေ ပညာရှင် လက်ထောက်ဥပဒေအရာရှိ(ငြိမ်း) ဦးမောင်ဦးက ဥပဒေပြဋ္ဌာန်းရခြင်းသည် နိုင်ငံတော်နှင့် ပြည်သူ/ ပြည်သားများ အကျိုးစီးပွားအတွက်ဖြစ်ကြောင်း၊ သတင်းစာ၊ ဂျာနယ်များထဲတွင် ဆိုးဆေးအန္တရာယ်များ ပါဝင်နေတဲ့ အစားအသောက်များ တွေ့ရှိရပါကြောင်း၊ မြန်မာ့ရေချိုငါးပိများတွင် ယူရီးယားဓာတ်မြေဩဇာများနဲ့ ဆိုးဆေးများ ပါဝင်နေတဲ့ အတွက် အန္တရာယ်များဖြစ်ပေါ်လာရပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေအားလုံးကို ဥပဒေကြမ်း၊ ဥပဒေပြုကော်မတီများနှင့် စိစစ်ပြီး ပြင်ပဥပဒေပညာရှင်များခေါ်ယူ၍ အကြံဉာဏ်တောင်းခြင်း၊ ဌာနဆိုင်ရာသို့ခေါ်ယူမေးမြန်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြခြင်း၊ အများပြည်သူအကျိုးဖော်ဆောင်ပေးခြင်းများ ပြုလုပ်ရပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် အခန်း ၁၂ ခန်း၊ ဥပဒေပုဒ်မ(၃၁)အထိ ပါဝင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲများ ပြုလုပ်လျက် ပညာပေးကာလအဖြစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၉)မှ (၁၄)ထိသည် ပြစ်မှုပြစ်ဒဏ်များတွင်ပါဝင်နေကြောင်း၊ ဗဟိုကော်မတီအစည်းအဝေးကို နှစ်ကြိမ် ခေါ်ယူပြီး ဖြစ်ပါကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က ပညာပေးဟောပြောပွဲများ၊ တွေ့ဆုံပွဲများ ပြုလုပ်ရမည့်အပြင် ကွင်းဆင်းစစ်ဆေးရန်လိုအပ်ပါကြောင်း၊ ရန်ကုန်၊ မန္တလေး၊ ဧရာဝတီတိုင်း များသည် အဓိကတိုင်းများဖြစ်ပြီး နယ်စပ်ဂိတ်များကိုလည်း စစ်ဆေးနေပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာမှာ (Focal) ဌာနဖြစ်တဲ့တွက် အားလုံးပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ခရိုင်ဦးစီးမှူးများ၏ ဆွေးနွေးတင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင် - ပုသိမ်**

# ရန်ကင်းမြို့နယ် မြို့မဈေးတွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့်ပူးပေါင်း၍ စားသုံးသူပြည်သူများအား စားသုံးကုန်များ၊ လူသုံးကုန်များနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ရောင်းချဝယ်ယူ စားသုံးမှုများပြုလုပ်ရာတွင် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ ဝယ်ယူသုံးစွဲတတ်စေရန်နှင့် လိမ်လည်လှည့်ဖြားမှု မခံကြရစေရန် ကျောင်းများ/ဈေးများ၊ စက်မှုဇုန်များ၊ ကုန်စည်ဒိုင်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ မတ် ၁ ရက် နံနက် က ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြို့မဈေး၌ စားသုံးသူအကာအကွယ်ပေးရေး အသိ ပညာပေးဆွေးနွေးဟောပြောပွဲပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးနန်းဦးနှင့် ဌာနစုမှူး ဒေါ်ခင်ခင်ကြည်တို့က လူ့ဘဝတွင် စားဝတ်နေရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပြီး အစားအစာသည် အခြေခံအကျဆုံးဖြစ်သဖြင့် ဘယ်လိုနေထိုင်စားသောက်ရမည်ကို သိရှိဖို့လိုအပ်ကြောင်း ၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ထွက်ရှိပြီးဖြစ်၍ ဥပဒေကို ချိုးဖောက်လျှင် ပြစ်ဒဏ်များ ဘယ်လိုခံရမယ်ဆိုတာတွေကို သိရှိလိုက်နာစေလိုကြောင်း၊ ဈေးရောင်းသူလည်း စားသုံးသူသာဖြစ်တဲ့အတွက် စေတနာထား၍ ရောင်းချစေလိုကြောင်း၊ လူတိုင်း လူတိုင်း ကြိုက်တာကိုမစားဘဲ တည့်တာကိုပဲ စားစေလိုကြောင်း၊လူတို့နေ့စဉ်စားသုံးနေကြသည့် အစားအစာတို့မှာ သဘာဝအတိုင်း မဟုတ်တော့ဘဲ အတုကမ္ဘာကြီးအဖြစ်သို့ ရောက်ရှိနေပြီဖြစ်၍ ကိုယ့်အသိသည် အရေးကြီးသောကြောင့် အသိရှိစေရန် စာများများဖတ်စေလိုပြီး ရောဂါကို ပိုက်ဆံပေးပြီး ဝယ်မစားကြရန် အဖွင့်အမှာစကားပြောကြားပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စား သုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံး သူအကာ အကွယ်ပေးရေး ဥပဒေကို ၁၉၆၀ ပြည့်နှစ်မှစ၍ ဥရောပ တိုက်နှင့် မြောက်အမေရိကတိုက်တို့တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၇၀ နောက်ပိုင်းနှစ်များမှစ၍ ကုလသမဂ္ဂသို့ တောင်းဆိုမှုများကြောင့် စားသုံးသူအကာအကွယ်ပေးရေးမူဝါဒဆိုင်ရာ အနှစ်ချုပ်ဖြစ်သော နယ်ပယ်ရှစ်ခုကို လမ်းညွှန်ခဲ့ကြောင်း၊ ယင်းနယ်ပယ်ကြီး ရှစ်ခုကို အခြေခံ၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ထည့်သွင်းရေးဆွဲခဲ့ပါကြောင်း၊အချို့အိမ်နီးချင်းနိုင်ငံများရှိစာသင်ကျောင်းများတွင် သင်ရိုးညွှန်းတမ်းအဖြစ်ထည့်သွင်းသင်ကြား ပေးကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်၌ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေသည် စားသုံးသူများဘက်သို့ လည်းကောင်း၊ ထုတ်လုပ်ရောင်းချသူများဘက်သို့ လည်းကောင်း ဘက်မလိုက်ဘဲ စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာ အကာအကွယ်ပေးပြီး နိုင်ငံ၏ ထုတ်လုပ်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက် အောင် ပြုလုပ်ပေးသည့်ဥပဒေဖြစ်ပါကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းထားရှိကြောင်း၊ တိုင်ကြားမှုများရှိပါက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားနိုင်ပါကြောင်း၊ ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ထက်သစ္စာခိုင်က စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများတွင် Brand Name ၊ Net Weight ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲများ ဖော်ပြပါရှိရမှာဖြစ်ကြောင်း စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများကို မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးမှုများပြုလုပ်ကာ သုံးစွဲရန်မသင့်ပါက နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) ရန်ကင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသစ်မောင်မောင်က အစားအစာများတွင် ဘေးအန္တရာယ်ဖြစ်နိုင်သည့် ဆိုးဆေးများနှင့် ပူလောင်နေသည့်အစားအစာများကို ပလတ်စတစ်အိတ်ဖြင့် ထုတ်ပိုးခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း၊ မှိုတက်နေသောအစားအစာများသည် လူကိုဒုက္ခပေးနိုင်ဆုံးဖြစ်ပြီး လူသားတိုင်းသည် အသက်ရှင်ဖို့စားသောက်ကြရာတွင် အစားအသောက်ကို ဂရုတစိုက် ရွေးချယ်စားသောက်စေလိုကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး၊ ဦးမင်းသိန်းက ဟောပြောဆွေးနွေးရာတွင် မိမိတို့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများရရှိစေရန် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဟောပြောဆွေးနွေးပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာလည်း တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဈေးသူ/ဈေးသားများအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်လာပြီး စားသုံးသူ၏အခွင့်အရေးများကို ရယူနိုင်ခြင်း၊ လိုက်နာခြင်းတို့ ဆောင်ရွက်နိုင်စေရန်၊ ဈေးရောင်းချသည့် ဈေးသူ/ဈေးသားများအနေဖြင့်လည်း ဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ တားမြစ်ချက်များကိုသိရှိပြီး မိမိတို့အပိုင်းမှ လိုက်နာဆောင်ရွက် ပေးရမည့်ကိစ္စရပ်များကို လိုက်နာဆောင်ရွက်ပေးရန်နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသူ တစ်ဦးက စားသုံးသူများကို ရေရှည်တွင် ကျန်းမာရေးထိခိုက်စေနိုင် မည့် ပလတ်စတစ်အိတ်နှင့် ဆိုးဆေးတို့ကို ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံများကို ပိတ်သိမ်းလျှင် ကောင်းမွန်နိုင်ပါကြောင်း ဆွေးနွေးခဲ့ရာ ရန်ကင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာသစ်မောင်မောင်က စက်ရုံများ ပိတ်သိမ်းခြင်းလုပ်ငန်းမှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် မသက်ဆိုင်ကြောင်း၊ ပူလောင်သည့်အစားအစာများကို ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထည့်သွင်းစားသောက်ပါက အန္တရာယ်ရှိနိုင်သဖြင့် အသုံးမပြုရန် ပညာပေးခြင်းဖြစ်ပြီး အခြားနေရာများတွင် အသုံးပြုနိုင်ကြောင်း၊ ဆိုးဆေးတွင် ခွင့်ပြုဆိုးဆေးကို သတ်မှတ်သည့်နေရာတွင် အသုံးပြုနိုင်ကြောင်း၊ ခွင့်မပြုဆိုးဆေး အသုံးပြုထားသည့် အစားအစာများ စားသုံးမိပါက ရရှိလာနိုင်သည့် ဆိုးကျိုးများကို သိရှိနားလည်ပြီး အသိပညာဗဟုသုတရှိစွာဖြင့် စားသုံးရန် အသိပညာပေးခြင်းဖြစ်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ရန်ကင်းမြို့နယ် စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးနန်းဦးက လူသုံးကုန်ပစ္စည်းဖြစ်သည့် (ဟန်းဆက်) ဝယ်ယူရာတွင် စားသုံးသူများမှ လိမ်လည်လှည့်ဖြားမှုခံရလျှင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အရေးယူဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ စားသုံးသူများ၏နစ်နာမှုများကို တိုင်ကြားခဲ့လျှင် ဌာနမှ အရေးယူဆောင်ရွက်ပေးမည့် အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူများအနေဖြင့် မိမိဝယ်ယူမည့်ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များကို ပြည့်စုံစွာသိရှိအောင် မေးမြန်းဝယ်ယူပြီး ဆုံးရှုံးနစ်နာမှုရှိလာပါကလည်း အချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့်တိုင်ကြားလာလျှင် ဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူ၊ ရန်ကင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်၊ တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဌာနစုမှူး၊ ရန်ကင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရန်ကင်းမြို့နယ်အတွင်းရှိ မြို့မဈေး၊ စံပြရန်ကင်းဈေး၊ ဘောက်ထော်ဘုတာဈေး၊ ကံဘဲ့ဘူတာဈေးတို့မှ ဈေးတာဝန်ခံများ၊ တာဝန်ရှိသူများ၊ ဈေးမိ/ဈေးဖများ ၊ မြို့မဈေးအတွင်းဈေးရောင်းချနေသည့် ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၀၅ ဦး တက်ရောက်ခဲ့ပြီး ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သူများအား "စားသုံးသူပြည်သူများအန္တရာယ်ကင်းစေဖို့သတိပြုလိုက်နာဆောင်ရွက်စို့" စာတန်းပါ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ပြီး ဟောပြောပွဲကျင်းပခဲ့သည့် ရန်ကင်းမြို့နယ် မြို့မဈေးတွင် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါး၊ သား/ငါး၊ ဟင်းသီး ဟင်းရွက်များ ရောင်းချသည့်ဈေးဆိုင်ခန်း စုစုပေါင်း ၇၃၃ ခန်းရှိပါကြောင်း သတင်းရရှိပါသည်။

**လဲ့လဲ့ငွေး (စားသုံးသူ)ရန်ကုန်**



Organizations News
Vol: 16, No.10 Monday March 7 2016

# ကမ္ဘာ့စီးပွားရေး နာလန်ထူစေဖို့အတွက် "မူဝါဒလက်နက် ကိရိယာ အားလုံး" အသုံးပြုရန် ဂျီ-၂၀ နိုင်ငံတွေက ကတိပြု

မညီမညာ တိုးတက်ဖွံ့ဖြိုးနေဆဲဖြစ်တဲ့ ကမ္ဘာ့စီးပွားရေး ခိုင်မာစေဖို့အတွက် ငွေကြေး၊ ဘဏ္ဍာရေးနဲ့ ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာတို့ အပါအဝင် မူဝါဒ လက်နက်ကိရိယာအားလုံးကို အသုံးပြုသွားဖို့ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံတွေက ဖေဖော်ဝါရီ ၂၇ ရက်က ကတိပြုခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

"ကမ္ဘာ့စီးပွားရေးက ဆက်လက်နာလန်ထူနေပါတယ်။ ဒါပေမယ့် ဒီတိုးတက်မှုက မညီမညာရှိနေဆဲဖြစ်ပြီး ခိုင်မာတည်တံ့ပြီး ညီညွတ်မျှတတဲ့ တိုးတက်မှုအတွက် ဆောင်ရွက်ဖို့ ရည်မှန်းချက်ကနည်းပါးနေဆဲ ဖြစ်ပါတယ်"လို့ ရှန်ဟဲမြို့မှာ ကျင်းပခဲ့တဲ့ ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများရဲ့ အစည်းအဝေးအပြီးမှာ ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

မတည်ငြိမ်ခြင်း၊ ကုန်စည်ဈေးနှုန်းများ ကျဆင်းမှု၊ ပထဝီနိုင်ငံရေးတင်းမာမှုများ ကြီးထွားလာခြင်း၊ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ဖို့ ပြင်ဆင်လာခြင်းနဲ့ ဥရောပမှာ ဒုက္ခသည်ဦးရေမြင့်မားလာခြင်းတို့ကို ကမ္ဘာ့စီးပွားရေး မတည်မငြိမ်မှုရဲ့ အဓိကအကြောင်းအရင်းများအဖြစ် မူဝါဒရေးဆွဲသူတို့က သုံးသပ်ကြပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ဖို့အတွက် ငွေကြေးမူဝါဒတွေက စီးပွားရေးလုပ်ငန်းတွေကို ဆက်လက်အထောက်အပံ့ပေးပြီး ဈေးနှုန်းတည်ငြိမ်မှုကို အာမခံချက်ပေးနိုင်ရပါမယ်။ ဒါပေမယ့် ငွေကြေးလက်နက်ကိရိယာတစ်ခုတည်းနဲ့တော့ ချိန်သားညီတဲ့ဖွံ့ဖြိုးမှုကို မရနိုင်ကြောင်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

"ဖွံ့ဖြိုးမှုခိုင်မာဖို့၊ အလုပ်အကိုင်ဖန်တီးဖို့နဲ့ ယုံကြည်မှုရဖို့အတွက် ငွေကြေးမူဝါဒကို ကျင့်သုံးတဲ့အခါ အဲဒီမူဝါဒကို ပြောင်းလွယ်ပြင်လွယ် ဖြစ်အောင် ကျွန်တော်တို့ကျင့်သုံးရပါမယ်"လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ အဖွဲ့ဝင်နိုင်ငံက ငွေကြေးတန်ဖိုးအပြိုင်ချတာကို ရှောင်ကြဉ်ဖို့ နဲ့ ယှဉ်ပြိုင်မှုအတွက် ရည်ရွယ်ပြီးငွေလဲလှယ်နှုန်းကို မသတ်မှတ်ဖို့အပါအဝင် ယခင်ကထားရှိခဲ့တဲ့ ကတိကဝတ်တွေကို အဖွဲ့ဝင်နိုင်ငံတွေက ထပ်မံအတည်ပြုခဲ့ပါတယ်။

## ဒဗလျူတီအိုသို့ အီရန်နိုင်ငံ ဝင်ရောက်နိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံက ထောက်ခံပေးမည်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ အီရန်နိုင်ငံ ဝင်ရောက်နိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံက ထောက်ခံပေးသွားမယ်လို့ အီရန်စက်မှု၊ သတ္တု၊ လယ်ယာစိုက်ပျိုးရေးနဲ့ ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ မိုဆန်း ဂျာလာပူဝါး နဲ့ ဆွစ်ဇာလန်သမ္မတ ဂျိုဟန်းရှနေဒါးအမ်မန်းတို့ တီဟီရန် မြို့မှာ တွေ့ဆုံစဉ်ပြောကြောင်း တီဟီရန်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ရှနေဒါးအမ်မန်းက ကုမ္ပဏီကြီး ၄၀ ဝန်းကျင်ပါဝင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပြီးတီဟီရန်ကို ရောက်ရှိနေတာဖြစ်ပါတယ်။ ကိုယ်စားလှယ်အဖွဲ့မှာ ရေကြောင်းသယ်ယူပို့ဆောင်ရေး၊ သံမဏိလုပ်ငန်း၊ လေကြောင်းသွားလာရေး၊ ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ မော်တော်ကားလုပ်ငန်းစတဲ့ နယ်ပယ်စုံမှ ပါဝင်ပါတယ်။ အလားတူဆေးဝါးနဲ့ အလှကုန်ပစ္စည်းထုတ်လုပ်သူတွေပါဝင်သလို ခါတ်ငွေ့တာဘိုင်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုနဲ့ မီးရထားလမ်းလုပ်ငန်းယန္တရား ဆောင်ရွက်သူတွေလည်း ကိုယ်စားလှယ်အဖွဲ့မှာ ပါဝင်ပါတယ်။

"အီရန်နိုင်ငံအနေနဲ့ ဒဗလျူတီအိုအပါအဝင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး အဖွဲ့အစည်းတွေမှာ ပါဝင်သင့်ပါတယ်။ ကျွန်တော်တို့လည်း ဒီကိစ္စအတွက် ထောက်ခံပေးမှာ ဖြစ်ပါတယ်"လို့ ဆွစ်ဇာလန်သမ္မတက ပြောပါတယ်။

ပူးတွဲဘက်စုံရှေ့လုပ်ငန်းစဉ် (Joint Comprehensive Plan of Action) ကို အကောင်အထည်ဖော်ခြင်းနဲ့ အီရန်နိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းဖြင့် အီရန်နိုင်ငံရဲ့ စီးပွားရေးကို တိုးချဲ့ဖို့အခွင့်အလမ်းတွေရရှိစေမှာ ဖြစ်ကြောင်းနဲ့ အနာဂတ်ကာလမှာ အီရန်နိုင်ငံမှာ ဆွစ်ဘဏ်လုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားကြောင်း သူကပြောပါတယ်။

အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများက အီရန်နဲ့ ဆွစ်ဇာလန်တို့ရဲ့ ကုန်သွယ်မှုကိုမြှင့်တင်ပေးလိမ့်မယ်လို့ ယူဆကြောင်းတွေ့ဆုံဆွေးနွေးပွဲမှာ ဂျာလာပူးဝါးက ပြောပါတယ်။ ဆေးဝါး၊ သဘာဝပတ်ဝန်းကျင်၊ အစာစားနဲ့ ရေလုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

## အာဆီယံပေါင်းစည်းရေးမှရရှိမည့် အခွင့်အလမ်းများကို ရယူနိုင်ရန် ဗီယက်နမ်အက်စ်အမ်အီးတို့ ပြင်ဆင်



ဟွန်ဖတ်ကုမ္ပဏီက ပလပ်စတစ်ပစ္စည်းများထုတ်လုပ်တဲ့ စက်ရုံကို အပြီးသတ်ဆောက်လုပ်ပြီးတဲ့နောက် ကုန်ထုတ်လုပ်မှုချဲ့ထွင်ဖို့အတွက် ခေတ်မီစက်ယန္တရားများကို အလျင်အမြန်မှာယူခဲ့ပါတယ်။ အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်ပြီး ဒေသတွင်းမှာရှိတဲ့ တခြားနိုင်ငံတွေက ထုတ်လုပ်သူတွေနဲ့ ယှဉ်ပြိုင်နိုင်မယ်ဆိုရင် အဆမတန် ရောင်းအားတိုးတက်လာနိုင်တယ်လို့ ကုမ္ပဏီညွှန်ကြားရေးမှူး ငုယင်ဟန်းကပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ဖွဲ့စည်းမှုနဲ့ ဗီယက်နမ်နိုင်ငံက ချုပ်ဆိုထားတဲ့ လွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်များကြောင့် ပို့ကုန်အခွင့်အလမ်းတွေရရှိလာသလို ပြည်တွင်းဈေးကွက်မှာပင်ကြီးမားတဲ့ယှဉ်ပြိုင်မှုတွေနဲ့ ရင်ဆိုင်လာရကြောင်း ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုစာစောင်နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ သူကပြောပါတယ်။

"အခွင့်အလမ်းတွေကို အရအမိဖမ်းယူပြီး စိန်ခေါ်မှုတွေကို အောင်နိုင်ဖို့အတွက် ကုန်ထုတ်လုပ်မှုနှုန်းကို ချဲ့ထွင်နိုင်အောင် ကျွန်တော်အများကြီးသုတေသနပြုခဲ့ပါတယ်။ ဈေးကွက်ထဲမှာ ခြေချနိုင်ဖို့နဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်"လို့ သူကပြောပါတယ်။

နိုင်ငံခြားအထည်ချုပ်ကုမ္ပဏီအတွက် ၁၀ နှစ်ခန့် အလုပ်လုပ်ပေးခဲ့သူတစ်ဦးဖြစ်တဲ့ ဟောင်သန်းသိုင်က ၂၀၁၂ ခုနှစ်မှာ လုပ်သား ၂၀ နဲ့ သူမကိုယ်ပိုင် လုပ်ငန်းတစ်ခု ထူထောင်ပါတယ်။ နောက်နှစ်နှစ်အကြာမှာ ဗီယက်နမ်နိုင်ငံက ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု (TPP) နဲ့ အေအီးစီ ဖွဲ့စည်းရေးအတွက် ပြင်ဆင်လာချိန်မှာ လုပ်ငန်းချဲ့ထွင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ယခုအခါမှာ သူမကုမ္ပဏီက ကျွမ်းကျင်လုပ်သား ၁၀၀ လောက်နဲ့ လုပ်ငန်းလည်ပတ်နေပါပြီ။ TPP ကြောင့် ဂျပန်နိုင်ငံသို့ ပို့ကုန်တွေ မြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေ ပေါ်လာကြောင်းနဲ့ ထုတ်လုပ်မှုချဲ့ထွင်ဖို့အတွက် ခေတ်မီစက်ကိရိယာနဲ့ ယန္တရားတွေဝယ်ယူတော့မှာဖြစ်ကြောင်း ပြောပါတယ်။

အထည်ချုပ် လုပ်ငန်းအပြင် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နေတဲ့ သစ်ပြုပြင်ထုတ်လုပ်ရေး လုပ်ငန်းတွေကလည်း အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းမှုကြောင့် အကျိုးဖြစ်ထွန်းနိုင်ပါတယ်။

## တောင်တရုတ်ပင်လယ်အငြင်းပွားမှု ကိစ္စအတွက် စိုးရိမ်ကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ထုတ်ဖော်ပြောကြား

အငြင်းပွားလျက်ရှိတဲ့ တောင်တရုတ်ပင်လယ်ဒေသမှာ မကြာသေးမီကဖြစ်ပေါ်ခဲ့မှုများနဲ့ ပတ်သက်ပြီး "လွန်စွာစိုးရိမ်ပူပန်"ကြောင်းနဲ့ ဒီပြဿနာကို တရုတ်နိုင်ငံနဲ့ တွေ့ဆုံဆွေးနွေးဖို့ နည်းလမ်းရှာသွားမှာဖြစ်ကြောင်း အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများက ဖေဖော်ဝါရီ ၂၇ ရက်ကပြောကြောင်း အင်ကွာရာသတင်းမှာ ဖော်ပြပါတယ်။

လာအိုမြို့တော် ဗီယန်ကျန်းမြို့မှာ ကျင်းပတဲ့ နှစ်ပတ်လည် အစည်းအဝေးအပြီးမှာ ယခုကဲ့သို့ ပြောဆိုခဲ့ပြီး ဒေသတွင်းမှာငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းမှုရဲ့အရေးပါပုံကိုထပ်မံအတည်ပြုခဲ့ပါတယ်။ မဟာဗျူဟာအရ အရေးပါတဲ့ တောင်တရုတ်ပင်လယ်ပြင်က နယ်မြေပိုင်နက်အငြင်းပွားမှုရဲ့ ဗဟိုအချက်အချာမှာတည်ရှိနေပြီး အငြင်းပွားမှုထဲမှာ တရုတ်နိုင်ငံက တစ်ဖက်နဲ့ ဗီယက်နမ်၊ ဖိလစ်ပိုင်နဲ့ မလေးရှားအပါအဝင် အာဆီယံနိုင်ငံများက တစ်ဖက်ပါဝင်လျက်ရှိနေပါတယ်။

၂၀၁၃ ခုနှစ်မှာ တရုတ်နိုင်ငံက မြေယာဖော်ထုတ်မှုတွေ အကြီးအကျယ် စတင်ဆောင်ရွက်ချိန်မှ စပြီးတင်းမာမှုတွေ ပိုမိုပြင်းထန်လာပါတယ်။ မကြာသေးမီက တွေ့ရှိရတဲ့ ဂြိုလ်တုဓာတ်ပုံတွေအရ တရုတ်နိုင်ငံက ပရာဆဲလ်ကျွန်းရှိ အငြင်းပွားလျက်ရှိတဲ့နယ်မြေမှာ မြေပြင်မှ ဝေဟင်ပစ်ဒုံးပျံတွေ တပ်ဆင်ထားတာတွေ့ရတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ အဲဒီဒေသကို စစ်ဒေသအဖြစ်ဖန်တီးနေတယ်ဆိုတဲ့ စွပ်စွဲမှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အနေဖြင့် မကြာသေးမီက အဖြစ်အပျက်များနဲ့ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်ရပ်တွေအတွက် စိုးရိမ်မကင်းဖြစ်မိကြောင်းနဲ့ မြေယာဖော်ထုတ်မှုနဲ့ တောင်တရုတ်ပင်လယ်တွင်းရှိ အခြားလုပ်ဆောင်မှုများနဲ့ ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံတချို့ရဲ့ စိုးရိမ်ပူပန်မှုကို မှတ်တမ်းတင်ကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။

ယခုလို ဆောင်ရွက်မှုတွေကြောင့် ယုံကြည်ကိုးစားမှုကိုပျက်ပြားစေပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ တည်ငြိမ်မှုကို ကျဆင်းစေနိုင်ကြောင်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

အစည်းအဝေးတွင် ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားကင်းစင်ရေး၊ အစ္စလာမ်အစွန်းရောက်ဝါဒ ဆန့်ကျင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ပါတယ်။ ဒါ့ပြင် ၂၀၁၅ ခုနှစ်အကုန်မှာ အကောင်အထည်ဖော်ခဲ့တဲ့ အာဆီယံစီးပွားရေးအသိုက်အဝန်းအရ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ၂၀၁၃ ခုနှစ်က ဖိလစ်ပိုင်၌ စီမံခန့်ခွဲမှုအတိုင်ပင်ခံတို့ လစာကောင်း

၂၀၁၃ ခုနှစ်က စာရင်းအရ ဖိလစ်ပိုင်နိုင်ငံတွင် သိပ္ပံနည်းပညာနဲ့ စီးပွားရေးလုပ်ငန်းကဏ္ဍရှိ စီမံခန့်ခွဲမှုအတိုင်ပင်ခံ (Management Consultant) တို့မှာ လစာအမြင့်ဆုံးရရှိခဲ့သော ပညာရှင်များဖြစ်ကြောင်း ဖီးလ်စတားသတင်းမှာ ဖော်ပြပါတယ်။ သူတို့နောက်လစာကောင်းရသူများမှာ ကုမ္ပဏီရုံးချုပ်မှာ လုပ်ငန်းဆိုင်ရာများကို ကိုင်တွယ်ဖြေရှင်းရသူတို့ဖြစ်ကြောင်း ဖိလစ်ပိုင်စာရင်းအင်းရုံး (Philipping Statitsics Authority-PSA) ရဲ့ အစီရင်ခံစာမှာ ဖော်ပြပါတယ်။

အသက်မွေးဝမ်းကျောင်း၊ သိပ္ပံပညာနဲ့ နည်းပညာဆိုင်ရာလုပ်ငန်းများနဲ့ ပတ်သက်တဲ့ နှစ်ပတ်လည်စစ်တမ်းကိုကောက်ယူပြီး ၂၀၁၃ ခုနှစ် ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းနှစ်ပတ်လည်စစ်တမ်းကို ဖေဖော်ဝါရီ ၂၆ ရက်က ထုတ်ပြန်ခဲ့ ပါတယ်။ အဲဒီအဖွဲ့အနေနဲ့ အသက်မွေးဝမ်းကျောင်း၊ သိပ္ပံပညာနဲ့ နည်းပညာဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ပြီး အနည်းဆုံးဝန်ထမ်း ၂၀ ရှိတဲ့ စီးပွားရေး လုပ်ငန်း ၈၇၅ ခုကို နမူနာအဖြစ် စစ်တမ်းကောက် ယူခဲ့ပါတယ်။ သိပ္ပံနဲ့ နည်းပညာကဏ္ဍရှိဝန်ထမ်းများ အနက် စီမံခန့်ခွဲမှုအတိုင်ပင်ခံလုပ်ငန်းကိုဆောင်ရွက် နေတဲ့ ပညာရှင်များက လစာအများဆုံးရရှိနေကြောင်း တစ်နှစ်ကို ပီဆို ရှစ်သိန်းအထိရရှိကြောင်း စစ်တမ်းအရ သိရပါတယ်။

ဌာနချုပ်ရုံးများမှာ လုပ်ငန်းတာဝန်များကို ကိုင်တွယ်ဖြေရှင်းနေရတဲ့ ပညာရှင်များက တစ်နှစ်ကို လစာငွေ ၇၁၃၉၀၀ ပီဆို ရရှိပါတယ်။ သတင်းနဲ့ အချက်အလက်နည်းပညာကဏ္ဍအတွက် သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်နေသူတွေက နှစ်စဉ်ဝင်ငွေ ပီဆို ၅၈၂၉၀၀ ရရှိပါတယ်။ စာရင်းကိုင်၊ စာရင်းထိန်း၊ စာရင်းစစ်နဲ့ အခွန်အတိုင်ပင်ခံတွေရဲ့ လစာက ပျမ်းမျှ ၅၇၅၈၀၀ ပီဆိုရရှိပါတယ်။ ဗိသုကာ၊ အင်ဂျင်နီယာတွေက တစ်နှစ် ပျမ်းမျှလစာပီဆို ၄၄၀၂၀၀ အောက် ရရှိပါတယ်။

အသက်မွေးဝမ်းကျောင်း သိပ္ပံပညာနဲ့ နည်းပညာကဏ္ဍ စီးပွားရေးလုပ်ငန်းအများစုက မနီလာမြို့ထဲမှာရှိပြီး စီးပွားရေးလုပ်ငန်းပေါင်း ၇၃၅ ခုရှိပါတယ်။ အဆိုပါလုပ်ငန်းတွေအနက် ဗိသုကာနဲ့ အင်ဂျင်နီယာလုပ်ငန်းတွေမှာ လုပ်ကိုင်နေသူက အများဆုံးဖြစ်ပြီး လုပ်သားအင်အား ၂၄၅၇၂ ဦးရှိပါတယ်။

# စင်ကာပူနိုင်ငံသား တစ်ဝက်နီးပါးက ဘွဲ့လွန်ပညာ ဆက်လက်သင်ကြားလို




စင်ကာပူတွင် ကောက်ခံထားသော စစ်တမ်းအရစင်ကာပူနိုင်ငံသား သုံးယောက်အနက် နှစ်ယောက်က ကျောင်းစာပြင်ပ သင်တန်းများကို ဆက်လက်တက်ရောက်ချင်တဲ့ ဆန္ဒရှိပြီး တစ်ဝက်နီးပါးက ဘွဲ့လွန်ဒီဂရီရရှိတဲ့အထိ ပညာသင်ယူလိုကြကြောင်း စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

စင်ကာပူနိုင်ငံသားတွေက သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း တိုးတက်ရေးနဲ့ အလုပ်အကိုင်ရရှိနိုင်မယ့် အခြေအနေတွေအတွက် စိုးရိမ်ပူပန်မှုတွေ ရှိနေကြကြောင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ Career Builder Sigapore ရဲ့စစ်တမ်းမှာတွေ့ရပါတယ်။ ဒီလို ဆောင်ရွက်ထားခြင်းအားဖြင့် သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း အလားအလာကို တိုးမြှင့်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ကြကြောင်း အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ကြားဖို့ စီစဉ်ဆောင်ရွက်နေသူ အများစုက ပြောပါတယ်။ ဒီလိုဆက်တက်ရောက်လိုတဲ့ ပညာရေးအစီအစဉ်တွေမှာ အများစုက စီးပွားရေးလုပ်ငန်းနဲ့ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်တွေ ဖြစ်ပါတယ်။

"စီးပွားရေးလုပ်ငန်းနဲ့ ဆက်နွယ်နေတဲ့ သင်တန်းတွေကို လူကြိုက်များရတဲ့ အကြောင်းရင်းက စင်ကာပူနိုင်ငံမှာ ဘဏ်ပေါင်း ၂၀၀ ကျော်လာရောက်ပြီးအခြေစိုက်လုပ်ကိုင်နေကြတဲ့အတွက် စင်ကာပူနိုင်ငံက ဘဏ္ဍာရေးအချက်အချာဒေသတစ်ခု ဖြစ်နေလို့ပါ"လို့ Career Builder Sigapore ရဲ့ ညွှန်ကြားရေးမှူး ဂျက်စီကာအန်းက ပြောပါတယ်။

စီးပွားရေးဆိုင်ရာသင်တန်းတွေကို တက်ရောက်ထားခြင်းအားဖြင့် နေ့စဉ်လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်တဲ့အခါသို့မဟုတ် တခြားလုပ်ငန်းတစ်ခုကိုပြောင်းလဲလုပ်ကိုင်လိုတဲ့ အခါ သူတို့အတွက် အဖိုးတန်ကျွမ်းကျင်မှု အရည်အသွေးတွေကို ရနိုင်လိမ့်မယ်လို့ စင်ကာပူနိုင်ငံသားတွေက ယုံကြည်ထားကြောင်း သူကပြောပါတယ်။

အဲဒီစစ်တမ်းကို ၂၀၁၅ ခုနှစ် နိုဝင် ဘာ ၄ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ စင်ကာပူနိုင်ငံသား ၂၉၃၂ ဦးရဲ့ သဘောထားများကို ကောက်ယူခဲ့တာ ဖြစ်ပါတယ်။ စစ်တမ်းအရ အဆင့်မြင့်ပညာရေးသို့မဟုတ် သင်တန်းများ ဆက်လက် တက်ရောက်လိုသူက ၇၃ ရာခိုင်နှုန်းရှိပြီး ဘွဲ့လွန် ဒီဂရီရယူလိုသူက ၄၅ ရာခိုင်နှုန်းရှိ ပါတယ်။

# အက်စ်အမ်အီးများကို ကူညီရန်အတွက် ထိုင်းအစိုးရကပြပွဲနှစ်ပွဲ ကျင်းပပေးမည်

အသစ်တည်ထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ထုတ်ကုန်များရောင်းချရာမှာ အကူအညီများပေးနိုင်ရန်အတွက် ထိုင်းအစိုးရက ကုန်စည်ပြပွဲတစ်ခုဖြစ်တဲ့ "Start-Up-Fair" ကို ပြသရန် စီစဉ်လျက်ရှိကြောင်းနဲ့ ထိုပြပွဲမှာ ပါဝင်နိုင်ဖို့ အတွက် နိုင်ငံတစ်ဝန်းရှိ လုပ်ငန်းသစ်များကို အစိုးရက ဖိတ်ကြားသွားမှာဖြစ်ကြောင်း ကုန်သွယ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ပရာချာရပ်စီမံကိန်းဥက္ကဋ္ဌဖြစ်သူ အစ္စရာဗွန်ကူဆွမ်ကစ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။ ကျင်းပမယ့်နေရာနဲ့ ကျင်းပမယ့်နေ့ရက်ကိုမကြာမီကြေညာပေးမှာ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံပွဲ ဖြစ်တဲ့ "Business Matching" အခမ်းအနားကို ဧပြီ ၂၆ ရက်မှာ ဗန်ကောက်ကွန်ဗင်းရှင်းစင်တာရှိ Lat Prao မှာ ကျင်းပမှာ ဒုတိယပြပွဲအဖြစ် ပြသမှာဖြစ်ပါတယ်။ အခမ်းအနားကျင်းပရတဲ့ ရည်ရွယ်ချက်က အသေးစားကုန်ထုတ်လုပ်ရေး လုပ်ငန်းများကို ကုန်တိုက်ကြီးများ၊ လက်လီဆိုင်များ နဲ့ ကုန်သည်များအပါအဝင် စားသုံးသူကုမ္ပဏီကြီးများနဲ့ တွေ့ဆုံပေးဖို့ ဖြစ်ပါတယ်။

"ဒီပြပွဲနှစ်ပွဲရဲ့ ရည်ရွယ်ချက်က ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေသူတို့ထုတ်ကုန်တွေရောင်းချရာမှာ အကူအညီပေးဖို့ ဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

ထိုင်းစွန့်ဦးတီထွင်သူလုပ်ငန်းရှင်တွေက အရှေ့တောင်အာရှဒေသကို ဈေးကွက်ချဲ့ထွင်ဖို့ အခွင့်အလမ်းတစ်ခုရရှိမှာဖြစ်ပြီး အထူးသဖြင့် ဒီဈေးကွက်တွေထဲမှာ CLMV လို့ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတွေ ပါဝင်ပါတယ်။

သုံးလတာလှုပ်ရှားမှုကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် ပရာချာရပ်စီမံကိန်းကို ဦးစီးဆောင်ရွက်နေသူ ဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျာတူရှရီပီတက်က မတ် ၃ ရက်မှာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

ပရာချာရပ်စီမံကိန်းတွေက ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပြီး ရေတိုချမှတ်ထားတဲ့ ရည်မှန်းချက်တွေကို ရရှိလုနီးပါးအခြေအနေရှိနေပါပြီ။ ပြည်တွင်းစားသုံးမှုမြှင့်တင်ရေးနဲ့ နိုင်ငံစီးပွားရေးခိုင်မာရေးကို ဖော်ဆောင်ရန်အတွက် အဲဒီစီမံကိန်းကို ယခုနှစ် ဇန်နဝါရီ ကစတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

# အစိုးရအနေနဲ့ စွမ်းအင်ကဏ္ဍကို အလေးထား ဆောင်ရွက်ရန်လိုဟု အင်ဒိုနီးရှား သမ္မတ ပြော

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းနေချိန်မှာ အစိုးရအနေနဲ့ စွမ်းအင်ကဏ္ဍကို အထူးတလည် ဦးစားပေးဆောင်ရွက်ရန်လိုအပ်တယ်လို့ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို (ဂျိုကိုဝီ) က ဖေဖော်ဝါရီ ၂၉ ရက်က ပြောကြောင်း အန်တာရာနယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။

"အစားအစာနဲ့ စွမ်းအင်ကို အဓိကအာရုံထားပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့အချက်ကို ကျွန်တော်တို့ အမြဲတမ်း ပြောနေကြပါတယ်။ အစားအစာနဲ့ စွမ်းအင်က အဓိကကျောရိုးသဖွယ်ဖြစ်နေတဲ့အတွက် ဒီရည်မှန်းချက်ကိုရရှိအောင် ဆောင်ရွက်မယ်ဆိုရင်အခြေခံအဆောက်အအုံကို တည်ဆောက်ဖို့ လိုပါတယ်"လို့ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ရှုပြား ၃ ဒသမ ဝ၄ ထရီလီယံဖိုးရှိမဟာဗျူဟာမြောက်ဆောင်ရွက်ချက်များကို စစ်ဆေးပြီးနောက် သမ္မတက ပြောပါတယ်။

ရေနံဈေးနှုန်းတွေ ကျဆင်းနေချိန်မှာ စွမ်းအင်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ဖို့အတွက် လိုအပ်ပါက နိုင်ငံတော်ပိုင်ရေနံကုမ္ပဏီ ပါတာမီနာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သမ္မတက ဝန်ကြီးဌာနကို တိုက်တွန်းပါတယ်။ ပြည်တွင်းရေနံဈေးနှုန်းတွေတည်ငြိမ် ဖို့အတွက် ရေနံစိမ်းကိုဝယ်ယူဖို့လိုကြောင်း သမ္မတက တိုက်တွန်းပါတယ်။

"အနည်းဆုံးတော့ ကျွန်တော်တို့မှာ စတော့တွေ ရှိထားပြီးသားပါ။ ဒါကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုလုံးနဲ့ ဆိုင်တဲ့မဟာဗျူဟာကိုလည်း ကောင်းကောင်းချမှတ်ရပါမယ်။ ရေနံဈေးနှုန်းတွေ အဆမတန် ကျဆင်းနေချိန်မှာ စတော့ဈေးတွေ တည်ငြိမ်အောင် ကျွန်တော်တို့ ထိန်းသိမ်းရပါမယ်"လို့ သမ္မတက အတည်ပြုပြောကြားပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ရေနံချက်စက်ရုံတွေတည်ဆောက်ကြဖို့ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူတွေကို အဲဒီအခမ်းအနားမှာပဲ သမ္မတကတိုက်တွန်းပြောကြားပါတယ်။ ဒါ့ပြင် ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်နိုင်ဖို့အတွက် လက်ရှိရေနံချက်စက်ရုံတွေကိုပြင်ဆင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းတွေကို သမ္မတက တိုက်တွန်းပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဂျကာတာ

အင်ဒိုနီးရှားမှာ စီးပွားရေး လုပ်ငန်းဆောင်ရွက်လိုသူ ရင်းနှီး မြှုပ်နှံသူများ လုပ်ငန်းဆောင်ရွက်ရ လွယ်ကူစေရန်အတွက် ကြိုးပမ်းမှု တစ်ရပ်အဖြစ် အင်ဒိုနီးရှားအစိုးရက လမ်းညွှန်ချက်များ ရေးဆွဲခြင်းနဲ့ နည်းဥပဒေအမျိုးမျိုးကို ပြင်ဆင် ပေးလျက်ရှိကြောင်း မတ် ၃ ရက်က ပြုလုပ်တဲ့ ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးအပြီးမှာ စီးပွားရေးရာ ဝန်ကြီး ဒါမင်နာဆုရှင်းက ပြောပါ တယ်။

### ကွာလာလမ်ပူ

လျှပ်စစ်နဲ့ အီလက်ထရွန်းနစ် ထုတ်ကုန်များ၊ စားအုန်းဆီနဲ့ စားအုန်းဆီ အခြေပြုထုတ်ကုန်များ တင်ပို့မှုမြင့်တက်ခဲ့ပေမယ့် သဘာဝ ဓာတ်ငွေ့အရည် (LNG) နဲ့ ရေနံ စိမ်းတင်ပို့မှု ကျဆင်းခဲ့တဲ့အတွက် မလေးရှားနိုင်ငံရဲ့ ပြည်ပတင်ပို့မှုက ၂၀၁၆ ခုနှစ် ဇန်နဝါရီမှာ ယခင်နှစ် ကာလတူနဲ့ နှိုင်းယှဉ်ရင် ၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း မတ် ၄ ရက်က ထုတ်ပြန်တဲ့ စာရင်းအင်း ဌာနရဲ့ ကိန်းဂဏန်းများကို ကိုးကား ပြီး စတားအွန်လိုင်းသတင်းမှာ ဖော် ပြပါတယ်။

### မနီလာ

နိုင်ငံပိုင်ကော်ပိုရေးရှင်းများရဲ့ စီမံအုပ်ချုပ်မှုနဲ့ ပွင့်လင်းမြင်သာမှု ကို တိုးမြှင့်ပေးဖို့ ရည်ရွယ်ချက်ထားရှိ ပြီး ဖိလစ်ပိုင်အစိုးရ စီမံအုပ်ချုပ်မှု ကော်မရှင်က အစိုးရပိုင်နဲ့ အစိုးရ ကွပ်ကဲတဲ့ ကော်ပိုရေးရှင်းများကို စီမံအုပ်ချုပ်မှုဆိုင်ရာအကဲဖြတ်ချက် (Governance Evaluation) ပြုလုပ် သွားမှာဖြစ်ကြောင်း ဖိလစ်ပင်း စတားသတင်းမှာ ဖော်ပြပါတယ်။

### ဟိုချီမင်းစီးတီး

စီးပွားရေး ဖွံ့ဖြိုးမှုရည်မှန်းချက် ပြည့်မီဖို့နဲ့ ဗီယက်နမ်ပါဝင်ချုပ်ဆို ထားတဲ့ ကုန်သွယ်ရေးသဘောတူ စာချုပ်တွေအရ ကမ္ဘာ့စီးပွားရေးထဲ ကို ပေါင်းစည်းဖို့ ကြိုးစားမယ်ဆိုရင် ဗီယက်နမ်နိုင်ငံက စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ ဟိုချီမင်း စီးတီးမှာ မတ် ၃ ရက်က ကျင်းပတဲ့ နှီးနှောဖလှယ်ပွဲမှာ ဗီယက်နမ် စီးပွားရေးတက္ကသိုလ် ညွှန်ကြား ရေးမှူး ထရန်ဒင်သန်းက ပြော ကြောင်း ဗီယက်နမ်နယူးစ်သတင်း မှာ ဖော်ပြပါတယ်။

## East Asia

# ဂျပန်နိုင်ငံရဲ့ ဇန်နဝါရီအတွင်း အလုပ်အကိုင်ရရှိမှု ၂၄ နှစ် အတွင်း အမြင့်ဆုံးဖြစ်

ဇန်နဝါရီအတွင်း ဂျပန်နိုင်ငံမှာ အလုပ်အကိုင်ရရှိမှုက ၁ ဒသမ ၂၈ ဆ ရှိတဲ့အတွက် ၂၄ နှစ်အတွင်း အမြင့် ဆုံးနှုန်းကို ရောက်ရှိခဲ့ကြောင်း မတ် ၁ ရက်က ထုတ်ပြန်တဲ့ အစိုးရကိန်း ဂဏန်းများကို ကိုးကားပြီး နီကေး သတင်းမှာ ဖော်ပြပါတယ်။ အလုပ် အကိုင်ရရှိနိုင်မှုက ၁ ဒသမ ၂၈ ဆ ရှိတဲ့ အချက်က အလုပ်အကိုင်ရှာဖွေသူ ၁၀၀ ရှိပါက လစ်လပ်နေရာ ၁၂၈နေရာ ရှိတဲ့သဘောဖြစ်ပါတယ်။

ဇန်နဝါရီမှာ ရရှိခဲ့တဲ့အခြေအနေ က ၁၉၉၁ ခုနှစ် ဒီဇင်ဘာနောက်ပိုင်း အမြင့်ဆုံးအခြေအနေဖြစ်ပြီး ဟိုတယ်၊ စားသောက်ဆိုင်၊ ဆေးဝါးနဲ့ လူမှုရေး ကဏ္ဍတွေမှာ အလုပ်အကိုင်ဖန်တီးမှု အခြေအနေကောင်းမွန်နေတဲ့ အတွက် ကြောင့်ဖြစ်ကြောင်း ကျန်းမာရေး၊ အလုပ်သမားနဲ့ သက်သာချောင်ချိရေး ဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

အလုပ်လက်မဲ့နှုန်းက ဒီဇင်ဘာ မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိရာမှ ဇန်နဝါ ရီမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းသွားတဲ့အတွက် အခြေအနေ တိုးတက် ကောင်းမွန်လာကြောင်း အစိုးရက ထုတ်ပြန်တဲ့ သီးခြားအစီရင် ခံစာတစ်ခုမှာ ဖော်ပြပါတယ်။ ယခု နှုန်း က သုံးလပတ်အတွင်း အနိမ့်ဆုံးနှုန်း ဖြစ်ပါတယ်။

အလုပ်အကိုင်ရရှိမှု အခြေအနေ က တိုးတက်လာမယ့် အလားအလာ တွေ ရှိနေတယ်လို့ ပြည်တွင်းရေးရာနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိ တစ်ဦးက ပြောပါတယ်။

အလုပ်လက်မဲ့ အခြေအနေကို ကြည့်ရင် အမျိုးသားအလုပ်လက်မဲ့ က ဒီဇင်ဘာမှာ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ ရာမှ ဇန်နဝါရီမှာ သုည ဒသမ ၂ ရာခိုင် နှုန်း ကျဆင်းခဲ့ပါတယ်။ အမျိုးသမီး အလုပ်လက်မဲ့ဖြစ်မှုက ၂ ဒသမ ၉ ရာခိုင်နှုန်းအတိုင်းမပြောင်းလဲဘဲရှိခဲ့ပါ တယ်။ အလုပ်လက်မဲ့ အခြေအနေက ရာသီအလိုက် ညှိနှိုင်းထားတဲ့ ကိန်း ဂဏန်းများအရ ၄ ဒသမ ၁ ရာခိုင်နှုန်း ရှိပြီး လူဦးရေ ၂ ဒသမ ၁၂ သန်းရှိ ခဲ့ ပါတယ်။ အလုပ်အကိုင်ရရှိတဲ့ လုပ်သား ဦးရေက ၁ ရာခိုင်နှုန်း တိုးတက်ပြီး ၆၄ ဒသမ ၅၈ သန်းအထိရှိခဲ့ပါတယ်။

## EU

# ယူရိုဇုန် ထောက်ပံ့မှု မြှင့်တင်ပေးရန် အီးစီဘီအပေါ် ဖိအားပေးမှု မြင့်တက်



ဇန်နဝါရီအတွင်း ဥရောပသမဂ္ဂ တစ်ခုလုံး စီးပွားရေးကျဆင်းလာပြီး နောက်ပိုင်း အလူးအလဲရုန်းကန်နေရ တာကြောင့် ယူရိုဇုန်ကို တိုးမြှင့်ထောက် ပံ့ပေးရန် ဥရောပဗဟိုဘဏ် (European Centeral Bank -ECB) အပေါ် သို့ ဖိအားပေးမှုများကြီးထွားလာကြောင်း ဂါးဒီးယန်းသတင်းမှာ ဖော်ပြပါတယ်။

ဈေးနှုန်းတွေ ရုတ်တရက် ကျဆင်းလာတာကိုကြည့်ခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်းက အနုတ် သဘောဆောင်လာပြီး ယူရိုဇုန်တစ်ခု လုံးက အလုံးစုံငွေတန်ဖိုး ကြုံ့မှုနဲ့ ရင်ဆိုင်ရမယ့်အဖြစ်သို့ ဦးတည်နေ တာကိုပြသလျက်ရှိပါတယ်။ အီးစီဘီ က လာမယ့်သီတင်းပတ်ထဲမှာ ပြုလုပ် မယ့် အစည်းအဝေးမှာ ဈေးကွက် အတွင်းသို့ ငွေတွေဖြည့်ဆည်းပေးပြီး ဗဟိုဘဏ်အတိုးနှုန်းကိုလည်း သုည ရာခိုင်နှုန်းရောက်တဲ့အထိ ဆောင်ရွက် သွားလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

စွမ်းအင်ဈေးနှုန်းတွေ ကျဆင်းမှု က ဈေးနှုန်းတွေ ကျဆင်းရတဲ့နောက် ကွယ်ကအကြောင်းရင်းတစ်ခု ဖြစ်ပါ တယ်။ ဒါပေမယ့် စီးပွားရေးရဲ့ တခြား နယ်ပယ်မှာရှိနေတဲ့ ကုန်ဈေးနှုန်းရဲ့ ဖိအားပေးမှုကလည်း အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေပါတယ်။ ကုန် ဈေးနှုန်းကျဆင်းမှုရဲ့ လမ်းညွှန်အဖြစ် ယူဆထားတဲ့ ပင်မငွေကြေးဖောင်းပွမှု (Core Inflation) ကလည်းကျဆင်း နေပါတယ်။

ဈေးနှုန်း အတက်အကျများတဲ့ အစားအစာနဲ့ စွမ်းအင်တို့ကို ထည့်သွင်း တွက်ချက်ထားခြင်းမရှိတဲ့ Core Inflation က ဇန်နဝါရီ မှာ တစ်ရာခိုင် နှုန်းရှိရာမှ ယခုအခါ သုည ဒသမ ၈ ရာခိုင်နှုန်းရှိ မယ်လို့ ခန့်မှန်းထားပါတယ်။

ဘာသာပြန်သူ: ညဏ်တင်-စုစည်းတင်ပြသည်

## Middle East

# ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံရဲ့ ရေနံနဲ့ ဓာတုထုတ်ကုန်များအား ဥရောပသို့ တင်ပို့

ဇန်နဝါရီ ၁၆ ရက်မှာ အမေရိ ကန်ပြည်ထောင်စုနဲ့ ကုလသမဂ္ဂတို့က အီရန်နိုင်ငံအပေါ် ချမှတ်ထားတဲ့ စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုကို ရုပ်သိမ်းပြီးနောက်ပိုင်း ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ရေနံနဲ့ ဓာတု ထုတ်ကုန် ပထမသုတ်ကို ဥရောပသို့ အီရန်နိုင်ငံကတင်ပို့ခဲ့ကြောင်း အီရန် သင်္ဘောလိုင်း ညွှန်ကြားရေးမှူးချုပ် မိုဟာမက်ဆာအီးဒီရဲ့ ပြောကြားချက် ကို ကိုးကားပြီး တီဟီရန်တိုင်းသတင်း မှာဖော်ပြပါတယ်။

လာမယ့်ရက် အနည်းငယ် အတွင်း ဥရောပဆိပ်ကမ်းများသို့ တင်ပို့လိုက်တဲ့ ပစ္စည်းများရောက်ရှိ မှာ ဖြစ်ကြောင်း Tasnim သတင်း အေဂျင်စီက ဖေဖော်ဝါရီ ၂၈ ရက်က ပြောပါတယ်။ အီရန်သင်္ဘောလိုင်းများ အား စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုကို ဖယ်ရှားလိုက်ပြီဖြစ်လို့ အီရန် သင်္ဘောများမှာ ထုတ်ကုန်ပစ္စည်းများကို ဥရောပသို့ တင်ပို့ရန် ဆိပ်ကမ်းများသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဆာအီးဒီ ကပြောပါတယ်။

လက်တင် အမေရိကမှာရှိတဲ့ ဆိပ်ကမ်းတွေကို တင်ပို့နိုင်ဖို့အတွက် အစီအစဉ်တွေစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း ဂျာမနီနဲ့ အီတလီနိုင်ငံ တွေနဲ့ ပူးတွဲသင်္ဘောတင်ပို့ရေးကုမ္ပဏီ တွေထူထောင်မှုကို ရည်ညွှန်းပြီး သူက ပြောပါတယ်။ ဒီကုမ္ပဏီတွေက ဥရောပ မြောက်ပိုင်းနဲ့တောင်ပိုင်းနိုင်ငံတွေကို လည်း တင်ပို့ပေးသွားမှာ ဖြစ်ပါတယ်။

အီရန်သင်္ဘောလိုင်းမှာ သင်္ဘော စင်းရေ ၁၆၀ ရှိပြီး တင်ဆောင်နိုင်တဲ့ ပမာဏက တန်ငါးသန်းရှိတယ်လို့ ဆိုပါ တယ်။

တယ်။

"ကျွန်တော်တို့က သင်္ဘော အင်အားတိုးချဲ့ဖို့ ဆောင်ရွက်နေပါ တယ်။ ဒါကြောင့် သီတင်းတစ်ပတ်ကို နိုင်ငံခြားကိုယ်စားလှယ်အဖွဲ့ နှစ်ဖွဲ့ သုံးဖွဲ့နဲ့ ဆွေးနွေးနေပြီး နိုင်ငံအတွင်းမှာ သင်္ဘောတည်ဆောက်ဖို့ကိုပါ စဉ်းစား နေပါတယ်"လို့ ဆာအီးဒီက ပြောပါ တယ်။

## South Asia

# ဘတ်ဂျက်ပြုပြင်ပြောင်းလဲဖို့ ဖိအားပေးမှုတွေနဲ့ အိန္ဒိယအစိုးရ ရင်ဆိုင်နေရ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုက အာရှမှာ တတိယအကြီးဆုံးဖြစ်တဲ့ အိန္ဒိယစီးပွားရေးကို ထိခိုက်မှုရှိကြောင်း သတိပေးချက်များထွက်ပေါ်ပြီးနောက် ပိုင်း အိန္ဒိယအစိုးရက စီးပွားရေးဖွံ့ဖြိုး မှုကို မြှင့်တင်ပေးမယ့် အစီအမံများကို ချမှတ်ထားပြီး အခွန်စနစ်ကိုလည်း ပြုပြင်ပြောင်းလဲပေးကြရန် ဖေဖော်ဝါရီ ၂၉ ရက်ကထုတ်ပြန်ခဲ့ကြောင်း အေ အက်ဖ်ပီသတင်းမှာ ဖော်ပြပါ တယ်။

ယခင်နှစ်က ခွဲဝေလျာထားခဲ့တဲ့ ဘတ်ဂျက်နဲ့ ပတ်သက်ပြီးကဏ္ဍအသီး သီးမှတုံ့ပြန်မှုများက အေးတိအေးစက် ဖြစ်ခဲ့တဲ့အတွက် ယခုပေးအပ်ထားတဲ့ ကတိကဝတ်များနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးအပေါ်မှာ ဖိအား ပေးမှုများရှိခဲ့ပါတယ်။ ဝန်ကြီးချုပ် နရိန္ဒရာမိုးဒီရဲ့ အခွန်ကောက်ခံမှု အစီ အစဉ်မှာ ရှုပ်ထွေးခက်ခဲမှုတွေရှိနေတဲ့ အတွက် ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ အခက်အခဲ ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့် လွယ်ကူရှင်းလင်းအောင် ဆောင်ရွက်ပေးလိမ့်မယ်လို့ သူတို့က မျှော်လင့်ထားကြပါတယ်။ စီးပွားရေး လုပ် ဆောင်ရာမှာ လွယ်ကူမှုရှိအောင် အစီအစဉ်တွေကို ဝန်ကြီးချုပ် နရိန္ဒရာ မိုးဒီရဲ့ အစိုးရက ပီပီပြင်ပြင်ချမှတ် မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေကမျှော်လင့် ထားပါ တယ်။ လာမယ့်ရွေးကောက်ပွဲ မတိုင်မီ လုပ်ငန်းခွန်ကို ၃၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးဖို့ ဂျိတ် တလေက စောစောပိုင်းကတည်းက မူကြမ်းရေးဆွဲချမှတ်ထားပြီး ဖြစ်ပါ တယ်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုက ယခင်နှစ်နဲ့နှိုင်းယှဉ်ရင် စိန်ခေါ်မှုတွေ သိသိသာသာမြင့်တက်လာမှာ ဖြစ်တဲ့ အတွက် ၂၀၁၆-၁၇ ခုနှစ် ဘတ်ဂျက်ကို ရေးဆွဲတဲ့အခါ စီးပွားရေးဖွံ့ဖြိုးမှုကို အလေးပေးတဲ့ဘတ်ဂျက်အဖြစ်ရေးဆွဲ ဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနက ကတိပြု ထားပါတယ်။ ကုန်စည်ဈေးနှုန်းတွေ ပြိုကွဲကျဆင်းခြင်းနဲ့ အခြားထွန်းသစ်စ နိုင်ငံကြီးတွေရဲ့ ဈေးကွက်တွေမှာ စီးပွားရေးဆုတ်ကပ် ဖြစ်နေချိန်မှာ တရုတ်စီးပွားရေး နှေးကွေးကျဆင်း နေပေမယ့် အိန္ဒိယစီးပွားရေးကတော့ အထိုက်အလျောက်ကောင်းမွန် နေပါ တယ်။




ရေနံဈေးနှုန်းများ မြင့်တက်လာခြင်းနဲ့ အမေရိကန်စီးပွားရေး ကိန်းဂဏန်းများ မြင့်တက်မှုက ရင်းနှီးမြှုပ်နှံသူတို့ရဲ့ ယုံကြည်စိတ်ကိုမြှင့်တင်ပေးခြင်းတို့ကြောင့် ဒေါ်လာနဲ့ ဖလှယ်ရာမှာ ထွန်းသစ်စအာရှဈေးကွက်ရှိ ငွေကြေးတွေ မတ် ၄ ရက်က တန်ဖိုးမြင့်တက်လာတာကိုတွေ့ရပါတယ်။ စီးပွားရေးကိန်းဂဏန်းတွေ တိုးတက်လာတဲ့အတွက် အမေရိကန်ပြည်ထောင်စုရဲ့ အလုပ်သမားဈေးကွက် အခြေအနေလည်းကောင်းလာမယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက ယုံကြည်ထားပါတယ်။

ကုန်စည်ဈေးနှုန်းတွေ မြင့်တက်လာခြင်းနဲ့ တရုတ်ခေါင်းဆောင်တွေက ယွမ်ငွေတန်ဖိုး ပိုမိုတည်ငြိမ်လာအောင်ဆောင်ရွက်လိမ့်မယ်လို့ ရင်းနှီးမြှုပ်နှံသူတွေက မျှော်လင့်ထားတဲ့အတွက် ထွန်းသစ်စဈေးကွက်ရှိငွေကြေးတွေနဲ့ စတော့ဈေးကွက်တွေက အောက်တိုဘာနောက်ပိုင်းမှာ အကောင်းဆုံးအခြေအနေကိုရောက်ရှိစေခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်းမှာ နိုင်ငံခြားရန်ပုံငွေအဖွဲ့တွေက တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ) အိန္ဒိယနဲ့ ထိုင်းရှယ်ယာ ဈေးကွက်တွေထဲကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအသားတင် ဖြည့်ဆည်းပေးခဲ့ပါတယ်။

**တရုတ်ယွမ်**

ယွမ်တန်ဖိုးထပ်မံ မတည်မငြိမ်ဖြစ်မှာကို ရှောင်ရှားလိုတဲ့အတွက် ကမောက်ကမဖြစ်စေမယ့် မူဝါဒမျိုးကို တရုတ်ခေါင်းဆောင်များ က ချမှတ်မှာမဟုတ်ကြောင်းနဲ့ စီးပွားရေးအခြေခံတွေခိုင်မာနေဆဲဖြစ်တဲ့အတွက် ယွမ်တန်ဖိုး ဆက်လက်ကျဆင်းတော့မှာမဟုတ်ကြောင်း ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးတွေနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးတွေရဲ့ အစည်းအဝေးမှာ တရုတ်ဗဟိုဘဏ်ဥက္ကဋ္ဌကပြောကြားခဲ့ပါတယ်။

ယခု ရက်သတ္တပတ်အတွင်း ရှန်ဟဲယွမ်ငွေတန်ဖိုးက သုည ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**အိန္ဒိယရူပီး**

အိန္ဒိယဈေးကွက်ထဲကို ပြည်ပငွေကြေးတွေစီးဝင်လာမယ်လို့ ယုံကြည်တဲ့အတွက် ဒေါ်လာတွေကို ဆက်လက်ရောင်းချလာပါတယ်။ ဒါကြောင့်ဘဏ်အချင်းချင်း ငွေကြေးဖလှယ်ရေးဈေးကွက်မှာခြောက်ရက်ဆက်တိုက်မြင့်တက်ခဲ့တဲ့ ရူပီးငွေကြေးတန်ဖိုးက မတ် ၄ ရက်မှာလည်း သုည ဒသမ ၁၂ ရူပီးမြင့် တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ၂၂ ရူပီးနှုန်းရှိခဲ့ပါတယ်။

ပြည်တွင်းစတော့ဈေးကွက်အဖွင့်မှာ ပြည်တွင်းရှယ်ယာတန်ဖိုးတွေမြင့်တက်ခဲ့တဲ့အတွက် ရူပီးတန်ဖိုးကို အများကြီး အထောက်အကူပေးခဲ့ပေမယ့် ပြည်ပဈေးကွက်မှာ ဒေါ်လာတန်ဖိုး မြင့်တက်မှုကြောင့် ရူပီးတန်ဖိုးမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ထုတ်ပြန်တော့မယ့် အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်စီးပွားရေးကိန်းဂဏန်းတွေကို ကုန်သည်တွေက စောင့်ကြည့် အကဲခတ်နေကြပေမယ့် အမေရိကန်ပြည်ထောင်စု အလုပ်သမားဈေးကွက်အခြေအနေတိုးတက်မှုက အမေရိကန်စီးပွားရေးအလားအလာအပေါ် ယုံကြည်မှုရှိစေခဲ့တဲ့အတွက် မတ် ၃ ရက်က အမေရိကန်ဒေါ်လာရဲ့ တန်ဖိုးက ယန်းငွေနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၁၁၃ ယန်းဝန်းကျင်မှာ ရှိခဲ့ပါတယ်။

ဒေါ်လာ-ယန်း ဖလှယ်နှုန်းက မတ်လ ၂ ရက် ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ ၁၁၃ ဒသမ ၄၁ ယန်းနှုန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၁၄ ဒသမ ၂၄ ယန်းနှုန်းရှိခဲ့ရာမှနောက်တစ်နေ့မွန်းတည့်ချိန်မှာ တစ်ဒေါ်လာကို ၁၁၃ ဒသမ ၇၂ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုတန်ဖိုးက မတ် ၂ ရက်က နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၈၆၃ ဒေါ်လာနဲ့ ၁၂၃ ဒသမ ၂၄ ယန်းဖြင့် လည်းကောင်း တိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁ ဒသမ ၀၈၅၉ ဒေါ်လာနဲ့ ၁၂၄ ဒသမ ၀၆ ယန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို ၁ ဒသမ ၀၈၆၇ ဒေါ်လာနှုန်းနဲ့ ၁၂၃ ဒသမ ၅၉ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ရင်းနှီးမြှုပ်နှံသူတို့က ရင်းဂစ်ငွေကြေးကို ဝယ်ယူခြင်းနဲ့ စီးပွားရေးအပေါ် ယုံကြည်မှုမြင့်တက်လာခြင်းစတဲ့ အချက်များကြောင့် မတ် ၃ ရက်ကအတိုင်း ရင်းဂစ်ငွေကြေးတန်ဖိုးဆက်လက် မြင့်တက်လာအောင် အထောက်အကူပေးခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက မေ ၃ ရက်ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၃၁၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၁ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၁၂၈၀ ရင်းဂစ်နှုန်းသို့ ရောက်ရှိကာ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

တခြားထွန်းသစ်စငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ရေနံဈေးနှုန်း အတက်အကျသက်သာသွားပြီးနောက် ယခုရက်သတ္တပတ်စောစောပိုင်းက တောင်ကိုရီးယားရှယ်ယာဈေးနှုန်းပြန်လည်ကောင်းမွန်လာပြီး မတ် ၄ ရက်မှာ သုည ဒသမ ၁၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့ ကြောင်း လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

ငွေကြေးဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ဖလှယ်တဲ့အခါ ဝမ်ငွေကြေးတန်ဖိုးက ယမန်နေ့ကထက် ၁၁ ဒသမ ၂၀ဝမ်နှုန်းမြင့်တက်ကာ တစ်ဒေါ်လာကို ၁၂၀၃ ဒသမ ၄ ဝမ်နှုန်းဖြစ်ခဲ့ပါတယ်။

**ထိုင်းဘတ်**

ကမ္ဘာ့စီးပွားရေး ရှေ့အလားအလာ မြင့်တက်မယ်လို့ ခန့်မှန်းမှုကြောင့် ပြည်ပ ရန်ပုံငွေအဖွဲ့များက ထိုင်းစတော့များကို လက်ဝယ်ထားရှိမှုမြင့်မားလာတဲ့အတွက် ထိုင်းဘတ်တန်ဖိုးရဲ့ သီတင်းပတ်အလိုက်မြင့်တက်မှုက ဇန်နဝါရီနောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ မတ်လ ၄ ရက်မတိုင်မီလေးရက်အတွင်း ထိုင်းရှယ်ယာဈေးကွက်အတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုထံမှ အသားတင်ဝင်ရောက်ငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၂၄၀ ရှိခဲ့ပါတယ်။

ဘတ်ငွေတန်ဖိုးကလည်း ရက်သတ္တပတ်သုံးပတ် ကျဆင်းမှု ရပ်တန့်ကာ မတ် ၃ ရက်ညနေ ၄ နာရီ ၇ မိနစ်က သုည ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာ ကို ၃၅ ဒသမ ၄၁၈ ဘတ်နှုန်းရှိခဲ့ပါတယ်။ မတ်လ ၄ ရက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

ဘာသာပြန်- ညဏ်တင်-စုစည်းတင်ပြသည်

## ရင်းဂစ်တန်ဖိုးကျဆင်းမှု သက်သာစေရန် ရွှေမှာရင်းနှီးမြှုပ်နှံဖို့ မလေးရှားတို့ကို တိုက်တွန်း

ရင်းဂစ်ငွေကြေးတန်ဖိုးကျဆင်းမှုသက်သာစေရန်အတွက် မလေးရှားလူမျိုးတွေက မိမိတို့စုဆောင်းငွေရဲ့ ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းကို ရွှေကိုဝယ်ပြီး စုဆောင်းထားရန် လိုကြောင်းနဲ့ ယခုကဲ့သို့ စီးပွားရေးမရေမရာမှုတွေဖြစ်ပွားနေချိန်မှာ ရွှေကိုဝယ်ယူမြှုပ်နှံခြင်းက အရေးပါတဲ့အခန်းကဏ္ဍမှာ တည်ရှိနေကြောင်း Public Gold Marketing Sdn Bhd ကို စတင်တည်ထောင်သူနဲ့ ဥက္ကဋ္ဌဖြစ်သူ ဒါတွတ်ဝီရလူဝစ်အင်ချူးဟောရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဘာနားမားသတင်းမှာ ဖော်ပြပါတယ်။

"ရွှေဈေးနှုန်းက အပြည်ပြည်ဆိုင်ရာရွှေဈေးပေါ်မှာ အခြေခံပြီး အမေရိကန်ဒေါ်လာနဲ့သတ်မှတ်တာဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းရင်ရွှေကို စုဆောင်းထားတဲ့အတွက် အကျိုးရှိနိုင်ပါတယ်"လို့ "Gold as a Safeguard Against the Ringgit's Decline"ဆိုတဲ့ ခေါင်းစဉ်နဲ့ပြုလုပ်တဲ့ နှီးနှောဖလှယ်ပွဲမှာ သူကသတင်းထောက်တွေကို ပြောပါတယ်။

ယခုနှစ်အတွင်းမှာ ဒေါ်လာနဲ့ရင်းဂစ်ဖလှယ်နှုန်းက အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၀ ရင်းဂစ်နှုန်းရှိရာမှ ၄ ဒသမ ၅၀ ရင်းဂစ်နှုန်းအထိ ဒေါ်လာတန်ဖိုးမြင့်တက်ပြီး ရင်းဂစ်တန်ဖိုး ကျဆင်းနိုင်ပါတယ်။ ဒီလိုဖြစ်လာရင် ရွှေတန်ဖိုးက မြင့်တက်လာနိုင်ပါတယ်။

"ကမ္ဘာ့စီးပွားရေးအားနည်းနေတာရယ်၊ နိုင်ငံခြားဗဟိုဘဏ်တွေက ဘွန်းစာချုပ်ရင်းနှီးမြှုပ်နှံမှုတွေကို ရွှေဘက်ကိုပြောင်းရွှေ့မြှုပ်နှံလာကြတာတွေကြောင့် ကမ္ဘာ့ ရွှေဝယ်လိုအားအပေါ် ကြီးမားတဲ့ဂယက်ရိုက်ခတ်မှုကို ဖြစ်ပေါ်စေခဲ့ပါတယ်" လို့ သူကပြောပါတယ်။ ငွေကြေးစာချုပ်စာတမ်းတွေမှာ ရင်းနှီးမြှုပ်နှံရတာက ရှုပ်ထွေးခက်ခဲတဲ့အတွက် ရွှေမှာရင်းနှီးမြှုပ်နှံရတာ ပိုမိုလွယ်ကူကြောင်းလည်း သူကပြောပါတယ်။

## ဂျီ-၂၀ အစည်းအဝေးနောက်ပိုင်း စီးပွားရေးဝန်ထုပ်ဝန်ပိုးက ဗဟိုဘဏ်များပေါ်သို့ကျရောက်လာ

ရှန်ဟဲမြို့မှာ ကျင်းပတဲ့ အစည်းအဝေးမှာ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူလာစေရန်အတွက် ရဲ့ရင့်တဲ့ခြေလှမ်းများဖြင့် ဆောင်ရွက်ရန် ဂျီ-၂၀ ခေါင်းဆောင်များ အချင်းချင်း သဘောတူညီမှုမရနိုင်တဲ့အတွက် စီးပွားရေးဝန်ထုပ်ဝန်ပိုးက ဗဟိုဘဏ်များအပေါ်သို့ပြန်လည်ကျရောက်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေးစတင်ဖွံ့ဖြိုးတိုးတက်ရန် နှစ်ပေါင်းများစွာကြိုးပမ်းပြီးနောက် ငွေကြေးမူဝါဒတွေမှာ ထိရောက်တဲ့လက်နက်ကိရိယာမရှိတော့ဘဲ အနာဂတ်မှာ ကျင့်သုံးမယ့်ငွေကြေးလှုံ့ဆော်တွန်းအားပေးမှုဝါဒတွေကလည်း ပြန်လည်ဒုက္ခပေးလာမှာကိုဘဏ်လုပ်ငန်းရှင်များနဲ့ ထိပ်တန်းဘဏ္ဍာရေးအရာရှိများက စိုးရိမ်လာကြပါတယ်။

"ဘဏ္ဍာရေးမူဝါဒရော ငွေကြေးမူဝါဒတွေအားလုံးက နောက်ဆုံးကန့်သတ်ချက်ကို ရောက်နေပါပြီ။ နိုင်ငံစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင်တော့ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ကလွဲပြီး ဖြတ်လမ်းဆိုတာမရှိပါဘူး"လို့ ဂျာမန်ဘဏ္ဍာရေးဝန်ကြီး ဝုလ်ဖ်ဂန်ရှွန်းဘလားက ဂျီ-၂၀ အစည်းအဝေးမှာ ပြောပါတယ်။

ကမ္ဘာပေါ်မှာဖြစ်ပေါ်နေတဲ့ စွန့်စားမှုအန္တရာယ်တွေကို တိုက်ထုတ်မယ်ဆိုရင် ငွေကြေးမူဝါဒတစ်ခုတည်းနဲ့ မလုံလောက်ဘူးဆိုတာကို ဂျီ-၂၀ ခေါင်းဆောင်တွေက အတည်ပြုပါတယ်။ ဒါပေမယ့် တိကျတဲ့မူဝါဒတွေချမှတ်ခြင်းမရှိခဲ့ပါဘူး။ သာမန်သမားရိုးကျ ကတိကဝတ်တွေကိုသာ ပေးခဲ့ပါတယ်။

ဆွစ်ဇာလန်၊ ဆွီဒင်နဲ့ ဒိန်းမတ်ရှိ အသေးစားဗဟိုဘဏ်တွေက အတိုးနှုန်းတွေကို အဆမတန်လျှော့ချနေပါတယ်။

ဝန်ရံခ CAR SALE CENTER

UN YAN KHA SERVICES COMPANY LINITED

" မှန်ကန်သော စေတနာ၊ ပြည့်ဝသော အရည်အသွေး၊ ထိုက်တန်သော ဈေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှု "တို့ဖြင့်
ဝန်းရံခ ကားအရောင်းစင်တာမှ လူကြီးမင်းတို့ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။

၂၀၀၉ မော်ဒယ်နှင့် အထက်ကားများကိုလဲ ရိုးမဘဏ်နှင့် ချိတ်ဆက်ပြီး (၁၂)လ ငွေပေးချေ စနစ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဝန်းရံခ ကားအရောင်းစင်တာမှ ဝယ်ယူသူ မိတ်ဟောင်း/မိတ်သစ်များအား အထူးကျေးဇူးတင်ရှိပါသည်။




လိပ်စာ - အမှတ်(၁)၊ ဗဟိုလမ်းမကြီး၊ လှိုင်ရတနာပရိယတ္တိစာသင်တိုက်ဘေး၊ ဘုတာရုံလမ်းနှင့် ပါရမီလမ်းကြား၊ သံလမ်းမှတ်တိုင်အနီး၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၈၆၃၈၅၅၅၊ ၀၉-၇၃၇၃၈၅၅၈၅၊ ၀၉-၅၀၃၁၄၈၀၊ ၀၉-၅၀၂၂၅၇၇၊ ၀၉-၉၇၇၁၀၉၈၉၃

# THU THU HAN THAR CO.,LTD.

| | | | | |
|---|---|---|---|---|
| Mitsubishi Canter Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC<br>Gasoline ---- သိန်း<br>- 3000 CC<br>Diesel 135 သိန်း | Mitsubishi Canter Pick up (10ft)<br>Manual (2005 - 2010)<br>- 2000 CC<br>Gasoline 140 သိန်း<br>- 3000 CC/ 5000 CC<br>Diesel 165-180 သိန်း | Toyota Dyna Double Cab (10ft)<br>Manual (2005 - 2008)<br>- 2000 CC (1.5 Ton အောက်)<br>Gasoline -------- သိန်း<br>- 2500 CC (1.5 Ton အောက်)<br>Diesel 135 သိန်း | Toyota Dyna Pick up (10ft) (MDY)<br>Manual (2005, 2006, 2007, 2008)<br>- 2000 CC (1.5 Ton)<br>Diesel 155 သိန်း<br>Gasoline 130 သိန်း | Mitsubishi Canter Pick up (14-15ft)<br>Manual (2006 - 2007)<br>- 5000 CC (3 ton - 3.5 ton)<br>Diesel 220-240 သိန်း<br>ရှေ့လေး နောက်လေး တန်ကြီး |
| Nissan Vanette/ Mazda Bongo<br>Manual (2005-2010)<br>- Gasoline 850kg 125 သိန်း<br>1000 kg 120-135 သိန်း<br>- Diesel 850kg 115-130 သိန်း<br>1000kg 130-140 သိန်း | Daihatus Hijet (PS, AC) ဖာ<br>- Manual (2005 - 2010)<br>68 သိန်း-75 သိန်း<br>- Auto (2005)<br>75 သိန်း | Daihatsu Hijet (MDY)<br>(Box)<br>Auto (2009)<br>650 CC<br>Petrol, PS, AC,<br>2WD<br>75 သိန်း | Subaru Sambar (MDY)<br>Manual (2005-2008)<br>650CC, Petrol<br>PS, AC, 4WD<br>60-65 သိန်း | Subaru Sambar (YGN)<br>(Box)<br>(2007)<br>650CC, Petrol<br>PS, AC<br>70 သိန်း |

လက်ကားဈေးဖြင့်လည်း ဝယ်ယူနိုင်ပါသည်။

Autocom Japan ကားကုမ္ပဏီသို့ ငွေလွှဲလက်ခံသည်

ရန်ကုန်ရုံး - L-3(A)၊ နွယ်သာဂီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (မြဝတီဘဏ်ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၈၆၃၉၈၊ ၆၈၃၅၇၂၊ ၆၈၃၆၄၄၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၇၅၀၁၂၉၃၄၊ ၀၉ ၇၉၅၀၁၂၉၃၄၊ ၀၉ ၂၅၄၃၇၀၂၀၉
Email : okcashewnut1@hotmail.com

ရန်ကုန်ရုံးခွဲ - အမှတ်(၁၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁၀၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၁၁၂၈၀၁၉

ထားဝယ်ရုံးခွဲ - အမှတ်(၁၅/၁၇)၊ ကမြောကင်းလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့။ ဖုန်း - ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၂၂၀၁၁၈၃

"OK" သီဟိုဠ်စေ့ရောင်းဝယ်ရေး

အမှတ်(၅/၃က)၊ နွယ်သာကီလမ်း၊
ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ : ၀၁-၆၈၃၆၄၄၊ ၆၈၆၃၉၈၊ ၆၈၃၅၇၂
📱 : ၀၉-၅၀၁၂၉၃၄၊ ၀၉၉၇-၅၀၁၂၉၃၄
၀၉-၂၅၄၃၇၀၂၀၉

E-mail : okcashewnut1@hotmail.com
okcashewnut@myanmar.com.mm




# ဂုဏ်ယူဝမ်းမြောက်ခြင်း

jrefrmEkdifiHom;rsm;bPf vDrdwuf\ (18)ckajrmufbPfcGJ(2)pfaom
ajrmufOuúvmybPfcGJudk 1-3-2016 &uf aeYwGif
atmifjrifpGmzGifhvSpfEdkifcJhonftwGuf txl;yifOrf;ajrmuf'Pf,lyg;aumif;ESifh
qwufxrf;ydkí atmifjrifygapaMumif;
qkEGaumif;awmif;tyfygonf

၁) ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး
Capital Diamond Star Group Co.,Ltd.

၂) ဒေါ်မိုးမိုး
JDS Co.,Ltd.

၃) ဒေါ်အေးစန္ဒာလွင်
Pac Link Trading Ltd.

၄) ဦးလှဦး
Director, Good Brother's Co.,Ltd.

၅) ဦးထွန်းလွင်
MD, Shwe Me Co.,Ltd.

၆) ဦးအုန်းဆိုင်
Director, New Golden Gate (1991) Co.,Ltd.

၇) ဦးအောင်အောင်
IT Consultant, Athar Oo Co.,Ltd.

၈) ဦးမောင်မောင်တင်
MD, Farmer Phoyarzar Group of Co.,Ltd.

၉) ဦးဇေယျသူရမွန်
CEO, Zeya and Associates Co.,Ltd.

၁၀) ဦးကျော်ကျော်ဦး
MD, Steel King Co.,Ltd.

၁၁) ဦးအောင်မြင့်သန်း
Director, GZTB Int'l Co., Ltd.

